# ဓထာ သိမ်တော် ထေရဝါဒ

# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## သာသနဝိပ္ပတ္တိခေတ်ကြီးသာ များရှိနေကြခြင်း

သာရကမ္ဘာ ဘုရားတဆူပွင့် လျှပ်စစ်တလက်လင်းသည်။
မဏ္ဍကမ္ဘာ ဘုရား ၂-ဆူပွင့်လျှပ်စစ် ၂-လက်လင်းသည်။
ဝရကမ္ဘာ ဘုရား ၃-ဆူပွင့် လျှပ်စစ် ၃-လက်လင်းသည်။
သာရမဏ္ဍကမ္ဘာ ဘုရား ၄-ဆူပွင့် လျှပ်စစ် ၄-လက်လင်းသည်။
ဘဒ္ဒကမ္ဘာ ဘုရား ၅-ဆူပွင့် လျှပ်စစ် ၅-လက်လင်းသည်။

လျှပ်စစ်အလင်းမရှိသော အချိန်ကာလကြီးဟာ၊ အမှောင်ကြီးအမိုက်ကြီးပါဘဲ။ သာသနာအလင်းဟာ၊ လျှပ်စစ်တပြက်ခန့်လောက်သာလင်း၍ အမှောင်ခေတ်ကြီး များလှစွာသည်။ တနည်း၊ ယခုဘဒ္ဒကမ္ဘာဟာ ဘုရားအပွင့် အများဆုံးပါဘဲ။ အဲဒီဘဒ္ဒကမ္ဘာတောင် ကကုသန်ဘုရား သာသနာအလင်းဟာ လေးသောင်းမျှသာ၊ ကျန်-အန္တရကပ် အမှောင်ကာလ များလှစွာ၏။ ကောဏာဂုဏ်ဘုရားသာသနာအလင်းဟာ၊သုံးသောင်းမျှသာလင်းသည်။ မှောင်မိုက်ချိန်ကာလ များလှစွာ၏။ ကဿပဘုရားသာသနာအလင်းဟာ၊ နှစ်သောင်းမျှသာ လင်းသည်။ ကျန်-ခေတ်ကာလ အမှောင်ခေတ်ကြီးတည်း။ ဂေါတမဘုရား

# နိဒါန်း

သာသနာအလင်းဟာ ငါးထောင်မျှသာ လင်းသည်။ ကျန်-ခေတ်ကား အမှောင်ခေတ်ကြီးသာတည်း။ အရိမိတ္တေယျဘုရား သာသနာ ရှစ်သောင်းမျှသာ လင်းသည်၊ ကျန်-ခေတ်ကား အမှောင်ခေတ်ကြီးသာတည်း။ ။တနည်း၊ ဘဒ္ဒကမ္ဘာမှာ အန္တရကပ်ပေါင်း (၂၅၆)ကပ်ရှိသည်၊ဘုရား ငါးဆူပွင့်လို့ အန္တရကပ်ပေါင်း(၂၅၅)ကပ် မိုက်မှောင်၍ အန္တရကပ် (၁)ကပ် လောက် သာသနာလင်းလျှင် တော်ပါသေး၏၊ ယခုမှာငါးဆူပွင့်တာတောင်မှ အနှစ်ပေါင်း (၁၇၅၀၀၀) တသိန်းခုနှစ်သောင်း ငါးထောင်သာလင်း၍ အန္တရကပ်ပေါင်း (၂၅၅)နှင့် အာယုကပ်ပေါင်းများစွာ မှောင်မိုက်၍ အလင်းမရဘဲ ကာလ်းနေကြရသည်။ လေးသင်္ချေနှင့်ကမ္ဘာတသိန်းတွင်လည်း၊ (၁) ဒေလအသင်္ချေလုံး မိုက်မှောင်ကျ၍ နေခဲ့၏၊ (၂) ဘာသအသင်္ချေလုံး မိုက်မှောင်ကျ၍ နေခဲ့၏၊ (၃) ဇယအသင်္ချေလုံး မိုက်မှောင်ကျ၍နေခဲ့၏၊ (၄)ရူစိယအသင်္ချေလုံး မိုက်မှောင်ကျ၍နေခဲ့၏၊ ၂၈-ဆူမို့ ၂၈-ကြိမ် လျှပ်ရောင်လင်းခဲ့ပါသည်။

မှောင်မိုက်ကြီးငါးပါးသိထားကြရန်လင်္ကာ

ကမ်၊ ခမ်၊ ပစ်၊ လက်၊ နိဗ် ငါးချက် ဖုံးဝှက်အမိုက်ငါး။

ကမ္မသကတ၊သမ္မောမှောင်ကြီး ကံ၊ ကံ၏အကျိုးမသိခြင်း။
ခမ္မသမ္မောဟ၊ မှောင်ကြီး ရုပ်နာမ်မတွေ့မသိခြင်း။
ဗစ္စယသမ္မောဟ၊မှောင်ကြီး ကြောင်းကျိုးမတွေ့မသိခြင်း
လက္ခဏာသမ္မောဟ၊မှောင်ကြီး လက္ခာရေးဥပါးမတွေ့မသိခြင်း
နိဗ္ဗာနသမ္မောဟ၊မှောင်ကြီး နိဗ္ဗာန်ကိုမတွေ့မသိခြင်း။

# နိဒါန်း

## သာသနာ့သမ္ပတ္တိခေတ်ကြီး ပေါ်လာပါပြီ

အလင်းရောင်ငါးပါးသိထားကြရန်လကာ်။

ကမ်ဓမ်၊ပစ်၊လက်၊နိဗ်ငါးချက်၊ ပေါ်ထွက်အလင်းငါး။

| | |
|---|---|
| ကမ္မဿကတာဝိဇ္ဇာ အလင်းရောင် | ကံ၊ ကံ၏အကျိုးသိခြင်း။ |
| ဓမ္မဝ ဝတ္ထာနဝိဇ္ဇာ အလင်းရောင် | ရုပ်နာမ်တွေ့ခြင်း။ |
| ပစ္စယဝ ဝတ္ထာနဝိဇ္ဇာ အလင်းရောင် | ကြောင်းကျိုးတွေ့ခြင်း။ |
| လက္ခဏာဝ ဝတ္ထာန အလင်းရောင် | လက္ခဏာရေး တွေ့ခြင်း။ |
| နိဗ္ဗာနဝ ဝတ္ထာန အလင်းရောင် | သန္တိပဒနိဗ္ဗာန်တွေ့ခြင်း။ |

စာသားဖြစ်သော (အရိယာဖြစ်ပုံ စာစောင်)၌၊ အသိပေါင်း၊ အတွေ့ပေါင်းများစွာ ရေးသား၍စုစည်း ထည့်ထားပါသည်။ ကြည့်ရှုတော်မူကြပါလေ။

အရိယာဖြစ်ပုံကိုဥပမာပြရသော်။ သားကလေးတယောက်ကို ရှင်ပြုလို၍ ဆရာဘုန်းတော်ကြီးထံသို့ အပ်တော့။ ဆရာဘုန်းတော်ကြီးက သင်္ကန်းတောင်းကို ရွတ်စေ၍ သရဏဂုဏ်ပေး၍ ၁၀-ပါးသီလ၊ လိင် ၁၀-ပါး၊ ဒါဏ် ၁၀-ပါး၊ စုဒ္ဒသခန္ဓက၊ သေခိယကို အကျင့်ခိုင်း၍ ကျင့်သော်။ ထိုကလေးဟာ၊ ရှင်အဖြစ်သို့ရောက်တော့၏။ [၁၀-ပါးသီလ၊ လိင် ၁၀-ပါး၊ ဒါဏ် ၁၀-ပါး၊ စုဒ္ဒခန္ဓက၊ သေခိယ ၇၅-ပါးတည်ပြီးကျင့်နေလို့ ရှင်သာမဏေဟုခေါ်ရပါသည်။]

# နိဒါန်း

ဥပမာ။ ရဟန်းလောင်း တပါးကိုလည်း သိမ်သို့သွင်း၍ ဥပသမ္ပဒာကမ္မဝါစာဖြင့် သမုတ်ရာ ၂၂၇-သွယ်သော သိက္ခာပုဒ်များတည်ရသဖြင့် ရဟန်းဖြစ်ရပါသည်။ ဤအတူပင် ပုထုဇဉ်ပုဂ္ဂိုလ်ဟာလဲ ဝိပဿနာတဲ့ရားကို အားထုတ်။ ပရိညာ၊ ဝိသုဒ္ဓိ၊ ဉာဏ်စဉ်၊ ဗောဓိပက္ခိယဝင်၍ စူဠသောတာပန်ဖြစ်ရ၊ မဇ္ဈိမသောတာပန်ဖြစ်ရပါသည်။ မဂ်ဉာဏ်ဝင်သာတော့ မဂ်အရိယာပုဂ္ဂိုလ်ဖြစ်ရပါသည်။ ဒြပ်နှင့်မဆိုင်ပါ၊ သဏ္ဌာန်နှင့်မဆိုင်ပါ၊ ရရှိတဲ့တရားနဲ့သာဆိုင်ပါသည်။

## အချုပ်ရှင်းလင်းသိစေရသော်

ဒိဋ္ဌိ ဝိစိ၊ ခွါနိုင်လျှင်သောတာပန်ပါဘဲ။

ကာမရာဂဗျာပါဒ၊ ခေါင်းပါးလျှင် သကဒါဂါမ်ပါဘဲ။

ရာဂ၊ ဒေါသခွါနိုင်လျှင် အနာဂါမ်ပါဘဲ။

အကုသိုလ်၊ ကိလေသာခွါနိုင်လျှင် ရဟန္တာပါဘဲ။

၎င်းတို့ဟာ ဒြပ်နှင့် သဏ္ဌာန်နှင့် ပုံစံနှင့် အထည်နှင့်မဆိုင်ပါ၊ ရရှိသောတရားကြောင့်သာ အရိယာလေးမျိုး၊ ရှစ်မျိုးဖြစ်ကြရပါသည်။ မြင်ရုံနှင့်သိရတယ်ဆိုတာမဟုတ်နိုင်ပါ။ (သတိ)။

# ပထမ

# မဟာဒသိမ်တော်ဘုရားစာ

## (၁) ဝိနည်းနယ်က၊ ဓါတ်ကြီးလေးပါး

ရဟန္တာလာဝါဒသုတ်တော်၊ ပထဝီဓါတုံခေါ် ပါဠိမူတည်၍ ယူကြပုံမှာ။--

ဆရာတဦးက သဏ္ဍာယဒိဋ္ဌိခွါ၍ပြသည်မှာ၊ မြေမှုန့်ကိုယူ၍ ဟောဒီမြေမှုန့်ဟာ ပထဝီပါဘဲ။ ပထဝီဓါတ်၌ ငါမရှိ၊ သူမရှိ၊ ဒိဋ္ဌိမရှိပါ ဒိဋ္ဌိကွာပါရောဗျား။

ရေကိုခပ်ပြီးတော့ ဟောဒီရေဟာအာပေါပါဘဲ။ အာပေါဓါတ်၌ ငါမရှိ၊ သူမရှိ၊ လူမရှိ၊ နတ်မရှိ၊ ဗြဟ္မာမရှိ၊ ဒိဋ္ဌိမရှိပါ။ ဒိဋ္ဌိကွာပါရောဗျား။

ယပ်နဲ့လေခပ်ပြီး ဟောဒီလေဟာ ဝါယောဓါတ်ပါဘဲ။ ဝါယောဓါတ်၌ ငါမရှိ၊ သူမရှိ၊ လူမရှိ၊ နတ်မရှိ ဗြဟ္မာမရှိ၊ ဒိဋ္ဌိမရှိပါ၊ ဒိဋ္ဌိကွာပါရောဗျား။

ဆေးလိပ်မီးကိုပြ၍ ဟောဒီမီးဟာ တေဇောဓါတ်ပါဘဲ။ တေဇောဓါတ်၌ ငါမရှိ သူမရှိ၊ လူမရှိ၊ နတ်မရှိ၊ ဗြဟ္မာမရှိ၊ ဒိဋ္ဌိမရှိပါ၊ ဒိဋ္ဌိကွာပါရောဗျားဟု ယုတ္တိယုတ္တာနှင့် ဟန်ကြပန်ကြ ဟောပြလေဟည်။

ဆရာခင်က။ ။အို-ဆရာခင်ဗျား၊ ဆရာ ပြောတာ ဟာ ဝိနည်းနယ်က ဓါတ်ကြီးလေးပါးနဲ့ ဒိဋ္ဌိခွါတာဗျ။ ကျွန်တော် ပြောပြပါဦးမည်၊နားစိုက်တော်မူပါဦး။

မဟာပထဝီမြေကြီးဟာ ၂၄၀၀၀၀-အထုရှိပါတယ်။ ဒီပထဝီ၌ ၂၆-ပါး ဒိဋ္ဌိမရှိပါ။

ရေ၊ အထုကြီးဟာ ၄၈၀၀၀၀-ရှိပါတယ်၊ ဒီ အာ ပေါ၌ ၂၆-ပါး ဒိဋ္ဌိမရှိပါ။

ကမ္ဘာမီးဟာ ရေထုမှာစ၍ အထက်သို့ အာဘဿရာဘုံ အောက်အထိရှိပါတယ်။ ဒီတေဇောဓါတ်၌ ငါငါ့၊သူသူ့၊လူလူ နတ်နတ်ဒိဋ္ဌိမကပ်ပါ။ ၂၆-ပါးဒိဋ္ဌိမရှိပါ။

လေအထုဟာ ၉၆၀၁၀၀-ရှိပါတယ်။ ဒီဝါယော၌ ၂၆-ပါး ဒိဋ္ဌိမရှိပါ။

အဲဒီဒိဋ္ဌိခွါနည်းဟာဝိနည်းဓါတ်လေးပါးနဲ့ ဒိဋ္ဌိခွါတာပါ၊ အဓိသီလတန်းပါ။ ဝီတိက္ကမဒိဋ္ဌိသာ ခွါတာပါ၊ တဒင်္ဂမျှသာ ဒိဋ္ဌိခွါတာပါ။ ဆရာပြတဲ့ဓါတ်ကြီးလေးပါး၌၊ သမူဟ၊ ဃန၊ သဏ္ဌာန၊ သန္တတိ၊ နာမပညတ်တွေ ပါရှိနေတာမို့၊ အဘိဓမ္မာ ဓါတ်ဘုရားသို့ မရောက်သေးပါ။ (ပညတ္တိံ ထပေတွာ၊ နိဗ္ဗတ္တိတ ဗရမတ္ထဝသေန၊ ဝိသေသေန၊ ဝိဝိဓါဝါ ပဿတီတိဝိပဿနာ။) ဟူသော ဝိသုဒ္ဓိမဂ် မဟာဋီကာ ပါဠိနှင့်ရှင်း၊ သမ္မုတိထပေတွာ ဗါဠိနှင့်ရှင်း၊ ပညတ္တိသမ္မုတိက္ကမိတွာ၊ သဘာဝေဝရေဝ၊ စိတ္တံ သံတိဋ္ဌတိ ဟူသော ပါထေယျအဋ္ဌကထာနှင့်ရှင်း မညီသေးပါ၊ မကိုက်သေးပါ ပညတ်ရုပ်နာမ် မလွတ်သေးပါ။

## (၂) သုတ္တန်နယ်က ဓါတ်ကြီးလေးပါး

ဒုတိယဆရာက၊ ဓါတ်လေးပါးနဲ့ ဒိဋ္ဌိကိုခွါ၍ ပြသည်မှာ ကေသာလောမာစသော ပထဝီဓါတ်-၂ဝ၌ ဒိဋ္ဌိ ၂၆-ပါးမပါ။ ပိတ္တံစသော အာပေါဓါတ် ၁၂-ပါး၌ ၂၆-ပါးမပါ။ ပါစကစသော တေဇောဓါတ် ၆-ပါး၌၊ ဒိဋ္ဌိ ၂၆-ပါးမပါ။ ဥဒ္ဓင်္ဂမစသော ဝါယောဓါတ် ၆-ပါး၌ဒိဋ္ဌိ ၂၆-ပါးမပါဟု အကျဉ်းရော၊ အလတ်ရော၊ အကျယ်ရော၊ ဟောပြလေသည်။

ဆရာခင်က။ ။အို ဆရာခင်ဗျား၊ ဆ ရာ ပြော တာဟာ သုတ္တန်နယ်က ဓါတ်ကြီးလေးပါးပါ။ အဓိစိတ္တတန်းသာ ရှိပါသေးတယ်။ ဇရိယဋ္ဌာန ကိလေသာဒိဋ္ဌိကိုခွါတာပါ။ ဝိက္ခမ္ဘန ပဟာန်ဖြင့် ဒိဋ္ဌိခွါတာပါ။ အနုသယဒိဋ္ဌိမသေသေးပါ။ ပညတ္တိထပေတွာ စသောပါဠိနှင့်မညီသေးပါ၊ သမ္မုတ္တိထပေတွာ ပါဠိနှင့်လဲ မညီသေးပါ။ ပညတ္တိသမ္မုတိက္ကမိတွာ သဘာဝေဝယေဝ၊ စိတ္တံ၊ သံတိဋ္ဌတိ ဟူသော ပါဠေယျ အဋ္ဌကထာနှင့်မညီသေးပါ။ ပညတ်ငါးပါးမလွတ်သေးပါ။

## (၃) အဘိဓမ္မာနယ်က ဓါတ်ကြီးလေးပါး စိန္တာမယ

(၁) မြေခြောက်ဟာ ကျမ်းတယ်၊ မာတယ်၊ရေနဲ့စိမ်တော့ ပျော့ပြောင်းတယ်၊ ကက္ခဠပထဝီမှ သုခုမပထဝီဖြစ်ပုံ။ (၂)သစ်ရွက်ဟာ စိမ်းစိုတယ်၊ နေ၌ လှမ်းတော့ ခြောက်ခမ်းသွားတယ် မဟုတ်လား။ အာပေါဓါတ်သဘော အနိစ္စ။ (၃)ဘယ်အရာ ဝတ္ထုမဆို ပူမှုဖြစ်စေ၊ မှေ့ဖြစ်စေ၊ သဘောတခုခုရှိမြဲပါ။ အဲဒါ

တေဇောဝေါ၊ (၄)သစ်ပင်အကိုင်းများ အရွက်များ လှုပ်ရှားတာဟာ ဝါယောဓါတ် လေးပါကိုပြောပြန်ရာ၊

ဆရာခင်က၊ ၊အို ဆရာခင်ဗျား၊ ဆရာ ပြောတာ ဟာ အဘိဓမ္မာ ဓါတ်သဘောပေမဲ့ ကိုယ်တွေ့ အထိ၊ အသိ၊ အမိ အရကာ်း မဟုတ်သေးပါဘူးခင်ဗျား၊ ကြံစည်တဲ့၊ စိတ်ကူးတဲ့၊ တွေးတောတဲ့ ဆင်ခြင်တဲ့၊ စိန္တာမယ၊ ဝိတက်သိသာရှိပါသေးတယ်ခင်ဗျ၊ ပညာသိမဟုတ်၍ ဝိပဿနာဟု မဆိုရသေးပါ၊

(စိန္တာမယညာဏဂေါစရော၊ ယောအာကာရ ပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာနက္ခန္တိဟိ၊ဂဟေတဗ္ဗာကာရော ဝိမုတ္တာယတနဝိသေသော ဝဋ္ဋိပတ္တိသဒ္ဓမ္မောတိ ဝုစ္စတိဆိုတဲ့။)နေတ္တိအဋ္ဌကထာက၊ဝိတက်သိ စိန္တာမယအသိမို့ ဝိပဿနာဟု မခေါ်ရသေးပါ၊ ကိုယ်တွေ့သဲ မဟုတ်သေးပါဟု ကန့်ကွက်တော့သည်၊

(၄) အဘိဓမ္မာဓါတ်ကြီးလေးပါး သုတမယ

ပထဝီဓါတု ကက္ခဠသဘော၊ သုခုမသဘောရှိသော ပထဝီဓါတ်၊

အာပေါဓါတု ပဂ္ဃရဏ၊ ပဗန္ဓနသဘောရှိသော အာပေါဓါတ်၊

တေဇောဓါတု ပါစက၊ ဥဏှ သဘောရှိသော တေဇောဓါတ်။

ဝါယောဓါတု၊ စလနသဘောရှိသော ဝါယောဓါတ်၊ ဤသို့စာသဘော၊ အသိသဘော ရောက်ရင်ကော အမှန်အဟုတ် လားဗျာ၊

ဆရာခင်က။ ။အို-ဆရာခင်ဗျား။ ဆရာယခုပြောနေတာ ဟာ အာစာရပါဠိအရ၊ ကျမ်းဂန်အရ၊ ဒေသနာအရမို့ သုတ မယအသိတာရှိပါသေးတယ်။ ကိုယ်တွေလဲမဟုတ်၊ မထိရ၊ မမိ ရသေး၍ ဝိပဿနာမဟုတ်သေးပါဘူးဗျာ။

[သုတမယ ဉာဏအဂေါစရော၊ ယောပရိယတ္တိ သဒ္ဓမ္မောတိ ဝုစ္စတိ] ဆိုတဲ့ နေတ္တိအဋ္ဌကထာအရ ပရိယတ္တိအသိမျှသာ ရှိပါ သေးတယ်။

(၅) အဘိဓမ္မာဓါတ်ကြီးလေးပါး အတ္တအသိ

လက်ကိုလက်ဘဖက်ဖြင့်အသာသာသေးစမ်းစမ်းကြည့်ပါလေ။ စမ်းစမ်း ကြည့်တော့၊ မာတာ၊ နူတာက ပထဝီ သဘောပါ။ ချွေးလိုစီးထန်းထန်းက အာပေါသဘောပါ၊ ပူတာ-တောက တေဇောသဘောပါ၊ နှိပ်လိုက်ဘော့ပိန့်သွားတယ်။ လွှတ်လိုက် တော့ ဖေါင်းလာတယ်၊ အဲဒါဝါယောသဘောပါ။ အဲဒီလို လက်တွေ့ကိုယ်တွေ့ ထိထိ မိမိ သိသိရှိရှိ တွေ့ရတော့ ဓါတ်ကြီး လေးပါးကိုယ်တွေ့မဟုတ်ပါလားဗျာဟု ဟောပြန်ရာ။

ဆရာခင်က။ ။အဲဒါဟာလဲ (ကေတ္တာ၊ နာနတ္တာ၊ အဗျာပါ ရ၊ ဇာံဓမ္မတာ) ဆိုတဲ့နည်းလေးပါးဖြင့်ဝေဖန်ရာ။ ဆရာ့နည်းဟာ ဗျာပါရမို့၊ ကြောင့်ကြ စိုက်ရတာမို့၊ စမ်းသပ် ပေးရတာမို့ အတ္တဖြင့်တွေ့တာပါ။ ဝိပဿနာမဟုတ်ရသေးပါဘူးဗျာ။

(၆) အဘိဓမ္မာဓါတ်လေးပါး အနတ္တနှင့်တွေ့ရပုံ

သမထဖြစ်အောင် ငယ်ထိပ်၌ စိတ်ကိုအာရုံ ပြုထားတော့ သမာဓိရလာသည်။ သမာဓိရလျှင် ခန္ဓာထဲ၌ ပူလာ၊ လော၊

ယားလာ၊ နာလာ၊ တောင့်လာ၊ တင်းလာနှင့် များစွာသော သဘောတရားတို့ကို တွေ့ရပါသည်။ ပေါ်ပေါ်လာတာက ရုပ်ဓါတ်ပါဘဲ၊ သိသိနေတာက နာမ်ဓါတ်ပါဘဲ။ အဲဒီဓါတ်လေးပါးဆိုဘာ ရုပ်ပါများလာတော့ ရေချိုးရင်းလဲတွေ့ရ၊ ကွမ်းစားရင်းလဲတွေ့ရ၊ ဆေးလိပ်သောက်ရင်းလဲတွေ့ရနှင့် အရာရာတိုင်းတွေ့ရပါသည်။ အဲဒါမှ သူ့အလိုလိုပေါ်တာမို့ အနတ္တနှင့်တွေ့ရတာပါ။ အဲဒါကို (ဝိပဿနာဉာဏဒိဿဟာဂတော၊ ဘာဝနာမယဉာဏဂေါစရော၊ ယောပဋ္ဌိဝေဓ သဒ္ဓမ္မောတိဝုစ္စတိ) ဆိုတဲ့ နေတ္တိအဋ္ဌကထာအတိုင်း၊ အဲဒါမှဝိပဿနာဉာဏ် အစစ်အမှန် ဖြစ်ပါတော့သည်ဟု ဦးခင်ကပြောပြန်ရာ ဆရာအားလုံးကဗင် ဝန်ခံသွားတော့သည်။

ဓါတ်ကြီး ၄-ပါးရှုပွါးနည်း ၆ မျိုးပြချက်ပြီး၏။

## ဝိပဿနာ ရုပ်နာမ် ရှာနည်း၊ ရှုနည်း

ခန္ဓာကိုယ်ဝယ် စိတ်မပြေးအောင်၊ စိတ်တည်ကြည်အောင် ငယ်ထိပ်ဘနေရာ၌ ဒင်္ဂါးတကွက်စာမျှလောက်၌ စိတ်ကိုထား၍ သတိပြုနေပါ။ အတော်ကြာတော့ ခန္ဓာကိုယ်ထဲမှ ရုပ်ဘရား ပေါ်ပေါ်လာတတ်ပါသည်။

(က) တေဇောဓါတ်ရုပ်များပေါ်၍လာသောအခါ၊ ပူပူ၊ ဧေ၊ နွေးနွေး၊ ရှိန်ရှိန်၊ အခိုးထွက် အပူထုတ်သလို ၆-မျိုးမျှ ပေါ်ပေါ်ပြပြနေတတ်ပါသည်၊ရှုပါလေ။ (ခ) အာပေါဓါတ်များပေါ်၍ လာသောအခါ၊ စီးထန်း၊ စီးထန်း၊ ချွေးယိုသလို

မျိုးမျှပေါ်ပေါ်ပြပြနေတတ်ပါသည်။ (ဂ) ဝါယောဓါတ်ရုပ်များပေါ်၍ လာသောအခါ၊ ရှေ့သို့ညွတ်၍လှုပ်ခြင်း၊ လက်ဝဲလက်ျာသို့ညွတ်၍လှုပ်ခြင်း၊ နောက်သို့ညွတ်၍ တွန်းသကဲ့သို့လှုပ်ခြင်း၊ အသားလှုပ်သကဲ့သို့ ရိုးရိုးလှုပ်ခြင်း၊ ကြောက်သွေးတုံသကဲ့သို့လှုပ်ခြင်း၊ယိမ်းယိုင်၍လှုပ်ခြင်း၊မြေလျှင်ကဲသို့လှုပ်ခြင်း၊ ခုန်၍လှုပ်ခြင်း၊ ရင်ထဲကတလှုပ်လှုပ်လှုပ်ခြင်း၊ ရင်ထဲက တဒိတ်ဒိတ်လှုပ်ခြင်း ၁၁-မျိုးမျှ ပေါ်ပေါ် ပြပြ နေတတ်ပါသည်။ (ဃ) ပထဝီ ဓါတ်ရုပ်များ ပေါ်၍လာသောအခါ။ ရှရှ၊ မှမှ၊ တောင့်တောင့်၊ တင်းတင်း၊ ထိုင်းထိုင်း၊ မှိုင်းမှိုင်း၊ အုံတုံတုံ၊ ခေါင်းကြီးကိုယ်ကြီး လေးလေးလံလံ ကြပ်ကြပ်၊ ထုံထုံ ကြင်ကြင်၊ စစ်စစ်ဟူ၍ ၁၃-မျိုးမျှ ပေါ်ပေါ်ပြပြနေတတ်ပါသည်။ ရှုဘော့ကာ ပေါ်Xသိ၊ ပေါ်Xသို၊ ပေါ်သိနှင့်ဘဲ ရှုရှုနေပါ။ ပေါ်တာကရုပ်ဘဲ၊ သိဘာကနာမ်ဘဲဟူ၍ နောက်မှ ခွဲပါလေ။ ပေါ်တာရုပ်ကအရင်မို့ အကြောင်း၊ သိတာနာမ်ကနောက်မို့ အကျိုး၊ အဲဒါလိုရုပ်နာမ်ကွဲတာက (နာမရူပ၊ ပရိစ္ဆေဉာဏ်ကိုရပုံ) ရုပ်အကြောင်း-နာမ်အကျိုးကိုတွေ့ရတာက ပစ္စယပရိဂ္ဂဟဉာဏ်ရပုံ၊ ၂-ဉာဏ်ရ၍ အရိယာနယ်မြေ၌ အခြေခိုင်ခိုင်စိုက်မိပါတော့သတည်း။)

ရုပ်တရား၊စိတ်တရား၊စေတသိက်တရား၊ ရှုပုံ၊ရှုပုံမှာ

နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ ခန္ဓာကိုယ်မှာ သတိထားရှာတော့။ ခန္ဓာကိုယ်ထဲမှ ဧေ၊ ပူပူ၊ ယားယား၊ စူးစူး၊ နာနာ၊ ကြင်ကြင်၊ ကိုက်ကိုက်၊ ခဲခဲ၊ လေးလေး၊ လံလံ၊ တောင့်

တင်း၊ ထိုင်းမှိုင်း၊ အုံတုံတုံ၊ ရှိန်ရှိန်၊ ရှိန်းရှိန်း၊ ဖြိုးဖြိုးဖျင်းဖျင်း၊ တင်းကြပ်ထူထဲခြင်းစသော ရုပ်ပေါက်ပြန်မှုတို့ဟာ များစွာပြ၍ နေပါသည်။ ပရမတ်သက်သက်ပေါ်ပုံတည်း။ (ငါ၊သူ၊လူ၊နတ် စသောအမှားဒိဋ္ဌိတွေခွါ ပြီးသားတွေ့ရပါသည် ဒိဋ္ဌိကွာပုံပါဘဲ)

နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ ခန္ဓာကိုယ်မှာ သတိထားရှုတော့ ခန္ဓာကိုယ်ထဲမှ မြင်သိ၊ ကြားသိ၊ နံသိ၊ လျှက်သိ၊ ထိသိ၊ ကြံစည်သိဆိုတဲ့ စိတ်ပရမတ်များကို ပရမတ် သက်သက်နဲ့ တွေ့ရပါသည်။ စိတ်တရား များ၌ ငါ, သူ, လူ, နတ် စသောအမှားဒိဋ္ဌိတွေခွါပြီးသားပေါ်ပါသည်။ ဒိဋ္ဌိကွာပုံဘဲ။

နံနက် ၆-နာရီမှ ညနေ ၆-နာရီအထိ ခန္ဓာကိုယ်မှာသတိထားရှုတော့။ ခန္ဓာကိုယ်ထဲမှ လောဘ လိုချင်မှု ဒေါသ စိတ်ဆိုးမှု၊ မောဟ တွေဝေမှု၊ ဣဿာ ငြူစူမှု၊ မစ္ဆရိယ ဝန်တိုနှမြောမှု၊ မာန မာန်ထောင်မှု၊ ထိနမိဒ္ဓ ငိုက်မြည်းမှု၊ ဝိစိကိစ္ဆာ ယုံမှားမှု၊ ကုက္ကုစ္စ ပူပန်မှု၊ သဒ္ဓါ ယုံကြည်မှု၊ သတိ အောက်မေ့မှု၊ ဝေဒနာ ခံစားမှု၊ သညာ မှတ်မှု၊ ပညာ ထိုးထွင်းသိမှု စသော စေတသိက် ၅၂-ပါးတို့ဟာ ပရမတ်သက်သက် အနေနှင့် ပေါ်ပေါ် ပြပြ နေပါသည်။ (ငါ၊သူ၊လူ၊နတ်စသော ဒိဋ္ဌိခွါပြီးသား ပေါ်ပေါ် နေပါသည်။ ဒိဋ္ဌိကွာပုံတည်း။)

ပေါ်တာကရုပ်ဘဲ၊ သိတာကနာမ်ဘဲ (နာမရူပ ပရိစ္ဆေဒ ဉာဏ်ရပုံတည်း။)

ပေါ်တာရုပ်အကြောင်း။ သိတာနာမ်အကျိုး (ပစ္စယပရိဂ္ဂ

ဟုဉာဏ်ရပုံတည်း) ၎င်းနှစ်ဉာဏ်ကို ရလျှင် အရိယာမြေဦးအခြေ တည်မိပါလေပြီ။

## စုဠသောတာပန်ထူထောင်နည်း

သထုံမြို့ ကမ္ဘာလုံးသမ္မာသမ္ဗုဒ္ဓ သာသနာပြုရေးနှင့် ဓမ္မပုံးတောင်းလှည့် အသင်းကြီး၏ နာယကအရှင် ဂုဏ်ဝံသရေး သံဃာ့ရှင်းတမ်းကျမ်းစာ နံပါတ် ၄၅၊ကြောင်းရေ ၁၂ ၌၎င်း။ လယ်တီဆရာတော်ရေးသောမနုဿုပက္ခာဒီပနီကျမ်းစာနံပါတ် ၅၈၊ ကြောင်းရေ ၁၉ ၌၎င်း တွေ့ရသည်မှာ—

ဘာဝနာကို ပွါးများကြကုန်လော့ဟူရာ၌ ဝိပဿနာ ဘာဝနာ ပွါးများရပုံကိုပြပေအံ့၊ ၎င်းဝိပဿနာ ဘာဝနာ၌လည်း နာမရူပ ပရိစ္ဆေဒ ဉာဏ်မျှကိုသာ အကျဉ်းပြပေအံ့၊ မသိတတ်သည်ကားရုပ်တဲ၊ သိတတ်သည်ကား နာမ်တဲဟူ၍မှတ်လင့်ဦး၊ ရုပ်ကား ပြောမှု မာမှု၊ ဖွဲ့မှု၊ ယိုစီးမှု၊ ပူမှုအေးမှုစသော ဓါတ်ကြီးလေးပါးတို့သာတည်း၊ မြေ၊ ရေ၊ လေ၊ မီး ဤဓါတ်ကြီးလေးပါးဟူသော ရုပ်တရားတို့ကို ပိုင်းခြား၍ တွေ့မြင်ရလျှင် ဤသာသနာတော်၌ အမြစ်စိုက်၍သွားပါပြီ၊ မြဲသောဂတိရှိသောကြောင့် စူဠသောတာပန်အဖြစ်သို့ရောက်ပါပြီဟု ဝိဘင်း အဋ္ဌကထာခေါ် သမ္မောဟ ဝိနောဒနီ အဋ္ဌကထာက ဗျာဒိတ်ပေးထားပါသည်။ ဤဓါတ်ကြီးလေးပါး တို့သည်။ ရုပ်ခပ်သိမ်းတို့၏ အချုပ်အချာအဓိပတိပင်တည်း။

နာမ်ဟူသည်ကား၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ ဟူ၍လေးပါးရှိ၏။ ခွဲပြရလျှင် စေတသိက် ၅၂-ပါးထဲက ဝေ

ဒနာက ဝေဒနက္ခန္ဓာပါတဲ့၊ သညာက သညက္ခန္ဓာပါတဲ့၊ ကြွင်း စေတသိက် ၅၀-က သင်္ခါရက္ခန္ဓာပါတဲ့၊ စိတ် ၆-ပါး၊ ၈၉-ပါး ၁၂၁-ပါးက ဝိညာဏက္ခန္ဓာပါတဲ့။ ဤလေးပါးကို နာမက္ခန္ဓာ လေးပါးဟုခေါ်ပါသည်။ ဤနာမက္ခန္ဓာလေးပါးသည်။ နာမ် တရားခပ်သိမ်းတို့၏ အချုပ်အချာတည်း၊ အဓိပတိတည်း၊ ဤ ရုပ်နာမ်နှစ်ပါးကို အလင်းပေါက်သော ယောဂီပုဂ္ဂိုလ်သည် (ကိုယ်တွေ့ရရှိထားသောယောဂီဖြစ်သည်ဟုဆိုပါသည်) နာမ ရူပ ပရိစ္ဆေဒဉာဏ်ကိုရရှိ ဝိသုဒ္ဓိ ၇ ပါးထဲက ဒိဋ္ဌိဝိသုဒ္ဓိကို ရရှိ တော့၏၊ ပဓာနိယင်္ဂငါးပါးထဲက ပညာပါဟူသော ပဓာနိယင်္ဂ ကိုရရှိတော့၏၊ ထို့ကြောင့်ပင် ဂတိမြဲတဲ့ စူဠသောတာပန်ဘဝ သို့ရောက်တော့သတည်း။

စူဠသောတာပန်ကူထောင်နည်းပြီး၏။

ရန်ကုန်မြို့ ဗုဒ္ဓသာသနာ့ ပရိယတ္တိသာသနာပြု အဖွဲ့ချုပ်
ကြီး၏နာယက၊ နိုင်ငံတော်အစိုးရ
ကမ္မဋ္ဌာနစရိယ၊ ဆရာတော် ညဏာစာရီမဟာထေရ်
စီရင်ရေးသားအပ်သည့်

## ပဋ္ဌာန်း ၂၄-ပစ္စည်း ကိုယ်တွေ့နည်း

(၁) ရုပ်နာမ်တွေ့ချင်လို့အားထုတ်ထာကဟေတုပစ္စယော၊ (၂) ပေါ်တာကိုအာရုံပြုရှုနေထာက အာရမ္မဏပစ္စယော။ (၃) ဥပမာ။ တွေ့အထဲမှာ အဋ္ဌကလာပ်ရုပ် ၈-ပါးပါရှိသော်လည်း

တောသာအဓိပတိနှင့်တွေ့ရလို့ အဓိပတိပစ္စယော။ (၄) ပူပျက်ပေါ်၊ ပျက်ယားပေါ်နှင့် တခုပြီးတခုပေါ်ပေါ်နေတာက အနန္တရပစ္စယော။ (၅) ပူပေါ်သိ၊ပေါ်သိနှင့် အသိလဲ တခု ပြီးမှတခုပေါ်သို့ပေါ်သိနေတာက သမနန္တရပစ္စယော။ (၆) ပေါ်သို့ပေါ်သိနှင့် ရုပ်နာမ် တွဲတွဲဖြစ်နေတာက သဟဇာတပစ္စယော။ (၇) ရုပ်ကြောင့်နာမ်သိ နာမ်ကြောင့် ရုပ်ပေါ်ဖြစ်၍နေတာက အညမညပစ္စယော။ (၈) ပေါ်တဲ့ရုပ်ကိုမှီ၍ နာမ်ကသိရသည် နိဿယပစ္စယော။ (၉) ရှေးရှေးက ပါရမီအတိုင်း ခါတ်ပေါ်လာတာက ဥပနိဿယပစ္စယော။ (၁၀) တော့တော ဇောကအရင်ပေါ်ပေးလို့ နာမ်ကသိသည် ပူရေဇာတပစ္စယော (၁၁) နောက်မှ ဖြစ်တဲ့ နာမ်က ပြုပြင်ပေးလို့ ရုပ်တရား သန့်ရှင်း ရသည်။ ပစ္ဆာဇာတ ပစ္စယော။ (၁၂) ပေါ်တော့ အသိနာမ်ဇော ၇-ကြိမ်ဖြစ်လာသည်။ ဇော ၇-ကြိမ်၌ ပထမကဒုတိယဇောကို၊ ဒုတိယဇောက တတိယဇောကို အားပေးတာက အာသေဝနပစ္စယော။ (၁၃) ဝိပဿနာရှုတဲ့ကံကြောင့် ခါတ်ပေါ်ခြင်းအကျိုးကိုရလာသည်၊ကမ္မပစ္စယော။ (၁၄) ခါတ်ပေါ်တဲ့အကျိုးကြောင့်ရှုပွါးခြင်းကုသိုလ်ကံများလာပြန်သည်။ ဝိပါကပစ္စယော။ (၁၅) ကံအာဟာရ၊ ဝိညာဉ်အာဟာရ၊ စေတသဓ္ဓေတနာအာဟာရ၊ ဖဿာဟာရအာဟာ ရ၄-ပါးတပါးပါး ကြောင့်။ ဝိပဿနာရှု၍နေနိုင်သည်။ အာဟာရပစ္စယော၊ (၁၆) သဒ္ဓါတရားအားကြီးကြီးနှင့်အားထုတ်တာက ဣန္ဒြိယပစ္စယော။ (၁၇) ပေါ်သိပေါ်သိနှဲ့ရှုနေသော်အကုသိုလ်မဝင်နိုင်တာက ဈာ

နုပစ္စယော။ (၁၈)ပေါ်သိ, ပေါ်သိနှင့်ရှူ၍နေတော့ ဒိဋ္ဌိ,ဝိစိလဲ ကွာ၍ နိဗ္ဗာန်ဘက်သို့တဖြေးဖြေးသွားနေတာက မဂ္ဂပစ္စယော။ (၁၉)စိတ်ဖြစ်ထိုင်း စေတသိက်များပါပါနေတာက သမ္ပယုတ္တပစ္စယော။ (၂၀)နာမ်ဘာသာ ရုပ်ကိုသိတယ်။ ရုပ်က နာမ်ကို မသိဘဲ မတွဲဘာ မယှဉ်တာက ဝိပ္ပယုတ္တပစ္စယော။ (၂၁)လူ၏ စိတ်၌ခါတ်ပေါ်ဘော့ အနိစ္စသိ၊ ဒုက္ခသိ၊ အနတ္တသိတဲ့ ဉာဏ် ပညာရှိနေတယ် အတ္ထိပစ္စယော။ (၂၂) ပရမတ်ကိုရှု၍ နေရာမှ ပညာတ်ဝင်လာတော့ ဆက်ဆက်ရှု၍ နေတော့၊ ပညတ်မှန်း ပရမတ်မှန်းသိတဲ့ဉာဏ်ပညာမရှိလို့ နတ္ထိပစ္စယော။ (၂၃)ဥပမာ လူမှာရွှေ,ငွေရတနာမရှိလို့ဒုက္ခရောက်တယ်။ လူနတ်ဗြဟ္မာမှာလဲ ဝိပဿနာမရှိလို့ အပါယ်ကျခံရတယ်။အဲဒါဝိဂတပစ္စယောဘဲ။ (၂၄)ဥပမာ လူမှာ ရွှေ,ငွေ ရတနာနှင့် လယ်မြေယာရှိလို့ကြံ သမျှ လုပ်သမျှ ပြီးစီးအောင်မြင်ရတယ်။ လူ,နတ်,ဗြဟ္မာမှာလဲ ဝိပဿနာရှိလို့ ဘုံစဉ်စံရတယ်။ အပါယ်တံခါး ပိတ်ရတယ်။ ၄၇-ဆင့်ရသွားတယ်။ မဂ်,ဖိုလ်,နိဗ္ဗာန်အထိ တက်စ-တက်လယ် တက်ဆုံးအထိ ရောက်ရတယ်ဆိုတာ အဝိဂတပစ္စယော။ ။ဤ ၂၄-ပစ္စည်းဘား လူပြိန်းသိ၊ လူညံ့သိဘို့ရန် ကိုယ်တွေ့သဘော နှင့်အနှိမ့်ဆုံး အတန်းက ယောဂီတွေသိဘို့သာ ရေးသားရခြင်း ဖြစ်ပါဘော့သည်။ ဒါထက် ပညာစွမ်း ဉာဏ်စွမ်း ရှိကြပါလျှင် (ဂမ္ဘီရ၊ဒုဒ္ဒသံ၊သုခုမံ၊နိပုဏံ၊သဏှ၊အတက္ကာဝစရံ ပဏ္ဍိတဝေဒနီယံ ဒုဝိနိစ္ဆိတံ၊ဒုဇာနံပဗောတံ။)တို့ထိအောင်။ တက်ကြပွါးကြအရ ယူနိုင်ကြပါစေကုန်သတည်း။

## ပဋိစ္စသမုပ္ပါဒ်ကိုယ်တွေ့ရပုံ

(၁) အဝိဇ္ဇာဆိုတာ ဓါတ်လေးပါး၊ ရုပ်နာမ် ၂-ပါးကို မတွေ့တာပါဘဲ။ မသိတာပါဘဲ။ တနည်း၊ သစ္စာလေးပါးနှင့် ရှေ့စွန်း၊ နောက်အစွန်း၊ ရှေ့နောက်စွန်း၊ ပဋိစ္စသမုပ္ပါဒ်ကို မသိသော မောဟပါဘဲ။ဓါတ်ကိုနာမ်ကသိတော့ တွေ့ရတော့ ဆိုင်ရာဝိဇ္ဇာမောဟ ကွာသွားပါပြီ။(၂)သင်္ခါရဆိုတာ ကုသိုလ်နှင့်အကုသိုလ်ပါဘဲ။ ၎င်း ၂-ပါးကို တွေ့ကြ သိကြပါပြီ။ (၃) ဝိညာဉ်ဆိုတာ မြင်သိ၊ ကြားသိ နံသိ၊ လျှက်သိ၊ ထိသိ၊ကြံစည်သိခြင်း ၆-ပါးပါဘဲ။ (၄)နာမ်ရုပ်ဆိုတာ ပေါ်တဲ့ဓါတ်နဲ့သိတဲ့နာမ်ပါဘဲ။(၅)သဠာယတနဆိုတာ စက္ခု သောတ၊ဃာန၊ဇိဝှာ၊ ကါယ မနပါဘဲ၊(၆)ဖဿ ဆိုတာတွေ့ ပူတွေးယါးတွေ့စသော အတွေ့မျိုးမျိုးပါဘဲ။ (၇) ဝေဒနာဆိုတာ ချမ်းသာခံစားခြင်း ဆင်းရဲခံစားခြင်း၊ဥပေက္ခာခံစားခြင်းပါဘဲ။ (၈)တဏှာဆိုတာ အရာရာလိုချင်ခြင်း လောဘပါဘဲ။(၉)ဥပါဒါန် ဆိုတာ စွဲလန်းတာပါဘဲ။မရလျှင်မနေနိုင် အလိုကြီးခြင်း ပြင်းပြခြင်းမအောင့်နိုင်ခြင်းဘဲ။ (၁၀) ဘဝဆိုတာ ကုသိုလ်ကံ၊ အကုသိုလ်ကံ၊ ကမ္မဘဝနှင့်ရုပ်ဖြစ်ထာနာမ်ဖြစ်ထာ ဥပပတ္တိဘဝပါဘဲ။(၁၁)ဇာတိဆိုတာရုပ်နာမ်တို့ ထင်ထင်ရှားရှားကြီးဖြစ်ပေါ်၍လာတာပါဘဲ။ (၁၂) ဇရာဆိုတာ ရင့်ရော်အိုမင်းခြင်းပါဘဲ။ (၁၃) မရဏဆိုတာရုပ်နာမ်တို့ပျက်စီးခြင်းပျောက်ခြင်းပါဘဲ။(၁၄)သောကဆိုတာစိုးရိမ်ခြင်း။ (၁၅) ပရိဒေဝငိုကျွေးခြင်း။ (၁၆)ဒုက္ခဆိုတာဆင်းရဲခြင်း။ (၁၇)ဒေါမနဿဆိုတာ စိတ်မချမ်းသာခြင်း။

(၁၈)ဥဗ္ဗယာခသဆိုတာ ပြင်းပြစွာ စိတ်ပူပန်ခြင်း။ အဲဒီ ပဋိစ္စ သမုပ္ပါဒ် ၁၂-ပါး၊ ၁၈-ပါးတွေဟာ ပေါ်ပေါ် နေသားဘဲ။ သတိမထား တရားမဖြစ်၊ သတိထား တရားအစစ်ပါ။ တွေ့ အောင်ရှာကြပါလေ။

## ဗောဓိပက္ခိယတရား ၃၇-ပါးတွေ့ရပုံ။

## သတိပဋ္ဌာန်း လေးပါး ကိုယ်တွေ့

တရားကို အားထုတ်တော့ ပေါ်ပေါ်နှင့် တွေ့ရသည်။ တောကိုခံစားသည်၊ တောကိုသိသိနေသည်။ တောကိုဘဲ၊ ရှုရှုနေ သည်။ အဲဒါဝဋ္ဋိပတ္တိ နည်းတည်း။ ပရမတ်သက်သက်တည်း။ နာမပညတ် ပရိယတ် မပါသေးပါ။ ကိုယ်တွေ့ပဋိပတ်ကို နာမ ပညတ် ပရိယတ်နှင့်နာမည်မှည့်ရသော်၊ တောကိုသတိထားထား နေတာက ကာယာနုပဿနာ သတိပဋ္ဌာန်ဘဲ။ ခံစားခြင်းကို သတိထားတာက ဝေဒနာနုပဿနာ သတိပဋ္ဌာန်ဘဲ။ သိသိနေ တာကို သတိထားတာက စိတ္တာနုပဿနာ သတိပဋ္ဌာန်ဘဲ။ ရှုရှု နေတာကို သတိထားတာက ဓမ္မာနုပဿနာ သတိပဋ္ဌာန်ဘဲ။ ဤသို့လျှင် ခေါ်တ် တခုထဲပေါ်တော့ သတိပဋ္ဌာန် ၄-မျိုးလုံး တွဲတွဲပြီးပါရှိနေပါသည်။

## သမ္မပဓါန်လေးမျိုးကိုယ်တွေ့

တရားကို အားထုတ်တော့ သံသရာလဆန်း တရက်နေ့က စပြီး ဝင်ဝင်နေတဲ့အကုသိုလ်ကိလေသာဒိဋ္ဌိ,ဝိစိ,အပါယ်တွေဝါ ချုပ်ဆုံး ကုန်ခမ်းရတော့သည်။ အဲဒါက၊ ဥပ္ပန္နာခန်၊ ပါပကာခန်

မဟာနာယဝါယမော ဆိုတဲ့၊ ပါဠိအရပင်တည်း။ တရားကို အားထုတ်တော့ မဖြစ်ရသေး မဝင်ရသေးသော အကုသိုလ် ကိလေသာ ဒိဋ္ဌိဝိစိအပါယ်တွေပါ ဖြစ်ခွင့်မရဘဲ ကုသိုလ်ဖြစ်၍ သာနေပါသည်။ အဲဒါကတော့ အနုပ္ပန္နာနံ၊ ပါပကာနံ၊ အနုပ္ပါ ဒါယဝါယမော အရပါဘဲ။ တရားကိုအားထုတ်တော့ မဖြစ်ရ သေးသော ပရိညာ ဝိသုဒ္ဓိဉာဏ်များ အသစ်အဆန်းကို ရလျက် နေတော့သည်။ အဲဒါကတော့ အနုပ္ပန္နာနံ၊ ကုသလာနံ၊ ဥပ္ပါဒါ ယဝါယမောအရပါဘဲ။ တရားကိုအားထုတ်တော့ ရရှိပြီးသော သီလ၊ သမာဓိ၊ ပညာများဟာ ထပ်၍ ထပ်၍ တိုးပွါးစည်ကား ကြီးကျယ်၍လာပါသည်၊ အဲဒါကတော့ ဥပ္ပန္နာနံ၊ ကုသလာနံ၊ ဘိယျောဘာဝါယ ဝါယမော ဆိုတဲ့ပါဠိအရပင်တည်း။ ဤသို့ လျှင် ဓါတ် တခုသဲပေါ်ရာ၌ သမ္မပဓာန်လေးပါး တွဲ၍-တွဲ ၍ပါရှိနေပုံတွေ့ခဲ့ရပုံ ရရှိနေပုံတည်း။

## ဣန္ဒြိယ်ငါးမျိုး-ကိုယ်တွေ့

တရားကို အားထုတ်တော့ ဆိုတဲ့ ဓါတ်ကို တွေ့ရပါရောတဲ့၊ တွေ့တဲ့ယောဂီ၏စိတ်မှာ မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကိုရချင်တဲ့ ဆန္ဒိန္ဒြိယ်ပါဒ် မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ရအောင် အားထုတ်တဲ့ ဝီရိယိန္ဒြိယ်ပါဒ်၊ မဂ်ဖိုလ် နိဗ္ဗာန်ရဘို့ စိတ်ထား၍နေခြင်း စိတ္တိန္ဒြိယ်ပါဒ်။ ဇောတကရုပ်ဘဲ။ သိတာကနာမ်ဘဲဟု အမှန်ကိုသိ၍နေတဲ့၊ ဝီမံသိန္ဒြိယ်ပါဒ်ဟူသော ဣန္ဒြိယ်ပါဒ်လေးမျိုးစလုံး ရရှိ၍နေပါတော့သည်။ တဖန်၊ ဤဆန္ဒ ဝီရိယစိတ္တဝီမံ့ စသဖြင့်အားထုတ်တော့။ တောက ရုပ်၊သိတာက

နာမ် နှစ်ခုစလုံးပျက်ထာကအနိစ္စတဲ။ပျက်ပျက်နေခြင်းကဒုက္ခတဲ ပျက်ထာကို တားမရခြင်းက အနတ္တာတဲ၊ စသည်ဖြင့် ဉာဏ်များ ကိုယ်တွေ့ရ၍ပိုင်းခြားနိုင်ရာ။ပရိညာ ဉာဏ်ကြီးကိုယ်ပိုင်ရရှိတော့ ၏။ တဖန်၊ ရုပ်နာမ်ကိုတွေ့တော့ ငါငါ၊ သူသူ၊ လူလူ၊ နတ်နတ် အမှားတွေကို ပယ်သတ်နိုင်တာက ပဟာနဉာဏ်ကြီး ကိုယ်ပိုင် ရရှိနေပါတော့သည်။တဖန်၊သမ္မုတိပညတ်၊ ဃနပညတ်၊ သန္တတိ ပညတ်၊ သဏ္ဌာနပညတ်၊ နာမပညတ်၊ နိစ္စ၊ သုခ အတ္တများ၊ချုပ် ငြိမ်းသွားခဲ့ရာ၊ နောက်ထပ်မပြန်လာတော့တဲ၊မျက်မှောက်ပြု၍ နေရခြင်းက သစ္ဆိကတဉာဏ်ပါဒ်ကို ကိုယ်ပိုင်ရရှိပုံတည်း။ တဖန် ဧပေါ်သိ ခံစားပေါ်သိ ရှုပေါ်သိ မမြဲတာသိ၊ ဆင်းရဲတာသိ အစိုးမရတာသိ၊ ငါမရှိတာသိ၊ အစရှိသဖြင့် အမှန်ကိုသာသိသိ နေရသဖြင့်၊ဘာဝနာဉာဏ်ပါဒ်ကို ကိုယ်ပိုင်ရရှိပြန်တော့၏။ အဲဒါ လဲ ဓါတ်တခုထဲ ပေါ်ရာ၌ ဉာဏ်ပါဒ်လေးမျိုးလုံး ကိုယ်ပိုင်ရပုံ ကိုယ်တွေ့သက်သေပြနိုင်ပုံတည်း။

## ဉာဏ်ငါးမျိုး-ကိုယ်တွေ့

တောကို အာရုံပြု၍ ရှုပွါးကာနေတော့ ကာမဂုဏ် အရာ တံခါးငါးပေါက်တို့ ပိတ်နေပြီးလုံခြုံသဖြင့် ဆိုတဲ့ မမှာရုံတခု နှင့်သာ စိတ်ဖြစ်၍နေပါသည်။ ထိုစိတ်၌ စေတသိက် ၃၈-ပါး တွဲ၍ပါလာခဲ့ရာ၊(သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ။)ဆိုတဲ့ ဉာဏ်ငါးပါးဟာ ပါရှိ၍နေပါသည်။ သဒ္ဓါက သဒ္ဓိန္ဒြေပါတဲ။ ဝီရိယက ဝီရိယိန္ဒြေပါတဲ။ သတိကသတိန္ဒြေပါတဲ။ သမာဓိက

သမာဓိန္ဒြေပါဘဲ၊ ပညာကပညိန္ဒြေပါဘဲ။ ဤသို့လျှင် ဓါတ်တခုထဲပေါ်ရာ၌ ဣန္ဒြေငါးပါးလဲကိုယ်တွေ့ရရှိပြီး နေပါတော့သည်။

## ဗိုလ်ငါးပါး-ကိုယ်တွေ့

တောကို အာရုံပြု၍ ရှုပွါးကာနေတော့ ကာမဂုဏ် အရာတံခါးငါးပေါက်တို့ပိတ်ပြီး လုံခြုံနေသဖြင့် ဆိုတဲ့ မွှေ့ာရုံတခုနှင့်သာစိတ်ဖြစ်ပေါ်၍နေပါသည်။ ထိုစိတ်၌ စေတသိက်၃၈-ပါးဟာ တွဲလျက်ပါရှိနေပါသည်။ ထိုစေတသိက် ၃၈-ပါးထဲက (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ)ဆိုတဲ့ ဗိုလ်ငါးပါးဟာ ပါရှိ၍နေပါသည်။သဒ္ဓါက သဒ္ဓါဗိုလ်ဘဲ၊ဝီရိယက ဝီရိယဗိုလ်ဘဲ သတိက သတိဗိုလ်ဘဲ။သမာဓိက သမာဓိဗိုလ်ဘဲ။ပညာက ပညာဗိုလ်၊ဤသို့လျှင် ဓါတ်တခုထဲပေါ်ရာ၌ ဗိုလ်ငါးပါးကို ကိုယ်ပိုင်ရရှိပါတော့သည်။

## ဗောဇ္ဈင် ၇-ပါး ကိုယ်တွေ့

ပေါ်ပေါ်နေတဲ့ ဓါတ်တခုကို ရှုပွါးရာ၌ သိသိနေတာက ဝိပဿနာစိတ်ပါဘဲ။ ထိုဝိပဿနာစိတ်၌ စေတသိက်ပေါင်း ၃၈-ပါးတွဲ၍ပါလာပါသည်။ ထိုစေတသိက် ၃၈-၌ (သတိ ပညာ, ဝီရိယ, ပီတိ, ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ။)ဆိုတဲ့ ဗောဇ္ဈင် ၇-ပါးဟာ တွဲ၍ပါလာပါသည်။ ထိုအထဲက သတိက သတိသမ္ဗောဇ္ဈင်ဘဲ။ ပညာက ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဘဲ၊ ဝီရိယက ဝီရိယသမ္ဗောဇ္ဈင်ဘဲ။ ပီတိက ပီတိသမ္ဗောဇ္ဈင်ဘဲ။ သမာဓိက

သမာဓိသမ္ဗောဇ္ဈင်ဘဲ၊ ပဿဒ္ဓိက ပဿဒ္ဓိသမ္ဗောဇ္ဈင်ဘဲ၊ ဥပေက္ခာက ဥပေက္ခာသမ္ဗောဇ္ဈင်ပါဘဲ။ ဤသို့လျှင် စေတခု ပေါ်ရာ၌ ဗောဇ္ဈင်၇-ပါး ကိုယ်တွေ့ရရှိလျက် နေပါတော့သည်။

## မဂ္ဂင် ၈-ပါးကိုယ်တွေ့

ပေါ်ပေါ်နေတဲ့ ဓါတ်တခုကိုရှုပွါးရာ၌ သိသိနေတာက ဝိပဿနာစိတ်ပါဘဲ။ ထိုဝိပဿနာစိတ်၌ စေတသိက်ပေါင်း ၃၈-ပါးဟာ တွဲလျက်ပါလာပါသည်။ ထိုစေတသိက် ၃၈-ပါး ထဲက (ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ သမ္မာဝါယမ,ဆိုတဲ့၊ ဝီရိယ၊ သတိ၊ သမာဓိ။)မဂ္ဂင် ၈-ပါးဟာ ပါရှိလာပါတော့သည်။ထို ၈-ပါးထဲက ပညာက သမာဒိဋ္ဌိပါ ဝိတက်က သမ္မာသင်္ကပ္ပပါ။သမ္မာဝါစာက သမ္မာဝါစာမဂ္ဂင်ပါ။ သမ္မာကမ္မန္တကသမ္မာကမ္မန္တမဂ္ဂင်ပါ၊သမ္မာအာဇီဝကသမ္မာအာဇီဝ မဂ္ဂင်ပါ။ဝီရိယကသမ္မာဝါယမမဂ္ဂင်ပါ။ သတိကသမ္မာသတိမဂ္ဂင် ပါ၊သမာဓိကသမ္မာသမာဓိမဂ္ဂင်ပါ။ဤသို့လျှင်ဓါတ်တခုထဲကို ရှုပွါးရာ၌မဂ္ဂင်ရှစ်ပါးလဲ ကိုယ်တွေ့ရရှိပါတော့သတည်း။

စုစုပေါင်းတော့ ဗောဓိပက္ခိယတရား ၃၇-ပါး ကိုယ်တွေ့ ရပုံတည်း။

## ဈာန်မဂ်င် ၈-ပါး၌ ဝိသုဒ္ဓိ ၇-ပါး၊ သိက္ခာ ၃-ပါး

## သာသနာ ၃-ရပ်ဝင်နေပုံ

| (၁) | (၂) | (၃) |
|---|---|---|
| သမ္မာဒိဋ္ဌိ၊သမ္မာသင်္ကပ္ပ ဝိသုဒ္ဓိ ၅ ပါးရ၏။ အဓိ ပညာ ၂ ပါးအဓိပညာ သိက္ခာ၊ အဓိ ပညာ သာသနာ ၄ ပါးမည်ရ။ | ဝါစာကမ္မံ အာဇီဝသီလ ဝိသုဒ္ဓိ၊အဓိသီလ ၃ ပါး၊ အဓိသီလ သိက္ခာ၊ အဓိ သီလ သာသနာ ၅ မည်ရ။ | ဝါယမ၊ သတိ၊ သမာဓိစိတ္တ ဝိသုဒ္ဓိ၊ အဓိစိတ္တ ၃-ပါး အဓိစိတ္တ သိက္ခာ၊ အဓိစိတ္တ သာသနာ ၅ မည်ရ |

(၁) ၌ သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပကို ပညာမဂ်င် ၂-ပါးလဲ ခေါ်၏၊ဒိဋ္ဌိဝိသုဒ္ဓိ၊ကင်္ခါဝိတရဏဝိသုဒ္ဓိ၊မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿနဝိသုဒ္ဓိ ၄ ပါးပါးရ၏၊ အဓိ ပညာ ၂-ပါးရ၏။ အဓိပညာသိက္ခာရ၏။ အဓိပညာသာသနာ ရ၏။ (၂) သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-ပါး ဟာ သီလဝိသုဒ္ဓိပါဘဲ၊ အဓိသီလပါဘဲ၊ အဓိသီလသိက္ခာပါဘဲ၊ အဓိသီလသာသနာပါဘဲ။ (၃) ဝါယမသတိ၊ သမာဓိ ၃-ပါး ဟာ စိတ္တဝိသုဒ္ဓိပါဘဲ၊ အဓိစိတ္တပါဘဲ၊ အဓိသိက္ခာစိတ္တသာသနာ ပါဘဲ။ အစက သမုစ္ဆေဒဘဲ။ အလယ်ကတဒင်္ဂဘဲ။ အဆုံးက ဝိက္ခမ္ဘနပဟာန်ပါဘဲ။အစကအနုသယသတ်။အလယ်ကဝီတိက္ကမ သတ်။ အဆုံးကပရိယုဋ္ဌာနသတ်ဘို့ပါဘဲ။

ကံ ၃-ပါး မိး ၃-ပါး အပါယ်၄-ပါး ဝဋ်၃-ပါးပြတ်စဲပုံ

ဝိ ကိ ကံ ကံ ကိ ဝိ

ဧ

ပြိတ္တာ လောဘာ လှ လတ် မောဟာ တိအသူ

လော့ | ကံ
ဒေါသ | ကိ
ငရဲ | ဝိ

ဤပုံစံ၌ ခန္ဓာကိုယ်ထဲမှ ခေါ်တခုပေါ်တော့ ကံ သုံးပါး ပြတ်၊ မီးသုံးပါးငြိမ်း၊ အပါယ်တံခါးပိတ်၊ ဝဋ်သုံးပါးပြတ်ရ ပါသည်။ ပုံစံကိုကြည့်ပါလေ။

(၁) ဝဋ်သုံးပါးပြတ်ပုံမှာ။ပေါ်တော့ ၎င်းခေါ်ထဲမှာ လှဘာမပါ၊ ကမ္မဝဋ်ပြတ်၏၊ လှဘာမပါလို့ လောဘာမထွက်ပါ၊ ကိလေသာဝဋ်ပြတ်၏။လောဘာမထွက်လို့ ပြိတ္တာဘုံသို့မရောက်ပါ ဝိပါကဝဋ်ပြတ်၏။ ပြိတ္တာဆိုင်ရာဝဋ်သုံးပါးပြတ်စဲပုံတည်း။ (၂) တဖန် ပေါ်တော့မလှတာမပါပါ၊ ကမ္မဝဋ်ပြတ်၏။ မလှတာ မပါတော့ဒေါသမထွက်ပါ ကိလေသဝဋ်ပြတ်၏။ ဒေါသမထွက် လို့ ငရဲဘုံသို့မရောက်ပါ ဝိပါကဝဋ်ပြတ်၏။ အဲဒါငရဲဘုံနှင့် ဆိုင် ရာဝဋ်သုံးပါးပြတ်ပုံတည်း။ (၃) တဖန်။ ပေါ်တော့ မလှ-တလှဆိုတဲ့ အလယ်-အလတ်မပါပါ၊ ကမ္မဝဋ်ပြတ်၏။ အလတ် စားမပါတော့ မောဟာမထွက်ပါ၊ ကိလေသဝဋ်ပြတ်၏။ မောဟာ မထွက်လို့ တိရစ္ဆာန်နှင့်အသူရကာယ်ဘုံသို့မရောက်ပါ၊ဝိပါကဝဋ်

ပြတ်၏။ အဲဒါနှစ်ဘုံနှင့် ဆိုင်ရာ ဝဋ်သုံးပါးပြတ်ပုံတည်း (၄) တဖန်။ ပုံစံကိုကြည့်တော့ လှကံ၊ မလှကံ၊ အလတ်ကံ မပါလို့ ကံသုံးပါးပြတ်ပုံတည်း။ (၅) တဖန်။ ဧပေါ်တော့ လောဘ ဒေါသ မောဟမဖြစ်ပါ၊ မီးသုံးပါးငြိမ်းပုံပါဘဲ။ (၆) တဖန်။ ဧပေါ်တော့ အလောဘ၊အဒေါသ၊အမောဟဖြစ်ရ၏။ဟိတ်သုံးပါးရလို့ တိဟိတ်ဖြစ်ရပုံတည်း။(၇) တဖန်။ ဧပေါ်တော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်မဖြစ်ရ၊ အပါယ်တံခါး ပိတ်ပုံတည်း။

သာဓကမှာ။ တိကနိပါတ်အင်္ဂုတ္တိုရ်ပါဠိတော်ကြီး နံပါတ် ၁၁၈။ ကြောင်းရေ ၁၄ ၌။ စတုန္နံခါတူနံ၊ အညတ္ထတ္တ၊ ပါဠိဖြင့်သိကြရပါသည်။

ဧပေါ်နည်းလေးပါးကိုယ်တွေ့

| | | | | |
|---|---|---|---|---|
| ဧ | ဧဧ | ဧ | ဧ | နည်းလေးပါး |
| ကေတ္တ | နာနတ္တ | အဗျာပါရ | ဧဝံဓမ္မတာ | |

(၁) အားထုတ်တော့ ဧဧချည်းပေါ်ပါသည်။ ထိုဧဧဧများ သဘောတူလက္ခဏာဧပေါ်မို့ ကေတ္တနည်းဖြင့်တွေ့ရတာပါ (၂) ဧဧဖြင့် တွေ့ရတော့ သဘောပင်တူသော်လည်း ပထမဧက ဒုတိယမဟုတ်ပါ။ ဒုတိယဧကလဲ တတိယဧ မဟုတ်ပါ။ တတိယဧကလဲ စတုတ္ထမဟုတ်ပါ။ အဲဒါဟာ နာနတ္တနည်းဖြင့်တွေ့ရပုံတည်း။ (၃) ဧဧဖြင့်တွေ့ရတော့ ၎င်းတို့ဟာ ဘုရား

ဖြုဟ္မာသတ္တဝါကဖန်ဆင်းလို့မဟုတ် ပြုပြင်ပေးရတာ မဟုတ်ဘဲ ကံ စိတ်၊ ဥတုအာဟာရကြောင့်ပေါ်တာပါဘဲဟုအမှန်သိရတော့ အဗျာပါရနည်းဖြင့်ပေါ်တာပါဘဲ။ (၄) ဧဝေဖြင့်တွေ့ရတော့ ကံမှာ ကံမွေတာ၊ စိတ်မှာ စိတ်မွေတာ၊ ဥတုမှာ ဥတုမွေတာ၊ အာဟာရမှာ အာဟာရမွေတာအတိုင်း တွေ့ရတာမို့ ဧဝံမွေ တာနည်းဖြင့်ပေါ်တာပါဘဲ။ အဲဒါနည်းလေးပါးဖြင့် တွေ့ရပုံ။

## ပေါ် ဌာန်လေးပါးဖြင့်ကိုယ်တွေ့

အားထုတ်တော့ ဧနေနှင့်ပေါ်တွေ့၏။ ခြင်း၊ ပျက်ခြင်း သဘောလက္ခဏာကို တွေ့ရတာက လက္ခဏာတည်း။ မမြဲခြင်း က ရသတည်း။ ဖြစ်ပျက်ကပစ္စုပဋ္ဌာန်တည်း။ ကျန်ခါတ်သုံး ပါးက ပဒဋ္ဌာန်တည်း။ ဌာန်လေးပါးတွေ့ရပုံ။

## ပေါ် ခန္ဓာငါးပါးတွေ့ရပုံ ကိုယ်တွေ့

အားထုတ်တော့ ပေါ်သည်၊ တောကိုခံစားသည်။ တော ကိုမှတ်မိသည်။ တောကို ရှုနေသည်။ တောကို သိသိနေသည်။ ၎င်းငါးပါးထဲက ပေါ်တာက ရူပက္ခန္ဓာပါ။ ခံစားတာက ဝေဒနက္ခန္ဓာပါ။ တောကိုမှတ်မိတာက သညက္ခန္ဓာပါ။ တော ကို ရှုရှုနေတာက သင်္ခါရက္ခန္ဓာပါ။ တောကို သိသိနေတာက ဝိညာဏက္ခန္ဓာပါ။ တောပေါ်လို့ ခန္ဓာငါးပါး ကိုယ်တွေ့ရ ထားပုံတည်း။

ပေါ်သစ္စာလေးပါး ကိုယ်တွေ့

အားထုတ်တော့ ခန္ဓာကိုယ်ထဲမှ ပေါ်၊ ၎င်း ငါ့သူ့မပါ ပယ်ပြီး။ကေိုသိသိနေ၊ ၎င်းအများတွေပြန်မလာ၊ ပြန်မဖြစ်တော့ ပါ။ဤလေးပါး၌ပေါ်တာက ဒုက္ခသစ္စာပါဘဲ၊ ၎င်းပယ်ပြီး၍ ငါ သူ လူနတ်မပါတာက သမုဒယသစ္စာပါ။ကေိုသိသိနေတာကို အမှန်မို့ မဂ္ဂသစ္စာပါ။ထဲသို့အများ ၂၆-ပါး၊ ၈-ပါး၊၁၆-ပါး တို့ပြန်၍မဖြစ်ထာက နိရောဓသစ္စာပါ၊ပေါ်တော့ သစ္စာလေး ပါးရနေပုံတည်း။

ပေါ်သတိပဋ္ဌာန်လေးပါး ကိုယ်တွေ့

ပေါ်တော့ ခံစားပေါ် သိပေါ် ရှုပေါ် ၎င်းလေးပါးထဲ က ပေါ်တာက ကာယာနုပဿနာသတိပဋ္ဌာန်ပါဘဲ၊တောကို ခံစားတာက ဝေဒနာနုပဿနာသတိပဋ္ဌာန်ပါဘဲ။ဘောကိုသိသိ နေတာက စိတ္တာနုပဿနာ သတိပဋ္ဌာန်ပါဘဲ၊ တောကိုရှုရှုနေ တာက ဓမ္မာနုပဿနာသတိပဋ္ဌာန်ပါဘဲ၊ပေါ်ရာ၌သတိပဋ္ဌာန် လေးပါးရှုပုံတည်း။

ပေါ်ပရမတ္ထတရားလေးပါး ကိုယ်တွေ့

အားထုတ်တော့ ပေါ်သည်။ ဘောကိုသိသည်။ တောကို ရှုသည်။ တော၌ ငါ့သူ လူ နတ် ဒိဋ္ဌိချုပ်သည်။ ဤလေးပါး ထဲက ပေါ်တာက ရုပ်ပရမတ်၊ ဘောကိုသိတာက စိတ်ပရမတ် တောကိုရှုတာက စေတသိက်ပရမတ်၊ တော၌ ငါ သူ လူ နတ် ဒိဋ္ဌိချုပ်သွားတာကနိဗ္ဗာန်ပါဘဲ၊ ပေါ်ရာ၌ ပရမတ္ထလေးပါး ရပုံတည်း။

### ပေါ်ဉေယျဓမ်တရားငါးပါး ကိုယ်တွေ့

ပေါ်အောင်အားထုတ်ထာက သင်္ခါရတည်း။ ဓါတ်ပေါ်၍ သိတာက ဝိကာရတည်း။ တော့ သိတာ တဇောလက္ခဏာနှင့် တွေ့ရတာက လက္ခဏာသာတည်း၊ ဓါတ်ပေါ်တော့ ဓါတ်၌ ငါ သူ လူ နတ် ချုပ်ထာက နိဗ္ဗာန်တည်း။ ကိုယ်ရုပ်ဘဲဟုနာမည် မှည့်တာကပညတ်တည်း။ ဤလိုပေါ်တော့ သင်္ခါရ၊ ဝိကာရ လက္ခဏာ၊ နိဗ္ဗာန်၊ ပညတ်ဟူ၍ ဉေယျဓမ်တရား ငါးပါး ကိုယ်တွေ့ပေါ်ပါသည်။

### ပေါ် သမ္ပဇညလေးပါး ကိုယ်တွေ့

ပေါ်သတ္ထကသမ္ပဇည ဆိုတာ၊ ပေါ်တော့ ပါရမီကလာ၍ခေါ်တာပါ၊ လာလိုက်ခဲ့အကျိုးရှိတဲ့နေရာသို့ပို့မည်။ အပါယ် တံခါးပိတ်စေမည်၊ ဆင်းရဲသံသရာပြတ်စေမည်၊ ဘုံစဉ်စံစေရမည် သိဒ္ဓိကိုးတန်ရစေရမည်၊ (၆၇) ဆင့်ရစေရမည်၊ အရိယာဖြစ်စေ ရမည်၊ တော်နဲ့နေပါ၊ အကျိုးအနန္တရစေရမည်၊ အဲဒါ ၌ သတ္ထကသမ္ပဇညနှင့်ရှုပုံတည်း။ ပေါ် ဂေါစရသမ္ပဇည၊ ဆိုတာ ဓါတ်ပေါ်တာ အားလုံးဟာ ဂေါစရတည်း။ ဆန့်ကျင်ဘက် ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့ကား၊ ကာမဂုဏ် ငါးပါးမို့ အဂေါစရတည်း။ ဂေါစရဆိုတာ ဥပမာ သူဌေး၌ နွားများလဲရှိသည်၊ မျက်ခင်းများလဲ ရှိ၍နေသည်။ သို့ဖြစ်၍ သူဌေး၏နွားကို သူဌေး၏မျက်ခင်း၌စားစေသော်၊ သူပိုင်ကျက် စားရာ ဂေါစရမို့ ဒါးခုတ် လှံထိုးမခံရပါ။ ဥပမာ သူဌေး၏ နွားများကိုသူတပါး၏ ခြံထဲ၌မျက်ကိုစားစေလျှင် သူတပါးပိုင်

အဂေါစရမို့ ဒါးခုတ် လှံထိုးခံရလိမ့်မည်။ ပေါ်လို့ ရှုတာက ဂေါစရမို့ မဂ်ဖိုလ်တောင်ရမည်။ ကာမဂုဏ် အာရုံကား အဂေါစရမို့ အပါယ်တောင် ကျဦးမည်။ ပေါ် ရှုတာဟာ ဂေါစရသမ္ပဇညတည်း။ ပေါ် သပ္ပါယသမ္ပဇည ဆိုတာ ဥဇ္ဇမာ ဘုန်းတော်ကြီး ၂-ပါး ဆုံမိတော့ တပါးကိုတပါးကမေးသည် ကား၊ အရှင်ဘုရား ထိုဒေသ၌ ကျောင်းထိုင်ရတာဟာ၊ ဘော ဇနသပ္ပါယ၊ ဥတုသပ္ပါယ၊ ပုဂ္ဂလသပ္ပါယ၊ အာဝါသသပ္ပါယ၊ ဓမ္မသပ္ပါယဖြစ်ပါရဲ့လားဟု အပြန်အလှန်မေးကြသည်။သပ္ပါယ ဆိုတာ မျှတရဲ့လားဟုဆိုလိုပါသည်။ရုပ်နာမ်ပေါ်လျှင် သပ္ပါယ ဖြစ်၏ ကာမဂုဏ်ငါးပါးပေါ်လျှင် သပ္ပါယမဖြစ်ပါ ပေါ်တာ မို့ ရုပ်၊ နာမ်၊ ခန္ဓာ၊အာယတန၊ဓါတ်သစ္စာ၊ပရိညာ၊ဝိသုဒ္ဓိဉာဏ် မဂ်ဖိုလ်ရဘို့။ သပ္ပါယ ဖြစ်၍၊ သပ္ပါယသမ္ပဇညတည်း။

ပေါ်တော့ အသမ္မောဟသမ္ပဇညဆိုတာ ပေါ်တာကို သိသိနေလို့မောဟအဝိဇ္ဇာမဖုံးနိုင် ဒိဋ္ဌိအမှားမကပ်နိုင်၊ဝိစိကိစ္ဆာ ယုံမှားခြင်းမကပ်နိုင်၊ အကုသိုလ်မဝင်နိုင်၊ ကိလေသာမကပ်နိုင် အလင်းပေါ်တော့ အမှောင်ပျောက်ထာလို ဝိဇ္ဇာပေါ်တော့ အဝိဇ္ဇာသမ္မောဟပျောက်ရသည်။ အသမ္မောဟ သမ္ပဇညတည်း။

## ပေါ်တော့-နိရောဓသစ္စာ။

၂၆။ ၈။ ၁၆။ ၄။ ၁

ဝိပဿနာကို အားထုတ်တော့ ခန္ဓာကိုယ်ထဲမှာ ချေါဓါတ် ပေါ်သည်၊ သေဘော၊ ကြေယာ၊ အေးမူအရာ၊ ဓါတ်ပါဘဲ။

(သမူဟာ၊ ဃန၊ သန္တတိ၊ သဏ္ဌာန၊ နာမ၊)ဆိုတဲ့ ပညတ်များမပါ ပါ။ ပရမတ်သက်သက်တည်း။

(၁) ပေါ်တော့ တွေ့ သဘောတရား၌။ နသတ္တော၊ သတ္တဝါလဲမရှိပါ။ နဇီဝေါ၊ အသက်လိပ်ပြာလဲမရှိပါ။ နပုရိသ၊ လူလဲမရှိပါ။ နမာတာဝ၊ လုသင်လဲမရှိပါ။နဣတ္ထိ မိမ္မလဲမရှိပါ။ နပုရိသ၊ ယောကျ်ားလဲမရှိပါ။ နအတ္တာ၊ နိစ္စ' သုခ၊ အတ္တ၊ သုဘလဲမရှိပါ။ နာဟံ၊ ငါလဲမရှိပါ။ နအတ္တနိယံ၊ ငါ့ဥစ္စာလဲမရှိပါ။ နမမ၊ ငါပိုင်ဥစ္စာလဲ မရှိပါ။ နအညဿ၊ သူ့ဘပါးဥစ္စာလဲမရှိပါ။ နကဿစိ၊ တစုံတယောက်၏ဥစ္စာလဲမရှိပါ။ နပုဂ္ဂလော၊ ပုဂ္ဂိုလ်လဲ မရှိပါ။ နကောစိ၊ တဦးတယောက်သဲမရှိပါ။ နကာ ရကော၊ ပြုလုပ်ဘတ်သူလဲမရှိပါ။ နဒေဝကော၊ ခံစား တတ်သူလဲမရှိပါ။ နသယံဝသီ၊ မိမိအလိုရှိရာသို့ လိုက် အောင်ပြုတတ်သောသူမရှိပါ။နနိဝါသီ၊ခန္ဓာအိမ်၌အမြဲ နေတတ်သူလဲမရှိပါ။ နသာမိနီ၊ အစိုးရသူလဲ မရှိပါ။ အနိစ္စံ၊ မြဲခြင်းလဲမရှိပါ။ အသုခံ၊ ချမ်းသာခြင်းလဲ မရှိ ပါ။ အဓုဝံ၊ ခိုင်ခန့်ခြင်းလဲမရှိပါ၊ အဿဿတံ၊ မြေ ကြီးမြင့်မိုရ်တောင်ကဲ့သို့ အမြဲနေတာလဲမရှိပါ။ အသုဘံ တင့်တယ်တာလဲမရှိပါ။ နဒေဝေါ၊ နတ်ဆိုဘာလဲမရှိပါ နဗြဟ္မာ၊ ဗြဟ္မာဆိုတာလဲမရှိပါ။

(ဓေါတ်ပေါ်တော့ အမှားဒိဋ္ဌိ ၂၆-ပါး ချုပ်ငြိမ်းကုန်ခမ်း သွားရှဲပြန်ရှဲမလာ။ ပြန်ရှဲမဖြစ်ရတာကား [အပဝတ္တံ နိဗ္ဗာနံ]

မဖြစ်ခြင်းနိဗ္ဗာန်ပါဘဲ။ [အနုပ္ပါဒ နိရောဓေါ]၊ တဖန် ပြန်၍ မဖြစ်အောင်ချုပ်ခြင်း နိရောဓသစ္စာပါဘဲ၊ နိဗ္ဗာန်ပါဘဲ။))

(၂) ဓေါတ် ပေါ်တော့ ထိုဓေါတ်၌ ရုပ် ၂၈-ခု၌ ၄-စီ ဖြစ်၍ ရုပ်သက္ကာယဒိဋ္ဌိပေါင်း ၁၂၀။ ဝေဒနာတဆဲ့ရှစ်မှာလဲ ၄-စီဖြစ်၍ ဝေဒနာသက္ကာယ ဒိဋ္ဌိပေါင်း ၇၂-ပါး။ သညာ ၆-ပါးစီဖြစ်၍သညာဒိဋ္ဌိပေါင်း ၂၄-ပါး။ သင်္ခါရ ၆-ပါး၌ ၄-စီဖြစ်၍သင်္ခါရဒိဋ္ဌိပေါင်း ၂၄-ပါး ဝိညာဉ် ၆-ပါး၌ ၄-စီဖြစ်၍ ဝိညာဏ သက္ကာယ ဒိဋ္ဌိပေါင်း ၂၄-ပါး။ စုစုသက္ကာယဒိဋ္ဌိပေါင်း (၂၅၆)ပါး အမှားများ ချုပ်ငြိမ်းကုန်ခမ်းသွား၍ ပြန်၍ မဖြစ်ရကား (အပဝတ္တ နိဗ္ဗာန်) နှင့်အညီ ကိုက်ညီ၍ တဖန်ပြန်၍မဖြစ်ရအောင် ချုပ်ငြိမ်းသောကြောင့် (အနုပ္ပါဒ နိရောဓေါနိဗ္ဗာန်) နှင့် လည်းညီညွတ်၏။ ဤ၌ နိရောဓသစ္စာ (၂၅၆) ပါးဖြစ်လာပုံတည်း။

ပထမပြီး၏။

# ဒုတိယ

# မဟာသမိတော်တရားစာ

## တဆဲ့လေးချက်ဓမ္မစက်ပေါ်ပုံ

အရှင်ဘုရားပြုသ ဟောပြောသောအခါ၌။ ဌာနနဲ့၊ သဘာဝနဲ့၊ ပမာဏနဲ့၊ ကလာပနဲ့၊ ပဟာနနဲ့၊ ဉာနနဲ့၊ အာနုဘာဝနဲ့ပေါ်တယ်ဆိုတာ ကျမ်းဂန်မှာပါပါရဲ့လားဘုရား။

(၁) ယတ္ထယတ္ထဝိပဿတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ၊ ဌာနနဲ့ပေါ်တာကွဲ့။

(၂) ပထဝီဓါတုယေဝေသာ၊ နေတံမမ၊ အဲဒါ သဘာဝနဲ့ပေါ်တာကွဲ့။

(၃) ယထာပုဗ္ဗုဠ္ဌကံပဿေ၊ ရေပွက်ပမာ အဲဒါ ပမာဏနဲ့ပေါ်တာကွဲ့။

(၄) ယထာ ပဿေမရီစိကံ၊ တံလျှပ်မို့ အဲဒါ ကလာပနဲ့ပေါ်တာကွဲ့။

(၅) ဆဓါတုယော၊ အယံပုရိသော၊ အဲဒါပဟာနနဲ့ ပေါ်တာကွဲ့။

(၆) အနိစ္စာသညိနောမေဃိယ၊ အဲဒါဉာနနဲ့ပေါ်တာကွဲ့။

(၇) ဒိဋ္ဌိသမုဋ္ဌာနဋ္ဌ ကရောတိ၊ အဲဒါကတော့ အာနုဘာဝနဲ့ပေါ်တာကွဲ့။

## ဗိဇမူလူပမာ တရားပေါ်တာ ၇ မျိုး

(၁) အပေါ်ရေက ပေါ်တာ ရှုရှုနဲ့။ (၂) အတွင်းရေက ပေါ်တာ ယားယားနဲ့။ (၃) အသားက ပေါ်တာ နာကြင်စူးရှ။ (၄) အကြောထဲကပေါ်တာ တောင့်တင်းညောဖ်းညာ။ (၅) အရိုးထဲက ပေါ်တာ ဂျိုးကနဲ ဂျွတ်ကနဲနဲ့။ (၆) ရိုးတွင်းချင်ဆီကပေါ်တာ တစိမ့်စိမ့်အသဲခိုက်ခိုက်။ (၇) နိဗ္ဗာန်ပေါ်တာ ခေါင်းပျောက် ကိုယ်ပျောက်နဲ့ ၇-မျိုးပေါ်တယ်။ ပထမ ၇-မျိုးနှင့် ဒုတိယ ၇-မျိုးပေါင်းတော့ ၁၄-မျိုး ခန္ဓာမှာပေါ်တယ်။ အဲဒါဟာ ဟာဆဲ့လေးချက်စမ္မစက်နဲ့ပေါ်တာပါဘဲ။

(က) ဗေဏုပမံ၊ ကာယမိဒံ၊ ဝိဒိတွာ၊ ဓမ္မပဒ ပါဠိတော်။ နံပါတ် ၇။ ကြောင်းရေ ၁။ သုမ္မ။ (ခ) မရိစိဓမ္မံ အဘိသမ္ဗုဒ္ဓါနော၊ ဓမ္မပဒပါဠိတော်။ နံပါတ် ၇။ ကြောင်းရေ ၂။ သုမ္မ။ (ဂ) ယထာပုဗ္ဗုဠကံပဿေ၊ ဓမ္မပဒပါဠိတော်။ နံပါတ် ၂၂။ ကြောင်းရေ ၂၅။ သုမ္မ။ (ဃ) ယထာပဿေမရိစိကံ၊ ဓမ္မပဒ ပါဠိတော်။ နံပါတ် ၂၂။ ကြောင်းရေ ၂၅။ သုမ္မ။ (င) နဒီသောတောဝိယ၊ သင်္ဂဟပါဠိ။ (စ) ဒီပဇာလာဝိယ၊ သင်္ဂဟပါဠိ။ (ဆ) စိတ္တဒ္ဓာယတိ၊ သဒ္ဒါကြီး။ (ဇ) တဋ္ဌတဋ္ဌယန္တာ၊ ဝိသုဒ္ဓိမဂ်ပဠိသမ္ဘိဒါမဂ်ကထာ။

အဲဒါတွေဟာ ခန္ဓာမှတရားပေါ်ပုံ ၇၂-မျိုးဖြင့်ပြခဲ့ပါတယ်။

ဝိပဿနာ စာတွေ ငါးတွဲကျမ်း၌ ကြည့်ပါ၊ ၇၂-မျိုးတွေ ရအံ့။

## ဌာန၊ သဘာဝ၊ ပမာဏ၊ ကလာပ၊ ပဟာန၊ အာနုဘာဝ ဉာဏ် ပေါ်ပုံ ၇ မျိုး

လောက၌လူသတ်မှုကိစ္စကြီး ပေါ်လျှင် သတ်ရာဌာန သတ်ကြောင်းသဘာဝ၊ လက်နက်ပမာဏ၊ အကူအညီ ကလာပ၊ သေခြင်းပယ်ခြင်း ပဟာန၊ ရရှိခြင်းအာနုဘာဝ၊ သိခြင်း ဉာဏ်အားဖြင့် ၇-မျိုး သက်သေ လုံလောက်အောင် ရှာဖွေ၍ ဒီကရီချရလေသည်။ ။ဧသိ သတိတို့၊ မောင်မင်းတို့ဟာ အနုသယကို သတ်ကြ တယ်ဆိုရာ၌ ဘယ်နေရာ ဘယ်ဌာန၌ သတ်ကြကုန်သနည်း။ ခေါင်းဌာန၊ လယ်ပင်းဌာနစသည်တို့၌ သတ်ကြပါသည်။ ဧသိသတိတို့၊ မောင်မင်းတို့ဟာ အနုသယကို သတ်ကြတယ်ဟုဆို၏။ အဘယ်လက်နက်ဖြင့် သတ်ဖြတ်ကြသနည်း။ တွေ့တေဇောသဘော သဘာဝဖြင့် သတ်ဖြတ် ကြပါတယ်။ ဧသိသတိတို့၊ မေါင်မင်းတို့ဟာ အနုသယကိုသတ်ကြတော့ အဘယ်မျှကြီး၍ အဘယ်မျှငယ်သောလက်နက်တို့ဖြင့် သတ်ကြသနည်း။ တခါတရံ၌ ဒင်္ဂါးတကွက်စာမျှ၊ တခါတရံ သံပုရာသီးလုံးမျှ၊ တခါတရံရှောက်သီးလုံးမျှ၊ တခါတရံအုန်းသီးလုံမျှ ကေဗိဇမှာ တကိုယ်လုံးပေါ်သည်။ ကောလာကောလမှာ ထက်ဝက်မျှပေါ်သည်။ သတ္တက္ခတ္တုပရမမှာ ဒင်္ဂါးတကွက်စာမျှ၊ သံပုရာသီးမျှ၊ ရှောက်သီးမျှ ပမာဏနှင့်ပေါ်၍ သတ်ကြပါသည်။ ဧသိသတိတို့၊ အနုသယကိုသတ်တော့ အကူအညီကလာပဟာ ဘယ်သူများပါလဲ။ တဖြိုးဖြိုးတဖြင်းဖြင်း၊ တရှိန်ရှိန်တသုတ်သုတ် ရုပ်ကလာပ်တွေဟာ ဓါတ်ဖြင့်သတ်ရာ၌ အကူအညီတို့ပါသဲ၊ ဧသိသတိတို့။

မောင်မင်းတို့ဟာ အနုသယကို သတ်တော့ အဘယ့်ကြောင့် သေမှုန်း ပယ်မှုန်းကို သိရစပါသလဲ၊ ဘယ်အရာကို ပယ်သတ်နိုင်စပါသလဲ။ ပထမတော့ အားထုတ်ရင်ပျင်းပါတယ်။ ခါတ်ပေါ်တော့ အပျင်းကို ပယ်သတ်နိုင်တယ် ပဟာနတည်း။ ပထမ အားထုတ်စဉ် ငိုက်မြဲးတယ်၊ ခါတ်ပေါ် လာတော့ ငိုက်မြိုးခြင်း ပျောက်သွားတယ်၊ ပဟာနတည်း။ ခါတ်ပေါ်တော့ ငါငါ၊ သူသူ့လူလူ့နတ်နတ် ပညတ်ဒိဋ္ဌိကိုပယ်နိုင်တယ် ပဟာနတည်း။ ဒိဋ္ဌိကွာတော့ ၂၀-ပါး၊ ၂၆-ပါး၊ ၂၅၆-ပါး၊ ၅-ပါး၊ ၁၅-ပါး၊ ၁၀-ပါး၊ ၃-ပါး၊ ၆၂-ပါး၊ ၉၆-ပါးသောဒိဋ္ဌိများကိုရင်း ယုံမှားခြင်း ၈-ပါး၊ ၁၆-ပါးတို့ကိုရင်း၊ ပယ်နိုင်၍ပဟာနပါ ဘဲ။ သေိသတိတို့၊ မောင်မင်းတို့ဟာ အနုသယကိုသတ်ကြတော့ အဘယ် အာနုဘော်များကို ရကြစပါသနည်း။ အိမ်မက် ပြောင်းခြင်း၊ သဘောပြောင်းခြင်း၊ မနောပြောင်းခြင်း၊ စိတ်ပြောင်း ခြင်းတို့ဟာ အာနုဘော်များပါဘဲ။ သေိသတိတို့၊ မောင်မင်း တို့ဟာ အနုသယကိုသတ်ရာ၌ အဘယ်ဉာဏ်များကို ရကြစပါသ နည်း။ အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ်မှစ၍ ဝိပဿနာဉာဏ် စဉ် ၁၆-ပါး မဂ်ဉာဏ် ၄-ပါး၊ ဖိုလ်ဉာဏ် ၄-ပါးတို့ကိုရကြပါ သည်။ (အဲဒါတွေဟာ ဌာနနဲ့၊ သဘာဝနဲ့၊ ပမာဏနဲ့၊ ကာလာဝနဲ့၊ ပဟာနနဲ့၊ အာနုဘာဝနဲ့၊ ဉာဏနဲ့ ပေါ်ကြပုံတည်း။

ပေါ်၊ တွင်း၊ သား၊ ကြော၊ ရှိး၊ ချင်၊ ပျောက်၊ ၇-ဆင့်
ခါတ်ပေါ်ပုံ

ဝိပဿနာစတ ရားကို အားထုတ်တော့ ခန္ဓာကိုယ်ထဲမှ သတ္တိ

သမာဓိ အင်အားအတိုင်း ဓါတ်များ ၇-မျိုး၊ ၇-ဆင့်နှင့်ပေါ် လာပါသည်။ (၁) အပေါ်ရေမှာ ဓါတ်ပေါ်လျှင် ရွရွရွရွနှင့် ပရွက်ဆိတ်တက်သလို ပေါ်တတ်ပါသည်။ (၂) အတွင်းရေက ဓါတ်ပေါ်လျှင် ယားယားနှင့် ဝဲယားသလို၊ နှင်းခူယားသလို၊ ပွေးယားသလို ပေါ်တတ်ပါသည်။ (၃) အသားထဲကဓါတ် ပေါ်လျှင် နာနာစူးစူးရှတတနှင့် ဒါးခုတ်သလို လှံထိုးမိသလို အပ်စူးမိသလို ပေါ်လာတတ်ပါသည်။ (၄) ဓါတ် ပေါ်လျှင် အကြောတင်း၊ အကြောတက်၊ ညောင်းညာကိုက်ခဲသလို ပေါ် လာတတ်ပါသည်။ ဥပမာ။ ဒူလာသမား၊ မီးယပ်နာရှိသူများ ဟာ မိုးရိပ်ဘက်လာတာနှင့် အကြောထဲက တောင့်တင်းပြီး ပေါ်လာတတ်ပါသည်။ (၅) အရိုးထဲက ဓါတ်ပေါ်လျှင် ကျိုး ကနဲ ဋုတ်ကနဲနှင့်ပေါ်လာတတ်ပါသည်။ (၆) ရိုးတွင်းချင်ဆီက ဓါတ်ပေါ်လျှင် အသဲတုံလိုက်ထာ တခါအရဲ စိမ့်သွားတယ်။ သားသွီး၌ချစ်ထာရိုးတွင်းချင်ဆီချစ်အောင်ဟုပြောကြပါတယ်။ (၇) ၃၂-ကွာဌာသ ပျောက်အောင် ပေါ်တာ ကတော့ ခေါင်းပျောက်၊ ကိုယ်ပျောက်၊ လက်ပျောက်၊ ခြေပျောက်၊ ကိုယ်ပါပျောက်ပြီး ဓေပေါ်၊ သိဓေပါ်၊ ရှုဓေပါ်နှင့် (စိတ်၊ စေတ သိက်၊ ရုပ်ပရမတ် သက်သက်ကိုသာ တွေ့ရတော့သည်။) အိပ် ရင်းကြုံစိဘေသာသူ၌ သူအာရုံပြုတဲ့ အာရုံ၌သာ စိတ်ရှိ၍ ကိုယ်၌ ဘာမှသတိမရသကဲ့သို့တည်း။

ဤ၌ ၁၊ ၂၊ ၃၊ အပေါ်မျိုးကား ဝိနည်းပိဋကတ်မျိုးဖြစ်၍ ဝိတိက္ကမကိလေသာကို သတ်ဘို့ရုပ်နာမ်ပါ။ ၄၊ ၅၊ ၆၊ အပေါ်

မျိုးကား သုတ္တန် ပိဋကတ်မျိုးဖြစ်၍ ပရိယုဋ္ဌာန ကိလေသာကို သတ်ဘို့တည်း။ (၇) အပေါ်မျိုးမူကား။ အဘိဓမ္မာပိဋကတ်မှ ဖြစ်၍ အနုသယကိလေသာကို သတ်ဘို့ဘဲဟူ၍ ၃-မျိုးခွဲပြီးအား ထုတ်ကြပါလေ။

အနာနှင့်ဆေး၊ ကိုက်အောင်ပေး ပျောက်ရေးမခက်ပါ။
အနာနှင့်ဆေး၊ လွဲ၍ပေး နာရေးမသက်သာ။

[အတွေ့အသိကို သတိမလွတ်ကြပါစေနှင့်]

ဝိပဿနာကိုအားထုတ်ရာ၌ အတွေ့အသိကို သတိမလွတ်ကြပါစေနှင့် အတွေ့နဲ့သတိတွဲတွဲနေပါစေ။ (၁)ပက်လက်အိပ်ရင်းလဲအားထုတ်ပါ။ (၂)အလျားမှောက်ရင်းလဲ အားထုတ်ပါ။ (၃)ဘယ်ဘက်သို့စောင်းရင်းလဲအားထုတ်ပါ။(၄)ညာဘက်သို့စောင်းရင်းလဲအားထုတ်ပါ။(၅)ခြေဆင်းထိုင်မှီ၍လဲအားထုတ်ပါ။ (၆)ကုလားထိုင်ပေါ်မှာ ထိုင်ရင်းလဲ အားထုတ်ပါ။(၇)ကြွန်သွားရင်းလဲ အားထုတ်ပါ။(၈)နံရံမှီပြီးရပ်ရင်းလဲ အားထုတ်ပါ။(၉)တင်ပလ္လင်ခွေရင်း ယောကျ်ားဘို့ မိမ္မထိုင်ထိုင်ရင်း မိမ္မဘို့၊ဤလိုလဲအားထုတ်ပါ။ တွေ့တာကိုသတိမလစ်ရင်ပြီးတာပါဘဲ၊နေ့ထိုင်တဲ့ ဣရိယာပုတ်ကို ဂရုမစိုက်ပါနှင့်ဂရုစိုက်ရမှာက [သေတို့ ပူသတိ၊ယားသတိ။]စသည်ဖြင့်ပေါ်တိုင်း-ပေါ်တိုင်း သတိထားဘို့သာလိုရင်းပါ။ကျောက်နဲ့ သံခပ်တော့၊မီးပွင့်တာ လို၊ရုပ်နှင့်သတိနာမ်ခပ်တော့ ဉာဏ်မီး (ဝါ) မဂ်မီးတောက်၍ အကုသိုလ် ကိလေသာကို လောင်ကျွမ်းပြာကျ၍ လွတ်မြောက်

ပါလိမ့်မည်။ ၂၄-သင်္ချိုကုဋေ(၆၀)ဗိုလ်ခြေတသိန်းစီတို့ဤနည်း ဤပုံအတိုင်း ကျင့်၍ သွားကြပါသည်။

(သေ၊သိ၊သတိ)ကြောင့်ကိလေသာကုဋေဘသိန်းပြာကျရသည်။

ဝိပဿနာတရားကို အားထုတ်တော့ (၁) သေ၊ သိ၊ သတိ၊ (၂)ပူ၊သိ၊သတိ။ (၃)ယားသိသတိ။ အဲဒါလိုနေပြီးအားထုတ်ရပါသည်။(၁)သေရုပ်ဘဲ။သိကစိတ်ဘဲ။ သတိကစေတသိက်ဘဲ။ ၎င်းတို့ကိုစွမှာ ရုပ်က ကိလေသာကို ဒါးနဲ့ခုတ်သတ်ထားနှင့်တူပါသည်။ သိစိတ်ကကိလေသာကို လှံနဲ့ထိုးပြီး သတ်ထားနှင့်တူပါသည်။ သတိ့စေတသိက်က ကိလေသာကို မီးရှို့ပြာချပြစ်ထားနှင့်တူပါသည်။ (၂)ပူရုပ်က ကိလေသာကို ဒါးခုတ်သတ်ထားနှင့်တူပါသည်။သိစိတ်က ကိလေသာကို လှံနဲ့ထိုးပြီး သတ်ထားနှင့်တူပါသည်။ သတိ့ စေတသိက်က မီးရှို့ ပြာချထားနှင့်တူပါသည်။(၃)ယား၊ သိ၊ သတိ၌ နည်းတူချဲ့ပြကြပါလေ။

သေ၊ သတိတို့ဟာ ပရမတ်ပါဘဲ၊ အရိယာအာရုံပါဘဲ။ အဘိဓမ္မာပါဘဲ၊ နိယျာနိကပါဘဲ၊ တထပါဘဲ၊ သစ္စကဋ္ဌပါဘဲ၊ အစိန္တေယျပါဘဲ၊ အပ္ပမေယျပါဘဲ၊ အသင်္ချေယျပါဘဲ၊ အနန္တပါဘဲ၊ အပ္ပရိမာဏပါဘဲ၊ အပရိစ္ဆိန္နပါဘဲ။ သူတို့ကိုတွေ့လျှင် မဟာ့-မဟာ ဒဿနာ နန္တရိယမို့ အမြင့်ဆုံး အတွေ့ပါဘဲ။ အလင်းလာတာတောင် အမှောင်ပျောက်ရသေးသည်။ ယခုမှာ အမှန်သစ္စာလာတာမို့ အမှားမိစ္ဆာပျောက်ပြီး ပျက်ပြီး၊ ချုပ်ပြီး ကုန်ပြီး ခမ်းပြီး ငြိမ်းပြီဟု မှတ်သားပြီး အတိုင်းမသိ ဝမ်းမြောက်ကြပါလေ။

# အရိယာဖြစ်ပုံစာစောင်

## ပေါ် ပရိညာ ၃-ပါးကိုယ်တွေ့

တရားကိုအားထုတ်တော့ သတိထား သမာဓိရ၏။ ခန္ဓာကိုယ်ထဲမှာ ဇေဇေနှင့်ခါတ်ပေါ်၍လာသည်။ ပေါ်သို့ပေါ်သိနှင့်တွေ့ရသည်။ ကြေရုပ်တရား၊ သိကနာမ်တရား၊ အမှန်သိမပေါက်မပြန်သောအသိ၊သစ္စာသိ၊သမာဓိအသိမို့ ဉာတပရိညာခဟုခေါ်ပါသည်။ အာဒိကမ္မိကအဘို့တည်း။တဖန်၊ပေါ်ပျက်ပုပေါ်ပျက်နှင့်မမြဲတာတွေ့ရ၏။ အနိစ္စတည်း။ရင်းပျော်၊ပုပျက်များ၌နှစ်သက်စရာမရှိ၊စုံမက်ရောမရှိ၊အားထားစရာမရှိ၊ထောက်ရာ,တည်ရာမရှိ၍ ဒုက္ခဘဲ။ ပျော်,ပုပျက်တို့ကို တားမရ၊ ဆီးမရ ယူမရ၊ ရွှေ့မရလို့ အနတ္တာတည်း။ ဤပုံ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့ရတော့ပေါ်၌။ တီရဏပရိညာအထိတန်းရောက်၍ရရှိပြန်၏။တဖန် ပေါ် စသည်တို့၌ မှောရော အသိမှာရော ၂-ပါးစုံ၌ အများ ၂၆-ပါး၊ အများ ၂၅၆-ပါး၊ ၂၀-ပါး၊ ဥစ္ဆေဒဒိဋ္ဌိ၊ ၅-ပါး၊ ယဿဘဒိဋ္ဌိ ၁၅-ပါး၊ အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါး၊မဟာမိစ္ဆာဒိဋ္ဌိ ၆၂-ပါး၊နိယဘမိစ္ဆာဒိဋ္ဌိ ၃-ပါး၊ ပါသဏ္ဍဒိဋ္ဌိ ၉-ပါး (မိစ္ဆာဒိဋ္ဌိနှယ်ခွဲပုံကျမ်း၌ပါသော)ဒိဋ္ဌိများကိုပယ်ပြီးဖြစ်ရကား ပဟာနပရိညာကို ရရှိတော့၏။ ဆိုလိုရင်းမှာတော့ ပေါ်သို့ပေါ်သိနှင့်နေရာ။ ၌ေ၊ သိ၌ ၂-ပါးစုံ၌ ငါမပါ၊ သူမပါ၊လူမပါ၊ နတ်မပါဟု ၂၆-ပါးသော ဒိဋ္ဌိကိုပယ်နိုင်ခြင်း။ အနိစ္စတွေ့တော့ နိစ္စ ဒိဋ္ဌိကို။ဒုက္ခတွေ့တော့ သုခဒိဋ္ဌိကို။ အနတ္တတွေ့တော့

အတ္တဒိဋ္ဌိကို၊ အသုဘကိုတွေ့တော့ သုဘဒိဋ္ဌိကို ပယ်နိုင်သတ်နိုင်၍ ပဟာနပရိညာကို ပါရပြီဟုဆိုရ၏။ ဤပုံစံအတိုင်း၊ ပေါ်ရာ၌ ဉာတပရိညာ၊ တီရဏပရိညာ၊ ပဟာနပရိညာ ၃-ပါးကိုယ်တွေ့ ရပုံတည်း။

ပေါ်ဝိသုဒ္ဓိကြီး ၇ ပါး ကိုယ်တွေ့

ဘယ်သူမဆိုအားထုတ်လျှင်ရှေးရှေးက ပါရမီ ဗီဇကံအတိုင်း ကမ္မဇရုပ်များ ပေါ်တတ်ပါသည်။ ဥပမာ လူတဦးဟာပထဝီ ဓါတ်နှင့် ပါရမီဖြည့်၍သာခဲ့၏။ ထိုလူအားထုတ်တော့ ပါရမီ အတိုင်း ပထဝီဓါတ်ပင် အဓိပတိနှင့် တွေ့ရသည်။ ထို့အတူ အာပေါနှင့်ပါရမီဖြည့်ခဲ့လျှင်အာပေါဓါတ်ပေါ်မည်။ တေဇော ဝါယော အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ကာယာနုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာ၊ ကေဗိဇကောလာ ကောလ၊ သတ္တက္ခတ္တုပရမ၌ ရှေးနည်းအတိုင်း ပေါ်ရသည်။ ဥပမာ၊ ကမ္ဘာတခုကပါရမီကံ၊ ဆယ်ကမ္ဘာက၊ ကမ္ဘာတရာက ကမ္ဘာတထောင်က၊ ကမ္ဘာတသောင်းက၊ ကမ္ဘာတသိန်းက၊ ကမ္ဘာတသန်းက၊ ကမ္ဘာကဋေက၊ (လ) ကမ္ဘာပေါင်းအသင်္ချေ က ပါရမီကံများလာ၍ပေါ်တတ်ပါသည်။ ဥပမာ၊ အလောင်း တော်မှာ ရှေးရှေးပါရမီရောက်လာ၍ ၅၅၀-ဇာတ်က အလောင်း တော်များနှင့်မတူဘဲ၊ ၃၂-ပါးသော လက္ခဏာတော်ကြီးများ၊ ၈၀ သောလက္ခဏာတော်ငယ်များ၊ အသံတော် ၈-ပါး၊ တရာ့ ရှစ်ကွက်စက် လက္ခဏာတော်များ ပါလာတာကို တွေ့ရသကဲ့သို့ တည်း။ အားထုတ်တော့ ပေါ်သိ၊ ပေါ်သိနှင့် ရှုရှုနေရာ၌

ကေလဲအမှန်သစ္စာ၊ သိကလဲ သမ္မာဒိဋ္ဌိဘဲ၊ ကေလဲဒုက္ခသစ္စာ၊ အသိကလဲ မဂ္ဂသစ္စာပါဘဲ။ ဉာဏ် ၂၆-ပါး၊ ၂၅၆-ပါး၊ ၂၀-ပါး ၅-ပါး၊ ၁၅-ပါး၊ ၁၁-ပါး၊ ၆၂-ပါး၊ ၃-ပါး၊ ၉၆-ပါး သော အမှားဒိဋ္ဌိခွါပြီးသား၊ ကွာပြီးသားနှင့် တွေ့ရပါသည်။ အသိဉာဏ်သည်း ၎င်းဒိဋ္ဌိတွေ ခွါပြီးကွာပြီးသားနှင့်တွေ့ရပါသည်။ ဉာဏ်လည်း ဝိစိကိစ္ဆာ ၈-ပါး၊ ၁၆-ပါး ခွါပြီးကွာပြီးသားနှင့် တွေ့ရပါသည်။အသိဉာဏ်လည်း ဝိစိကိစ္ဆာ ၈-ပါး၊ ၁၆-ပါးခွါပြီး ကွာပြီးသားနှင့်တွေ့ရပါသည်။ပေါ်သို့သတိပြုပေါ်သို့သတိ ပြုနှင့် သမာဓိရရပြီး အားထုတ်နေတော့။အောက်ပါပုံစံအတိုင်း တွဲရုပ်၊သိတဲ့စိတ်၊ရှုတဲ့စေတသိက်၃ပါးဟာသဟဇာတပစ္စည်းနှင့် တွဲတွဲပြီး ၈ါးမိနစ်ခန့်၊ ၁၀-မိနစ်ခန့်၊ ၁၅-မိနစ်ခန့်၊ နာရီဝက်ခန့်




တနာရီခန့် ကြာ ကြာ ပင် ရှုရှုနေ ရာ ရုပ်နာမ်မှ တပါး ဘာမှ အပို မရှိပါ။ အမှားလဲ မရှိ ပါ။ အမှန် သိပါ၊ သမ္မာဒိဋ္ဌိပါ၊ ဒိဋ္ဌိအားလုံးခွါပြီးသားပါ၊ ပညတ်ဆိုလုံးဝ မဝါတော့ပါ။ ဤပုံစံအတိုင်း (ကောဓမ္မောဘိက္ခဝေ၊ ဘာဝိ

တော၊ဗဟုလီကတော၊ အဘိညာယ၊ သမ္ဗောဓါယ၊ နိဗ္ဗာနာယ
သံဝတ္တတိ) ဆိုတဲ့ ကောနိပါတ်အင်္ဂုတ္တိုရ် ပါဠိတော်ကြီး အတိုင်း
အားထုတ်တော့(သေ) မှာပါး ဘယ်အာရုံတို့မှစိတ်ဟာမသွား
တော့ပါ။ စိတ်ဟာ ရူပါရုံရှိရာ၊ သဒ္ဒါရုံရှိရာ ဂန္ဓာရုံရှိရာ၊ ရသာ
ရုံရှိရာ၊ ဖောဋ္ဌဗ္ဗာရုံရှိရာ၊ ဓမ္မာရုံရှိရာသို့ မသွားဘဲ တခုဉ်သာ
တည်တန့်၍နေသဖြင့် (၂) ဣန္ဒြိယသံဝရ သီလကြီး လုံခြုံသွား
ပါရော။ အပိုလဲမလုပ်ရပါ၊ အမြတ်ထွက်လာတာပါ။ ဣန္ဒြေ
၆ ပါး တံခါး ၆-ပေါက်သဲပိတ်သွားတော့။ (၃) ပါတိမောက္ခ
သံဝရသီလကြီး လုံခြုံပါရော၊ အမြတ်ထွက်လာပါရော။ သီလ
၂-ပါးလုံလျှင် အသက် မွေးကြောင်း စင်ကြယ်တာမို့။ (၄)
အာဇီဝပါရိသုဒ္ဓိ သီလကြီးလုံခြုံပါရောတဲ့။ တဖန် သေ၊ သေနှင့်
ရှုပွါးနေရာ။ ရုပ်မပါတ်၊ နာမ်မပါတ်၊ ပရမတ်ကိုသာ ရှုပွါး၍
နေတာမို့။ (၅) ပစ္စယသန္နိဿိတ သီလကြီး လဲလုံခြုံပါရော၊
အမြတ် ရပါရော။ အဲ၊ တဖန်။ သေ၊ သေနှင့် ရှုပွါးနေရာ။
ပါဏာတိ ပါတာ၊ အဒိန္နာဒါနာ၊ ကာ မေ သု မိစ္ဆာ စာ ရာ၊
မုသာဝါဒါ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပါ၊ အဘိဇ္ဈာ၊
ဗျာပါဒါ၊ မိစ္ဆာဒိဋ္ဌိ ဆိုတဲ့ ဒုစရိုက် ဆယ်ပါး စင်ကြယ် လုံခြုံ
သဖြင့်။ (၆) ဒုစရိုက သီလကြီး စင်ကြယ်၍ သွားပါတယ်။
အမြတ်ရပြန်ပါ၏။ တဖန် အဲဒါလို သီလကြီးအထပ်ထပ်ကလုံခြုံ
တော့ အာရုံ ၆-ပါး၊တံခါး ၆-ပေါက်ပိတ်နေတော့ ကာမစ္ဆန္ဒ
နီဝရဏ ဗျာပါဒနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ
အဝိဇ္ဇာနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ ၆-ပါး၊ ၇-ပါး မဝင်နိုင်ဘဲ

ငြိမ်းသဖြင့်။ (၇) သမထကိစ္စကြီးအောင်မြင်၍ သမထသမာဓိ၊ စိတ္တဝိသုဒ္ဓိကြီးကို အမြတ်ရပါရောတဲ့။ အဲဒါလို တွေ့ရှိလာတဲ့ တရားကိုစာရင်းပြုတော့ သီလကြီး ၄-တန်း၊ ၄-ထပ်၊ ၅-ထပ်လို့ ခြုံဘာက။ (က) သီလဝိသုဒ္ဓိပါဘဲ၊ ဘယ်အာရုံမှမသွားတော့ဘဲ၊ နိဝရဏငြိမ်းသွားတာက။ (ခ) စိတ္တဝိသုဒ္ဓိ သမထ၊သမာဓိပါဘဲ။ (ဂ) သေ၊သေနှင့်ရှုနေတာက ဒိဋ္ဌိအားလုံးကွာသဖြင့် ဒိဋ္ဌိဝိသုဒ္ဓိ ပါဘဲ။ (ဃ) တောကအကြောင်း၊ သိတာကအကျိုး။ ဘယ် သူမှဖန်ဆင်းလို့ဖြစ်ထာမဟုတ်။ ကံ၊စိတ်၊ ဥတု၊အာဟာရကြောင့် ဖြစ်ထာဘဲဟုယုံကြည်တာက ကင်္ခါဝိတရဏ ဝိသုဒ္ဓိပါဘဲ။ (င) ဝါဝါ၊ပြာပြာ အလင်းရောင်များက ပညတ် အမဂ္ဂ တရားဘဲ။ တော သိတာကတော့ မဂ္ဂ တရားပရမတ်ဘဲဟု တွေ့သိရတာက မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိပါဘဲ။ (စ) သေ၊သေ၌ ပရိညာကပြခဲ့ တာလို အနိစ္စ၊ဒုက္ခ၊အနတ္တကို တွေ့ရတာက ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိပါဘဲ။ (ဆ) ဆက်လက်ပြီး အားထုတ်သွားရာ။ ခေါင်း ပျောက်၊ ကိုယ်ပျောက်နှင့် ဘယ်ကပေါ်၍ ဘယ်ကသိနေမှန်း တောင်မသိရဘဲ ကိုယ်မှလွတ်ပြီး သူ့ဟာသူပျက်၊ သူ့ဟာသူသိ နှင့် ပေါ်ပေါ်နေတော့၏။ တွေ့ရပုံမှာ (နဒီသောတောဝိယ) မြစ်ရေ အယဉ်ကဲ့သို့ (ဒီပဇာလာဝိယ) ဆီမီး အလျှံကဲ့သို့။ (ပုဗ္ဗုဠကံ) ရေပွက်ကဲ့သို့။ (မရီစိကံ) တံလျှပ်ကဲ့သို့။ (ဝါဋ္ဋုက တီရပစာနံ) သဲကမ်းပါးကြီး ပြိုကျသကဲ့သို့ စသော ၇၂-မျိုး၊ ၄၀-မျိုးတို့ကို ပညတ်မပါဘဲ ပရမတ်သက်သက်၊ သဘောမျှ သက်သက်၊ ကြိယာမျှသက်သက်၊ အမူအရာမျှသက်သက်ကို ရှုရှု

နေရာ။ (သစ္စံ ဂယှတိ ပုဗ္ဗဘာဂေ၊ ဘာဝနာယ၊ ဝဋ္ဋမာနာယ၊ ပညတ္တိံ သမတိက္က မိတွာ၊ သဘာဝေ ဌာဝ၊ စိတ္တံတိဋ္ဌတိ) ဟူသော ပါဠိယျ အဋ္ဌကထာနှင့် အညီ။ ပညတ်ဆို လုံးဝ ပျောက်၍ ပညတ်နယ်မှလွတ်မြောက်၍ပရမတ်သက်သက် အနိစ္စ ဒုက္ခ၊အနတ္တကိုတွေ့ရပြီးမှ ဖြုံးကနဲ့နိဗ္ဗာန်ရောဆိုက်၍ ၎င်းနိဗ္ဗာန်ခြေ ပင်မဂ်စိတ်ဟာ တည်တော့၏။ အဲဒါ ညာဏဒဿနဝိသုဒ္ဓိပါဘဲ။ မဂ်ဉာဏ်ရပုံပါဘဲ။ ပေါ်ရာ၌ ဝိသုဒ္ဓိကြီး ၇-ပါး ကိုယ်တွေ့ ရပုံတည်း။

## ပေါ် ဉာဏ်စဉ် ၁၆-ပါး ကိုယ်တွေ့

ဝိပဿနာတရားကို အားထုတ်တော့ ခန္ဓာကိုယ်ထဲမှ၊ ဓါတ်ကြီး၄-ပါးတရားတွေဟာ ဌာနနဲ့ သဘာဝနဲ့၊ပမာဏနဲ့၊ ကာလ စနဲ့၊ ပဟာနနဲ့၊ ဉာဏနဲ့၊အာနုဘာဝနဲ့ ၇-မျိုးပေါ်လာပါသည်။ ဥပမာ (၁)ပေါ်တဲ့သဘောက ရုပ်တရားဘဲ၊ သိသိနေတာက နာမ်တရားဘဲ။ အဲဒါကို ရုပ်နှင့်နာမ်ခွဲခြားပြီး တွေ့ရ၊သိရတော့ နာမရူပ ပရိစ္ဆေဒဉာဏ် ကိုယ်တွေ့တည်း။ (၂)ပေါ်တာကအ ကြောင်း ရုပ်တရားပါဘဲ။သိသိနေတာကအကျိုး နာမ်တရားဘဲ စသည်ဖြင့် အကြောင်းအကျိုး ဆက်သွယ်၍ ဖြစ်နေပုံကိုရင်း။ ဘုရား သိကြား ဗြဟ္မာ တန်ခိုးရှိသူတဦးဦးက ဖန်ဆင်းလို့ပေါ် တာမဟုတ်ပါ။ အမှန်မှာတော့ ကံ, စိတ်, ဥတု, အာဟာရ အ ကြောင်း တခုခုကြောင့် ပေါ်တာဘဲဟု သိရ တွေ့ရတော့ ပစ္စယပရိဂ္ဂဟဉာဏ် ကိုယ်တွေ့တည်း။ (၃) သေိသေိနှင့် နေတော့

ရုပ်နာမ်တို့၏မမြဲပုံအနိစ္စမမြဲလို့ သာယာဘွယ်မရှိ၊ နှစ်သက်ဘွယ်မရှိ၊ အားကိုးလို့မရခြင်း စသည်သဘောတို့က ဒုက္ခမြဲတာကို တားမရ၊ဆီးမရ ရှောင်မရလို့ အနတ္တ၊အတိတ်အနာဂါတ်၊ ပစ္စုပ္ပန် ဒူရ၊ အာသန္န၊ ဟီန၊ ပဏီတ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သုခုမ၊ဩဠာရိက အားဖြင့် ၁၁-ဌာနတို့တွင်တပါးပါးသောဌာနတို့၌ လက္ခဏာရေးတွေ့ရလို့ သမ္မသနဉာဏ်ကိုယ်တွေ့။ (၄)သေိဒေသိ၌ ဆိုတဲ့ ရုပ်တရားဝယ်။ စ၍ဖြစ်ထာက ဥဒယပါတဲ့။ အဆုံး၌ပျက်သွားတာက၊ ဝယပါတဲ့။ ဗမာလိုဖြစ်နှင့် ပျက်ပါတဲ့။ ပါဠိလိုတော့ ဥဒယဗ္ဗယပါတဲ့ဟု တွေ့ရတော့ ဥဒယဗ္ဗယဉာဏ်ကိုယ်တွေ့။ (၅) ဘင်္ဂဉာဏ်ဆိုတာ သေ့သေနှင့်ရှုခါနေရင်းပင် ခန္ဓာကိုယ်ထဲမှာ သဲကမ်းပါးကိုရေစားတော့ တဖွါးဖွါးနှင့် အပျက်ကိုသာတွေ့ရတော့သည်။ယထာပုဗ္ဗဠွကံ ပဿေ၊ အရဖြင့် ရေပွက်များပျက်၍နေသလိုတွေ့ရတတ်သည်။ယထာပဿေမရီစိကာ၊အရဖြင့် တံလျှပ်များလို တလျှပ်လျှပ်နှင့် တရိပ်ရိပ်နှင့် ဖြိုးဖြိုးတွေ ဖျင်းဖျင်းတွေ ရှိန်ရှိန်တွေ၊သုတ်သုတ်တွေ ရွရွ မွမွတွေ၊ တရှိန်းရှိန်းတွေ၊ ရှိုးတိုး ရွတတွေ တစစ်စစ် တပြွန်းပြွန်းတွေကို တွေ့ရပါသည်။ အဲဒါ ဘင်္ဂဉာဏ်ကိုယ်တွေ့ပါတဲ့။(၆)ဘယဉာဏ်ဆိုတာ ယောဂီ၏ စိတ်ထဲမှာ ဥပမာ၊ အားဖြင့်ဆိုရသော်။ (က)ကြံ့အပေါင်း ဆင်အပေါင်းတို့ဖြင့်၊ ဝန်းရံခြင်းကိုခံရသောလူကဲ့သို့ရင်း။(ခ)ငှက်ရွန် အပေါင်းတို့ဖြင့် ဝန်းရံခြင်းကို ခံရသောနဂါးကဲ့သို့ရင်း။ (ဂ) စပါးကြီးမြွေပတ်မိသော ခွေးကဲ့သို့ရင်း။ (ဃ)ကျွဲတို့ဖြင့်ဝန်းရံမိသော ဝန်ကဲ့သို့ရင်း။ (င) နဂါးသည် အစဉ်လိုက်အပ်သော

ဖါးကဲ့သို့ရင်း။(စ)သစ်ဆင်သည် အစဉ်လိုက်အပ်သော သမင်ကဲ့သို့ရင်း။(ဆ)အလမ္ပါယ် လက်ထဲသို့ရောက်နေသောမြွေကဲ့သို့ရင်း။(ဇ) ကြောင်နှင့်တွေ့သောကြွက်ကဲ့သို့ရင်း။ (ဈ)ပယောဂဆရာ၏ လက်တွင်းသို့ရောက်သော မြေဘုတ်ဘီလူးကဲ့သို့ရင်း။(ည)ရာဟုခံတွင်းသို့ ရောက်နေသော လကဲ့သို့ရင်း။(ဋ)ချိုင့်ထဲသို့ရောက်နေသောငှက်ကဲ့သို့ရင်း။(ဌ)ပိုက်ကွန်အတွင်းသို့ရောက်နေသောငါးကဲ့သို့ရင်း။ (ဍ) သားရဲပေါသောတောအုပ်ထဲသို့ရောက်နေသော ယောကျ်ားကဲ့သို့ရင်း။(ဎ)ဝေဿဝဏ်နတ်မင်းအား ပြစ်မှားသောဘီလူးကဲ့သို့ရင်း။(ဏ)သေခါနီးသောနတ်သားကဲ့သို့ရင်း(တ)ဘင်ဘုတ်ငရဲသို့ကျခါနီးသောရေဝတီမိမ္မကဲ့သို့ရင်း။ ကြောက်ခြင်းဘေးကြီး။ ထိတ်လန့်ခြင်း ဘေးကြီး၊ ကြက်သီး မွေးညှင်းထခြင်း၊ နှလုံးမသာဘဲ တုံလှုပ်ခြင်းဘေးကြီးများထင်၍ ဆန့်ကျင်ခြင်း၊ မပျော်ရွှင်ခြင်းဖြစ်ရတတ်သည်။ အဲဒါ ဘယညာဏ်ကိုယ်တွေ့ဘဲ။(၇)အာဒီနဝညာဏ်သို့ ရောက်လာတော့ ခန္ဓာကိုယ်ကြီးထဲ၌ အပြစ်တွေ ခန္ဓာကိုယ်၌ ဖြစ်ပေါ်လာသော လောဘ၊ ဒေါသ၊ မောဟစသော အကုသိုလ်ကိလေသာများတစက္ကန့်အချိန်၌ နှင်းကျသလိုဝင်လာသော အပြစ်တွေကို အကုသိုလ်ကိလေသာတို့ကြောင့် အပါယ်သို့ ကျရဦးမည့်အပြစ်အနာအဆာတို့ကို တွေ့ရလေသည်၊ ဉာဏစာဂိမဟာထေရ် ရေးသားအပ်သော ကိလေသာတိုက်ပွဲကြီး၌ အစုံဖတ်ရဦးမည်။ အဲဒါ အာဒီနဝညာဏ်ပါဘဲ။ (၈) နိဗ္ဗိန္ဒညာဏ် ပေါ်လာတော့ ဘယညာဏ်ပေါ်တုန်းက ဘေးကြီးတွေ၊ အာဒီနဝညာဏ်ပေါ်စဉ်

က အပြစ်အနာ အဆာတွေကို တွေ့တွေ့ပြီး ငြီးငွေ့ပြင်းထန်လာတော့၏။(၉)မုစ္စိတုကမျတာဉာဏ် ပေါ်ချိန်၌မူကား ယခင်ပြခဲ့ပြီး ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်တို့က ကျေးဇူးပြုထားသဖြင့်။ ဘဝမှရင်း။ ယောနိမှရင်း။ ဂတိမှရင်း။ ဝိညာဏဋ္ဌိတိမှရင်း။သတ္တာဝါမှရင်း အလွန့်အလွန်ပင်ကျွတ်ချင်လွတ်ချင်ပါတော့သည်။ဂါထာလေးပုဒ်ကို ကြည့်ကြပါလေ။

(၁) လှောင်၊ ခြံ တိုင်း၊ထူး၊ရုံထူး၊ထောင်ပါမျှုံးဇောင်းအတွင်း၊မိခြင်းသံသရာ ထွက်ဘို့ရေးနှင့်ကြံတွေးနှစ်ဖြာ အဟိတ်သား၊ ထိပ်ထားတင်စရာ။(၂)ပိုက်ကွန်နှင့်ငါး၊ မြွေဖါးတသွယ်ချိုင့်တွင်းငှက်များ၊ ကြောင့်ကွင်းသားနှယ်၊ အလမ္ပါယ်ရောက်မြွေဟောက်သဖွယ်၊ ညွှန်နစ်ကြ၊ ဆင်လှရုံးကြတယ်။ (၃)ဂဠုန်နှုတ်ဖျား၊ နဂါးသဖွယ်၊ ရာဟုခံတွင်း၊ လမင်းပုံနှယ်၊ ရန်သူဝိုင်းထား၊ ယောကျ်ားသဖွယ်၊ လွတ်ချင်ကြ၊ ရုံးကြအသွယ်သွယ်။ (၄)မြွေနှင့်မိကျောင်း၊ ထပ်လှောင်းငှက်ဗါ၊ တောခွေးအိမ်ခွေး၊ ခုန်ပြေးမျောက်သာ၊ တိုက်တွင်းလှောင်မွေး၊ ထွက်ပြေးဘို့ရာ၊ အားထုတ်ကြ၊ ဗုဒ္ဓဉ-မာ။

ဤမြန်မာဂါထာ ၄-ပုဒ်အတိုင်း။ (၁) လှောင်အိမ်၌နေရသောငှက်ပမာ။ (၂) ခြံ၌ထား၍ အချုပ်ခံရသော ကျွဲ နွားသမင်များပမာ။ (၃) တိုင်၌အချီခံရသောနွားမြင်းပမာ။ (၄) ထူးအဖွဲ့ခံရသော ဆင်ကဲ့သို့။ (၅) နွားရုံ ကျွဲရုံ၌ နေရသောသတ္တဝါကဲ့သို့။ (၆) ထောင်ထဲ၌နေရသောအကျဉ်းသားကဲ့သို့။ (၇) မျှုံးထဲ၌နေရသောငါးပုဇွန်ကဲ့သို့။(၈)ဇောင်း၌နေရသော

မြင်းကဲ့သို့၊ (၉) ပိုးဘ်ကွန်ထဲကငါးကဲ့သို့။ (၁၀) အလမ္ပါယ် လက်ထဲကမြွေကဲ့သို့၊ (၁၁) ချိုင့်ထဲကငှက်ကဲ့သို့၊ (၁၂) မြွေ ဝါးစပ်ထဲကဖါးကဲ့သို့၊ (၁၃) ကြောင့်ကွင်းမိသောသားငှက် ကဲ့ သို့၊ (၁၄) ညွန့်ခွနစ်သောဆင်ကဲ့သို့၊ (၁၅) ဂဠုန်လက်ထဲက နဂါးကဲ့သို့၊ (၁၆) ရာဟုခံတွင်းက လကဲ့သို့၊ (၁၇) ရန်သူ ဝိုင်းထားခံရတဲ့ ယောကျ်ားကဲ့သို့။ (၁၈) ဥပမာထနည်းသော် ကား၊ တိုက်ကြီးတခုအတွင်း၌ မြွေရယ်၊ မိကျောင်းရယ်၊ ငှက် ရယ်၊ တောခွေးရယ်၊ အိမ်ခွေးရယ်၊ မျောက်ရယ် ရင်း ၆-မျိုး ကိုထည့်ပြီးလှောင်ထားတော့။ မြွေကားခြုံရှိရာသို့စိတ်ကူးသည်၊ မိကျောင်းကားရေထဲက ကျောက်နံရံကိုစိတ်ကူးသည်၊ ငှက်က ကောင်းကင်ကိုစိတ်ကူးသည်၊ တောခွေးကထူးတွင်းကိုစိတ်ကူး သည်၊အိမ်ခွေးကဘောဇ္ဈာတွင်းကိုစိတ်ကူးသည်မျောက်ကတော သစ်ပင်ခွကိုစိတ်ကူးသည်၊ ဤ ၂၃-မျိုးဟာ လွတ်ဘို့ ကျွတ်ဘို့ ကိုသာ လမ်းစရှာ၍ နေကြသည်၊ အဲဒါ မုစ္စိတုကမျတာ ဉာဏ် ပါဘဲ၊ (၁၀) ပဋိသင်္ခါ ဉာဏ်ဆိုတာ လွတ်ချင်ပြီးမှ လွတ်ဘို့ အကြောင်းရှာဘော့။ တွေ့နေတဲ့သင်္ခါရ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တို့ကို အားတိုက်ရှုမှ လွတ်မည်ကျွတ်မည်ဟု ဆင်ခြင်သော ဉာဏ် ပါဘဲ၊ (၁) သင်္ခါရုပေက္ခာ ဉာဏ်ဆိုတာ ရှာမှု၊ ဖွေမှု၊ အိမ်မှု၊ ယာမှုတို့ကို ဥပေက္ခာ ပြုထား၍ အားထုတ်သော ဉာဏ်ပါဘဲ။ (၁၂) အနုလောမ ဉာဏ်ဆိုတာ ဓိထိချတော့ (ပရိကံ ဥပစာ အနုလုံ) ဆိုတဲ့ဉာဏ်မျိုးတည်း တနည်း ရှေးရှေးကံက တွေ့ခဲ့ ပြီးသော သစ္စာမျိုးအာရုံမျိုးနှင့် နောက်အဘို့ မဂ်ဖိုလ်၌တွေ့ရ

တတ်သော သစ္စာမျိုးအာရုံမျိုး တို့ကို တသဘောတည်းဖြစ်စေနိုင်သောဉာဏ်မျိုးပါဘဲ။ (၁၃) ဂေါတြဘူဉာဏ်ဆိုတာပုထုဇဉ်၏အနွယ်ကိုဖြတ်၍ မဂ်ကဲ့သို့ နိဗ္ဗာန်ကိုအာရုံပြုသော (ဝါ) ဖြူးကနဲဖြစ်ပျက်တွေရပ်နားသွားသောအခါ၌ မဖြစ်မပျက်ကိုအာရုံပြုသောအသိဉာဏ်ပင်တည်း။ (၁၄) မဂ်ဉာဏ်ဆိုတာဂေါတြဘူဉာဏ်ကဲ့သို့ပင်ဖြစ်ပျက်များချုပ်ပျောက်သွား၍ မဖြစ်မပျက်တဲ့နိဗ္ဗာန်ကိုသာ ဒုတိယအကြိမ် အာရုံပြုသော ဉာဏ်သာတည်း။ (၁၅) ဖိုလ်ဉာဏ်ဆိုတာ မဂ်ကဲ့သို့ပင် မဖြစ်မပျက်တဲ့ နိဗ္ဗာန်ကို ၂-ကြိမ်ဖြစ်စေ၊ ၃-ကြိမ်ဖြစ်စေ။ လစ်ခနဲ လစ်ခနဲနှင့် အာရုံပြုရသောဉာဏ်မျိုးတည်း။ (၁၆) ပစ္စဝေက္ခဏာ ဉာဏ်ဆိုတာ ငါ့စိတ်၌ ကိလေသာအဘယ်မျှကုန်ပြီ အဘယ်မျှ ကျွင်းကျန်သည်။ မိမိလာခဲ့သော မဂ်သမ်းစဉ်ရောက်နေသော ဖိုလ်နှင့်ချုပ်ငြိမ်းမှုနိဗ္ဗာန်ကို ငါးစုပြု၍ ဆင်ခြင်သော ဉာဏ်တည်း။ ပေါ် ရာ၌ ဤသို့ဉာဏ်စဉ် ၁၆-ပါးကိုယ်တွေ့ရနိုင်ပါသတည်း။

ဂေါတြဘူဉာဏ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်မျိုးကား ကိုယ်တွေ့ သဘောမျိုးမို့ စာဖြင့်ရေး၍မရပါ၊ ပြောဟော၍မရပါ၊ တွေ့ဘူးသောသူများမှ ကျပ်ပြည့်၊ တင်းပြည့်ယုံကြည် နိုင်ပါသည်။ အဲဒီ ဉာဏ်စဉ်မျိုးဟာ ကိုယ်တွေ့မို့၊ ဝရမတ်မို့ ပညတ်ဘင်ပြီးရေးလို့မရပါ။ ရေးလျှင်စာထဲကတရားပင်ဖြစ်မည်။ သို့အတွက်တွေ့ဘူးသူများ မိမိကတွေ့ပြီးသားမို့ စာကိုမြင်ရုံမျှဘတ်ရုံမျှဖြင့် ရိပ်စားမိရုံမျှသာ ကိုယ်တွေ့ဉာဏ်စဉ်ကို သဲလွန်စအနေဖြင့် ရေးသားရပါသတည်း။

## ပေါ်ရာ၌ တရားတော်ဂုဏ် ၆-ပါး ကိုယ်တွေ့

သွာက္ခာတော ဘဂဝတာဓမ္မော၊ သန္ဒိဋ္ဌိကော၊ အကာလိကော ဧဟိပဿိကော၊ ဩပနေယျိကော၊ ပစ္စတ္တံဝေဒိဘဗ္ဗော။ ။ သွာက္ခာတောဆိုတာ။ ဘုရားက ခန္ဓာကိုယ်မှာ ရုပ်နာမ် ရှိတယ် ရှာကြံတော့ဟုဟောပါတယ်။ ဝိပဿနာနည်းအတိုင်းရှာတော့ တွေ့ရုပ်နှင့် သိတဲ့နာမ်ကို ဌာနနဲ့၊ သဘာဝနဲ့၊ ပမာဏနဲ့၊ ကလာပနဲ့၊ ပဟာနနဲ့၊ ဉာဏနဲ့၊ အာနုဘာဝနဲ့ ၇-မျိုးတွေ့ရသည်။ အဲဒါ စာတွေ၊ ငါတွေ့ကိုက်ညီလှသဖြင့် သွာက္ခာတော်နဲ့တွေ့ရတာပါ။ (၂) သန္ဒိဋ္ဌိကောဆိုတာ ခန္ဓာထဲ၌ ပေါ်၍ ပေါ်၍ နေတာကို ၇-မျိုးနဲ့တွေ့ရပါတယ်။ ရွရွနှင့်ပေါ်တာက အပေါ်ရေကပေါ်တာပါ။ ယားယားနှင့်ပေါ်တာက အတွင်းရေကပေါ်တာပါ။ နာနာစူးစူးနှင့် ပေါ်တာက အသားကပေါ်တာပါ။ တောင့်တောင့် တင်းတင်းနှင့် ပေါ်တာက အကြောက ပေါ်တာပါ။ ဂျိုးကနဲဂျွတ်ကနဲ မည်၍ပေါ်တာက အရိုးထဲက ပေါ်တာပါ။ တစိမ့်စိမ့်နဲ့ အသဲခိုက်ပေါ်တာက ရိုးတွင်းချင်ဆီက ပေါ်တာ။ ကိုယ်ပျောက်လက်ပျောက် ခန္ဓာပျောက်နှင့်ပေါ်တာက နိရောဓနဲ့ပေါ်တာပါ။ အဲဒါလို ၇-မျိုးနှင့်ပေါ်တာဟာ သန္ဒိဋ္ဌိကောပါဘဲ။ (၃) အကာလိကောဆိုတာ အားထုတ်တိုင်းတွေ့ရ၊ တရားနာရင်းလဲ တွေ့ရ၊ အရာရာတိုင်းတွေ့ရ၊ စာဘတ်ရင်းလဲတွေ့ရတာမျိုးကိုဆိုပါတယ်။ (၄) ဧဟိပဿိကောဆိုတာ လာလှည့်ပါ၊ ရှုလှည့်ပါဟု ခေါ်ခေါ်ပြတာမို့ ရုပ်က ငါပေါ်ပြီကွဲ့၊ နာမ်ကလာပြီးရှုပါတော့ဟု ခေါ်ပြသကဲ့သို့ ပေါ်သိ ပူပေါ်

သိနှင့် တွေ့ရတာမျိုးပါ။ (၅) ဩဝါဒနေယျံကော ဆိုတာ စိတ်ပြောင်း၊ သဘော ပြောင်း၊ မနေ ပြောင်းကို ဆိုလိုပါတယ်။ (၆)ပစ္စတ္တံဝေဒိတဗ္ဗော ဆိုတာ မိမိရတဲ့ တရားကို မိမိတဦးထဲသာ ကျေကျေနပ်နပ်သိ၍နေတာ သူတပါးအား ပြောလဲမရပါ။ ပြောလဲမယုံနိုင်ပါ။ ပေါ်သူ၏ ကိုယ်ပိုင်အသိ အတွေ့ပါဘဲ။ အဲဒါပေါလို့ တရားတော်ဂုဏ် ၆ ပါးနှင့်တွေ့ ရတာပါဘဲ။

## ပါရမီကပြ ပေါ်အဓိပတိဘဲ ကျန်နောက်လိုက်ပါ

(ရာဇာအဂ္ဂတိ)ပဓါနနည်း၌ ဘုရင်မင်းမြတ်လာတယ်ဟု ဆိုရာဝယ်။ ပြဋ္ဌာန်းတဲ့မင်းကိုသာ ပဓါနနည်း။ အဓိပတိပစ္စည်းနှင့်ပြောတာ။ မင်းကြီးတဦးထဲလာသည်မဟုတ်၊ ဆိုင်ရာမှူးမတ်ဗိုလ်ပါ၊ စစ်သားတွေပါပါတာဘဲ။ တာပေမဲ့ ဘုရင်လာတယ် ဘုန်းကြီးကြွလာတယ်ဟုပြောရာ၌ ပဓါနကိုသာ ပြောတာပါ။ အပဓါနများကိုလဲ သိရ၏။ ယခုလဲတရားကို အားထုတ်တော့ ပါရမီက(ပေါ်သိ ပေါ်သိနှင့်)ရုပ်မှာလဲပဓါနရုပ်၊ အဓိပတိပစ္စည်း၊ ခေါင်းဆောင်သာ တွေ့ရပါတယ်။ အသိနာမ်မှာလဲ ပဓါနနာမ်၊အဓိပတိပစ္စည်းခေါင်းဆောင်ကိုသာရှုပါ။ တွေ့ရပါတယ်။ ၎င်းပဓါနနည်း အဓိပတိပစ္စည်း (ပေါ်သိ)ကိုသာ ရှုပါ။ အပဓါန နောက်လိုက်များကို မရှုပါနှင့်ဟု ပါရမီကပြတာပါ။ ရုပ်၌သဘောကားပဓါနနည်းအဓိပတိပစ္စည်းပါ၊ ဒါဘဲရှုပါ၊ ၎င်းနောက်လိုက်တို့ကား ၎င်းတည်ရာဌာနက ပထဝီဓါတ်တခု။

ကိုလှုပ်ရှားစေတာက ဝါယောဓါတ်တခုဓါတ်၊ ပထဝီဓါတ် ဝါယောဓါတ် ၃-ခုကိုတွဲသွားတာ ကပ်ထားတာက အာပေါဓါတ်တခု ဖော်မှာပါတဲ့ အဆင်းဝဏ္ဏရုပ်၊ အနံ့ဂန္ဓရုပ်၊ အရသာက ရသရုပ်၊အဆီဩဇာက ဩဇာရုပ်အားဖြင့် နောက်လိုက် ၇-ပါးပါရှိပါသည်။ ပေါ်တာ အဋ္ဌကလာပ်ရုပ် ဓါတ် ၈-ပါးပါတဲ့ရုပ်အထဲက အဓိပတိပစ္စည်း၊ ပဓါနနည်းဖြစ်တဲ့ ဘေဇော်ဓါတ် သေဘောကိုသာရှုရပါတယ်။ကျန် ၇-ပါးမရှုပါနှင့်။ ။နာမ်အသိလဲစိတ်ဝိညာဉ်ဆိုတဲ့ ပဓါနနည်း၊ အဓိပတိပစ္စည်းကိုသာပါရမီအပြုပါတယ်။ ဒါကိုဘဲရှုပါတဲ့၊နောက်လိုက် ၃၈-ပါးတို့ဘာ တွဲပါလာပေမဲ့-မရှုပါနဲ့တဲ့။ အသိစိတ်၌ တွဲ၍ပါလာသော စေတသိက် နာမ်တို့ကား။ သဗ္ဗသာဓါရဏ စေတသိက်က ၇-ပါး၊ပကိဏ်း စေတသိက်က ၆ ပါး၊သောဘာဏဆုသီ စေတသိက်က ၂၅-ပါးအားဖြင့် ၃၈-ပါး သော စေတသိက် နောက်လိုက်များပါ၍ လာပါသည်။ ဒါပေမဲ့-အပဓါန အနုဓိပတိဖြစ်တဲ့ ၃၈-ပါးကိုမရှုနဲ့၊ ခေါင်းဆောင် ပဓါနနည်း အဓိပတိပစ္စည်းဖြစ်တဲ့(အသိ)စိတ်ဝိညာဉ်၊ မနောတခုကိုသာရှုပါလေ။အဲဒါပေါ်ရာ၌ အဓိပတိသာရှုရပုံ နောက်လိုက်တွေ (၇)(၃၈)ပါးကို ဥပေက္ခာထားပါလေ။

## သာသနာ့အံ့ဩဘွယ်၈ ပါးအတိုင်း ဓါတ်ပေါ်ပုံ

(၁) အစဉ်နက်ဝှမ်းဆိုတာ ဓါတ်ပေါ်သည်ကစ၍အစဉ်အတိုင်း ဓါတ်၊ ကလာပ်၊ လက္ခဏာရေး၊ ဉာဏ်၊ မဂ်ဖိုလ်နိဗ္ဗာန်

အထိတဖြေးဖြေးနက်နက် သွားပါသည်။ (၂)ကမ်းကိုမလွန်ဆို
တာ (သေိ)ရုပ်နာမ် ပရမတ်ကမ်းကိုလွန်ပြီး ပညတ်ကမ်းသို့
မရောက်ပါ။ ဥပမာ၊ (သေိ)ပေါ်တာကို ငါငါ၊ သူသူ၊ လူလူ၊
နတ်နတ်မှားပြီး မစွဲလမ်းတော့ပါ။ (၃) ရှိဘွယ်ဆယ့်ပြစ်
ဆိုဘာ သေိနှင့်ရုပ်နာမ်ကိုတွေ့ပြီးသောသူဟာ အမှား ၂၆-ပါး
၂၀-ပါး၊ ၃-ပါး၊ ၁၀-ပါး၊၅-ပါး၊၁၅-ပါး၊၆၂-ပါး၊၉၆-ပါး
၈-ပါး၊ ၁၆ ပါးတို့ကိုဖယ်၍ပြစ်သည်။ ဖယ်ရှားသည်။ ရှောင်
ကြဉ်သည်။ (၄) တမည်ဖြစ်ခြင်းဆိုဘာ သေိနှင့် တွေ့ရတော့
ခန္ဓာလဲသေိ၊ အာယတနလဲသေိ၊ ဓါတ်တရားလဲသေိ၊ သစ္စာလေး
ပါးလဲ သေိ၊ ပဋိစ္စသမုပ္ပါဒ်လဲ သေိ၊ ပဋ္ဌာန်းလဲ သေိနှင့်ပရမတ်
ဆိုတဲ့အမည်။ တနည်း၊ ဓါတ်ဆိုတဲ့ အမည်တခုထဲပင် တည်ရှိ
ပါတော့သည်။ (၅)မရွှင်းမတိုး ဆိုတာလူတွေ နတ်တွေ ပြဟ္မာ
တွေဖြစ်၍ အဘယ်မျှလောက် တိုးပွါးနေကြပေမဲ့ ရုပ်နာမ်
၂-ပါးသာရှိတယ်။ ဓါတ် ၄-ပါးသာ ရှိတယ်ဟု တိုး၍ရချေ။
ဥပမာ အားလုံးသတ္တဝါတွေလဲ နဲနဲ့များများ ရုပ်နာမ်၂ ခုထဲရှိ
တယ်ဟုဆိုပါတယ်။ (၆)ဆယ်မျိုးရတနာဆိုတာ သေိ့ သေိနှင့်
ပေါ်တော့ သတိပဋ္ဌာန်၊ သမ္မပဓါန်၊ ဣဒ္ဓိပါဒ်၊ ဣန္ဒြေ၊ ဗိုလ်
ဗောဇ္ဈင်၊ မဂ္ဂင်တွေဖြစ်ပြီး လောကုတ္တရာ ရတနာများသာတည်
လာပါသည်။ (၇)ရသာဆားတူဆိုတာ ဒေဘဲပေါ်ပေါ်၊ ပူဘဲ
ပေါ်ပေါ် ဘာနဲ့ဘဲပေါ်ပေါ် နိဗ္ဗာန်ရောက်ဘို့ အရသာတခုပါ
ဘဲတဲ့။ (၈)ကြီးသူနေရာ အုံ့ရှစ်ဖြာ ဆိုတာကတော့ ဒေပေါ်
ဒေပေါ်နေရာ။ လိုပေါ်သောရုပ်၊ သိသောနာမ်။ (၀ါ)ရုပ်နာမ်

၂-ပါးဟာ ပရမတ်မို့၊ အဘိဓမ္မာမို့၊ တရားမို့ သစ္စာမို့၊ဘုရားတွေ၊ ပစ္စေကဗုဒ္ဓါတွေ၊ အဂ္ဂသာဝကတွေ၊ မဟာသာဝကတွေ ပကတိသာဝကတွေ၊ ရဟန္တာတွေ၊ အနာဂါမ်တွေ၊ သကဒါဂါမ်တွေ၊ မသာတာပန်တွေနေတဲ့ ပင်လယ်ကြီးသဖွယ်ဘည်း။ ငါးကြီးများဟာ ပင်လယ်သမုဒ္ဒရာ၌ နေကြဘာလိုပြခဲ့ပြီး အရိယာ သူမြတ်ကြီးတွေဟာပရမတ် သာသနာ အဘိဓမ္မာ သာသနာ၌ သာ အမြဲတမ်း နေကြပါသည်။ အဲဒါသို့စေဘို့ [ဆောင်ပုဒ်လင်္ကာ] အစဉ်နက်ဝှမ်း၊ ကမ်းကိုမလွန်၊ ရွံဘွယ်ဆယ်ပြစ်၊ တမည်ဖြစ်ခြင်း၊ မရှင်းမတိုး၊ ဆယ်မျိုးရဘနာ၊ ရသာဆားတူ၊ ကြီးသူနေရာ၊ အံ့ရှစ်ဖြာသည်။ သာသနာ့ အံ့ ဘွယ် ခေါ် သတည်း။

## ပေါ်ရာဝယ် တဆဲ့တဋ္ဌာန၌ ယုံမှားကင်းရခြင်း

ဝိပဿနာအားထုတ်တော့ခန္ဓာထဲမှ‌ဧေဧေနှင့်ရုပ်ပေါ်၍နာမ်ကသိပါသည်။ဧင်းဧသော သိတတောဧာရုပ်တရားကိုတွေ့ရရုံမျှနှင့် တဆဲ့တဋ္ဌာန၌ ယုံမှားကင်းရပုံမှာ၊ အတိတ်သံသရာက သိတဧတဧောလဲ သေဘောပါဘဲ။ အနာဂါတ်ကသိတဘောဧော လဲသေဘောပါဘဲ။ ပစ္စုပ္ပန်သိတတောဧာလဲ သေဘောပါဘဲ။ ဒွါရအဝေးရှိ သိတဧတဧောလဲ သေဘောပါဘဲ။ အာသန္နအနီးရှိ သိဘတောဧာလဲသေဘောပါဘဲ၊ဟီန၊ ယုတ်ညံ့သောသိတတော ဧော သေဘောပါဘဲ။ ပဏီတမွန်မြတ်သော သိတတောဧာလဲ သေဘောပါဘဲ။ အဇ္ဈတ္တအတွင်းရှိ သိတတောဧာလဲ သေဘော

ပါတဲ့။ ဗဟိဒ္ဓအပြင်ရှိ သီဘာတောဇောလဲ သဘောဘာပါတဲ့။ သုခုမ သိမ်မွေ့တဲ့ သီတတေဇောလဲ သဘောဘာပါတဲ့။ ဩဠာရိက ကြမ်းထမ်းတဲ့ သီဘာတေဇောလဲ သဘောဘာပါတဲ့ဟူ၍ ယုံမှားကင်းရပါသည်။ အဲဒါနုမူနာတည်း။ စိတ် ၁၂၁-ပါး၌ရှင်း။ စေတသိက် ၅၂-ပါး၌ရှင်း။ ရုပ် ၂၈-ပါး၌ရှင်း။ ယင်းသခ်ါရ တရားထဲက တပါးပါးကိုတွေ့လျှင် ၁၁-ပါးစီ ၁၁-ပါးစီ ယုံမှားကင်းသည်သာတည်း။ အတိတ်၊ အနာဂါတ်၊ ပစ္စုပ္ပန်၊ ဒုရ၊ အာသန္န၊ ဟီန၊ ပဏီတ၊ အဇ္ဈတ္တ၊ ဗဟိဒ္ဓ၊ သုခုမ၊ ဩဠာရိက၊ ၁၁-ပါး အားဖြင့် အမှန်သိတာပါတဲ့။

## ပထဝီ၌အဓိပတိ (၁)နောက်လိုက် (၇)ပါး

ပထဝီ၌ လူတိုင်းကပင် မြေကြီးကို ပထဝီဓာတ်ဟု အယူရှိကြသည်။ ပညတ်ပင်တည်း။ ပရမတ်ပထဝီကား။ မြေကြီးကဲ့သို့ဒြပ်နဲ့ သဏ္ဌာန်နဲ့၊ အထယ်နဲ့၊ မဟုတ်ပါ။ ခွဲ၍ပြဦးအံ့။ ထိုမြေကြီး၌၊ ဒခြင်း၊ ပူခြင်း၊ သဘောကလေးကား၊ တေဇောဓာတ်ပါတဲ့။ ထိုတေဇောဓာတ်တို့ လှုပ်ရှားမှု ထောက်ကန်မှု သဘောကား ဝါယောဓာတ်ပါတဲ့။ ထိုတေဇော ဝါယောဓာတ်တို့ကိုဖွဲ့စည်း၍ ပေးမှု၊ သဘောကား အာပေါဓာတ်ပါတဲ့။ ၎င်းတေဇော၊ ဝါယော အာပေါဓာတ်ကြီး ၃-ပါးတို့ တည်နေနိုင်မှု ခံထားမှု သဘောကား ပထဝီဓာတ်ပါတဲ့။ (ဝါ)တနည်းကား၊ မြေကြီး ပညတ်၌ နူးမှုမာမှုကားပထဝီဓာတ်ပါတဲ့။ မြေကြီး၌အဆင်းကား ဝဏ္ဏပါတဲ့။ အနံ့ကား ဂန္ဓပါတဲ့၊ အရသာကား ရသပါတဲ့၊

မြေကြီး၌ ဩဇာအဆီခေါ်ကား ဩဇာပါတဲ့ ၎င်းခေါ်ဂ-ပါး ဟာ သဘောမတူကြပါ၊ အမူအရာကွဲပါတယ်။ မရောကြပါ။ အဲဒါလို ခေါ်တဲ့ ဂ-ပါးရှိ၍နေသော်မှ ပထဝီသဘောက စိုးမိုး အုပ်စိုး၍နေသဖြင့် အဓိပတိပစ္စည်းအနေဖြင့် မြေကြီးကို ပထဝီ ခေါ်ဆိုဟူ၍အခံခေါ်သဘောကိုကြည့်ပြီးသမုတ်ကြသည်။ ခေါ ခမွာမို့ ကြီးမှုးရာကို ရှုပ်းကြပ သော။ မင်ဖိုလ်ရနိုင်ပါသည်။ ဂ-ပါးစလုံးမရှုရပါ။ စိတ်များ၌ အာရုံပြားတတ်ပါသည်။

## အာပေါ်၌အဓိပတိ (၁) နောက်လိုက် (၇) ပါး

အာပေါ်၌ လူတိုင်းကာင် ရေကို အာပေါ်ခေါ်ဟု အယူရှိကြသည်။ ပညတ်ဘည်း၊ပရမတ်အာပေါ်ကား ရေကဲ့သို့ အထယ် ဖြစ်နဲ့မဟုတ်ပါ ခဲ၍ပြီးအုံ။ ထိုရေ၌ထိလာသောအခါ။ မှေပမှု သဘောကား တေဇောခေါ်တပ်တည်း။ ထိုထိုတေဇောခေါ်တို့ လှုပ်ရှားစေမှု ထောက်ကန်စေမှုကား ဝါယောခေါ်တပ်ပါတဲ့။ ထို တေဇောဝါယောကို ဖွဲ့စည်းပေးမှုသဘောကား အာပေါ်ခေါ်တ် ပါတဲ့၊ ထိုတေဇော၊ ဝါယော၊ အာပေါ်ခေါ်တ် ၃-ပါးတို့ တည် နေနိုင်မှု ခံအားမှုကား ပထဝီခေါ်တပ်ပါတဲ့။ (ဝါ) တနည်းကား ရောညတ်၌ နူမှု၊ မာမှုသဘောကား ပထဝီခေါ်တပ်ပါတဲ့။ ရေ၌ အဆင်းကား ဝဏ္ဏပါတဲ့ အနံ့ကား ဂန္ဓပါတဲ့၊ အရသာကား ရသပါတဲ့။ ရေ၌ဩဇာခေါ်တ်ဆီကား ဩဇာပါတဲ့။ ၎င်းခေါ်တ် ဂ-ပါးတို့ဟာ သဘောချင်းမတူကြပါ၊ အမူအရာကွဲပါတယ်၊ မရောကြပါ။ အဲဒါလို ခေါ်တ် ဂ-ပါးရှိပေမဲ့ အာပေါ်က ကြီး

မှူးအုပ်စိုး၍နေသဖြင့် အဓိပတိ ပစ္စည်းအနေဖြင့် ရေကိုအာပေါ ဓာတ်ဟု ဖွဲ့စည်းသဘောကို ကြည့်ပြီးသမုတ်ကြသည်။ ဒကော မမေ့ာမို့ ကြီးမှူးရာတခုကိုသာ ရှုကြပါလေ။ မဂ်ဖိုလ်ရနိုင်ပါ သည်။ ၈-ပါးလုံးမရှုရပါ၊ စိတ်များ၍အာရုံပြားတတ်ပါသည်။

တေဇောဓာတ်အဓိပတိ(၁)နောက်လိုက်(၇)ပါး

တေဇောဓာတ် လူတိုင်းကသင်မီးကို တေဇောဓါတ်ဟုအယူရှိကြ သည်၊ ပညတ်တည်း။ ပရမတ်မီးကား မီးတောက် မီးကျီးကဲ့သို့ အထယ် ဒြပ်မဟုတ်ပါ။ ခွဲ၍ပြဦးအံ့၊ ထိုမီးတောက် မီးကျီး၌ ပူခြင်းသဘောကား တေဇောဓါတ်ပါတဲ့၊ ထိုတေဇောဓါတ်ကို လှုပ်ရှားစေမှု၊ ထောက်ကန်စေမှုကား ဝါယောဓါတ်ပါတဲ့။ ထိုတေဇော ဝါယောကိုဖွဲ့စည်း၍ ပေးမှုကား၊ အာပေါဓါတ် ပါတဲ့။ ၎င်းတေဇော ဝါယော အာပေါဓါတ် ၃-ပါးတို့ တည် တန့်၍နေနိုင်မှုကား ပထဝီဓါတ်ပါတဲ့။ (ဝါ) တနည်းကား၊ မီးပညတ်၌ နူမှု၊ မာမှုကား ပထဝီ ဓါတ်ပါတဲ့။ မီး၌အဆင်းကား ဝဏ္ဏပါတဲ့။ အနံ့ကားဂန္ဓပါတဲ့၊ အရသာကား ရသပါတဲ့၊ ဩဇာ ဓါတ်ဆီကား ဩဇာပါတဲ့၊ ၎င်းဓါတ် ၈-ပါးတို့ဟာ သဘော ချင်းမတူကြပါ၊ အမှုအရာကွဲပါတယ်။ မရောကြပါ၊ အဲဒါလို ဓာတ် ၈-ပါးရှိ၍နေပေမဲ့ မီးဆိုတဲ့ တေဇောသဘောက ကြီး မှူး အုပ်စိုး၍နေသဖြင့် အဓိပတိပစ္စည်းအနေဖြင့် မီးကိုတေဇော ဓာတ်ဟူ၍ ပူမှုသဘောကိုကြည့်ပြီး သမုတ်ကြသည်။ ဒကော မမေ့ာမို့ ကြီးမှူးရာကိုရှုကြပါလေ၊ မဂ်ဖိုလ်ရနိုင်ပါသည်၊ ၈-ပါး လုံးမရှုရပါ စိတ်များ၍အာရုံပြားတတ်ပါသည်။

## ဝါယောဓာတ်အမိပတိ (၁) နောက်လိုက် (၇) ပါး

ဝါယောဓာတ် လှုပ်ရှားတတ်သော သဘောဖြစ်၍ ဝါယောဓာတ်ဟု အယူရှိကြသည်။ ပညတ်တည်း။ ပရမတ်ဝါယောကား လေကဲ့သို့မဟုတ်ပါ ခဲ့၍ပြုပါဦးအံ့။ ထိုလေဓာတ် ခြင်း ပူခြင်းသဘောကား တေဇော ဓါတ်ပါတဲ့။ ထိုတေဇောဓါတ်တို့ကို လှုပ်ရှားစေမှု ထောက်ကန် စေမှုကား ဝါယောဓါတ်ပါတဲ့။ ထိုတေဇော ဝါယောဓါတ်ကို ဖွဲ့စည်း၍ပေးမှုကား အာပေါဓါတ်ပါတဲ့။ ၎င်းတေဇော၊ ဝါ ယော၊ အာပေါဓါတ် ၃-ပါးတို့တည်နေနိုင်မှုကား ပထဝီဓါတ် ပါတဲ့။ (ဝါ) တနည်းကား လေပညတ်၌ နူးမှု၊ မာမှုကား ပထဝီ ဓာတ်ပါတဲ့။ လေ၌အဆင်းကား ဝဏ္ဏပါတဲ့။ (လေနီကျွန်းကို ရည်သည်) အနံ့ကား ဂန္ဓပါတဲ့။ အရသာကား ရသဓါတ်ပါတဲ့ ဩဇာ ဓာတ်ဆီကား ဩဇာပါတဲ့။ ၎င်းဓါတ် ၈-ပါးတို့ဟာ သဘောချင်း မတူကြပါ၊ အမူအရာကွဲပါတယ်၊ မရောကြပါ။ အဲဒါလိုလေဓာတ် ၈-ပါးရှိနေပေမဲ့ ဝါယောသဘောကကြီး မှု အုပ်စိုးနေသဖြင့် အမိပတိပစ္စည်းအနေဖြင့် လေကိုဝါယော ဓါတ်ဟု လှုပ်ရှာခြင်း သဘောကိုကြည့်ပြီး သမုတ်ကြပါသည်။ ကောဓမ္မောမို့ ကြီးမှူးရာကိုသာရှုကြပါလေ၊ မင်္ဂဖိုလ်ရနိုင်ပါ သည်။ ၈-ပါးလုံးမရှုရပါ၊ စိတ်မျှား၍အာရုံပြားတတ်ပါသည်။

(နမူနာယူကြရန်သာတည်း။) ကောဓမ္မောဘိက္ခဝေ၊ ဘာ ဝိဘော၊ ဗဟုလိကတော၊ အတိညာယ၊ သမ္မောဓါယ၊ နိဗ္ဗာ နာယ၊ သံဝတ္တတိ။ ကောအင်္ဂုတ္တိုရ် ပါဠိတော်မှာ ဘုရားဟော

ထားပါသည်။ တနည်းနမူနာယူရန်မှာ ပထဝီဓာတုံခေါ်ရာဟုလ အနိစ္စတော၊ ဇာနတော၊ ပဿတော၊ သက္ကာယဒိဋ္ဌိံ၊ ပဇဟာတိ၊ ဝိစိကိစ္ဆံပဇဟာတိ၊ အဝိဇ္ဇာပဟီယတိ ဝိဇ္ဇာဥပ္ပဇ္ဇတိ၊ သံယုတ် ရာဟုလောဝါဒသုတ်တော်သာဝကာပါဟိစတုန္နံ ဓာတူနံ ကေဒေဿမေဝ သမ္မသိတွာ၊ နိဗ္ဗာနံပါပုဏန္တိ။ မူလပဏ္ဏာသ အဋ္ဌကထာ များ၌ တင်ထားရာ ရုပ်တခုထဲသာ မဲမဲသဲသဲရှုကြပါတဲ့ဗျား။

သေ၊ ဝိနည်း၊ အဓိသီလ သိက္ခာ၊ သာသနာ ၄-ဘဲ့ရ

သာသနာဆိုတာ မြတ်စွာဘုရား၏အဆုံးအမပါဘဲ၊ (၁)မှာ ကာယကံ၊ ဝစီကံကို ထိန်းဘို့တည်း၊ သီလသာသနာ။ (၂) မှာ မနောကံကို ထိန်းသိမ်းဘို့တည်း၊ သမာဓိသာသနာ။ (၃) မှာ သဘာဝကိုသိဘို့ဘည်းပညာသာသနာ [ရေုပ်Xသိနာမ်] ပါဏာတိပါတ၊ အဒိန္နဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပဝါစာ၊ အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိ။ ဤပုံစံ၌ တွေ့ရုပ်ကိုသိတဲ့နာမ်က ပေါ်သိ၊ပေါ်သိနှင့် ရှုကာ, ရှုကာနေတော့ ၎င်းစိတ်ဖြင့် သူ့အသက်လဲ မသတ်ပါ။ သူ့ဥစ္စာလဲမခိုး၊ သူ၏သားမယားကို လဲမပြစ်မှား၊ လိမ်၍လဲမပြော၊ ကုန်းလဲမတိုက်၊ ဆဲဆိုခြင်းလဲမပြု၊ အကျိုးမဲ့စကားလဲ မပြော၊ သူ့ပစ္စည်းလဲ သူခိုးမကြံစီ၊ သူတပါးကိုလဲ ဖျက်ဆီးဘို့ မကြံပါ၊ မိစ္ဆာဒိဋ္ဌိလဲမယူဝါ။ စိတ်သည်တွေ့ရုပ်၌သာ တည်ငြိမ် နေသဖြင့် ဒုစရိုက်ဆယ်ပါးသို့မသွားနိုင် မလွန်ကြူးနိုင်တော့ပါ ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးဆိုတဲ့ ဒုစ

ရိုက် ၁၀-ပါးလုံးခြုံလို့ ဝိနည်းလဲရ၏၊ အဓိသီလလဲဖြစ်၏၊ သီလ၊ ဝိသုဒ္ဓိလဲဖြစ်၏၊ အဓိသီလသိက္ခာလဲဖြစ်၏၊ အဓိသီလသာသနာလဲ ဖြစ်၏။

ဧသိ၊ သုတ္တန် အဓိစိတ္တ၊ သိက္ခာ၊ သာသနာ ၄-ဘွဲ့ရ

[ရေပ်Xသိနာမ်] ကာ၊ ဗျာ၊ ဥ၊ ကု၊ ထိ၊ မိ၊ ဝိဇ္ဇာ၊ နီဝရဏ ငြိမ်းပုံတည်း။ ပုံစံ၌ ဧတေ့ရုပ်ကိုသိတဲ့နာမ်က ပေါသိ၊ပေါသိနှင့် ရှုကာ၊ ရှုကာနေတော့ (သီလတုံးကပင် တံခါး ခြောက်ပေါက် ပိတ်ခဲ့ပြီးဖြစ်၍) စိတ်ထဲသို့ ကာမဆန္ဒနီဝရဏ၊ ဗျာပါဒနီဝရဏ၊ ဥဒ္ဓစ္စနီဝရဏ၊ ကုက္ကုစ္စနီဝရဏ၊ ထိနမိဒ္ဓနီဝရဏ၊ ဝိစိကိစ္ဆာနီဝရဏ အဝိဇ္ဇာနီဝရဏဆိုတဲ့ နီဝရဏတရား ၆-ပါး၊ ၇-ပါးတို့မဝင်နိုင်၍ သုတ္တန်လဲရ၏ အဓိစိတ္တလဲရ၏၊ စိတ္တဝိသုဒ္ဓိလဲရ၏၊ အဓိစိတ္တသိက္ခာ လဲရ၏၊ အဓိစိတ္တသာသနာလဲရ၏။

ဧသိအဘိဓမ္မာ၊ အဓိပညာ၊ သိက္ခာ၊ သာသနာ ၄-ဘွဲ့ရ

[ရေပ်Xသိနာမ်] မဂ္ဂင်ရှစ်ပါးဇယားကိုလဲ ကြည့်ပါဦး။

| | | |
|---|---|---|
| ဒိဋ္ဌိ၊ ပွ၊ ၂ ပါး | ဝါစာ၊ ကမ္မ၊ | ဝါယာ၊ သတိ၊ မိ |
| အဓိပညာ | အာဇီဝ ၃-ပါး | ၃-ပါး |
| အဓိပညာ သိက္ခာ | အဓိသီလ | အဓိစိတ္တ |
| အဓိပညာ | အဓိသီလသိက္ခာ | အဓိစိတ္တသိက္ခာ |
| သာသနာ | အဓိသီလ | အဓိစိတ္တ |
| ဒိဋ္ဌိဝိသုဒ္ဓိ ငါးပါး | သာသနာ | သာသနာ |
| | သီလဝိသုဒ္ဓိ ၁ ပါး | စိတ္တဝိသုဒ္ဓိ ၁-ပါး |

ဤပုံစံ၌ ဘေ့ရုပ်ကို သိတဲ့နာမ်က ပေါသိ၊ပေါသိနှင့်ရှုကာ

နေတော့ ရင်းစိတ်သည် ပရမတ်ကို (ဝါ) အဘိဓမ္မာကို (ဝါ) သစ္စာကို (ဝါ) အမှန်အကန်ကိုသာ သိသိနေသဖြင့် သမ္မာဒိဋ္ဌိပါတဲ၊ သမ္မာဒဿနပါတဲ၊ အဝိပရိတဒဿနပါတဲ၊ ယထာဘူတဉာဏ်ပါတဲ။ တဖန် တောက ရုပ်၊ သိတာက နာမ်ဟူ၍ ကြံစီတာက သမ္မာသင်္ကပ္ပပါတဲ။ တောကိုသိနေတုံးမှာ ဝစီကံ ၄-ပါးမကြူးမလွန်ပါ၊ သမ္မာဝါစာတဲ။ တောကိုသိနေတုံးမှာ ကာယကံ ၃-ပါး မလွန်ကြူးပါ၊ လုံခြုံတာက သမ္မာကမ္မန္တပါတဲ။ တောကိုသိ၍နေတုံးမှာ ကာယကံ ၃-ပါးနှင့် ဝစီကံ၄-ပါးလုံခြုံ၍အသက်မွေးစင်ကြယ်တာက သမ္မာအာဇီဝပါ။ တောကိုသိ၍နေတုန်းမှာ ဝီရိယပြု၍ရှုရှုနေတာက သမ္မာဝါယမပါ။ တောကိုသိ၍နေတော့ သတိမပြတ်အမြဲသတိထား၍နေတာက သမာသတိပါတဲ၊တော့ရုပ် အာရုံတခုထဲ၌သာ တည်ကြည်ငြိမ်သက်၍နေတာက သမ္မာသမာဓိပါ၊ ကောသိနေရင်းဗင်မဂ္ဂင် ၈-ပါးအစုံအလင်ဝင်တော့၏။တော့ရုပ်၊ သိတဲ့နာမ်(ဝါ)ရုပ်နာမ် ၂-ပါးထဲမို့ အဘိဓမ္မာပိဋကတ်ပါတဲ။ရင်းမဂ္ဂင် ၈-ပါးထဲမှာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင် ၃-ပါးကအဓိသီလပါတဲ။ အဓိသီလသိက္ခာလဲခေါ်ပါ အဓိသီလသာသနာလဲခေါ်ပါ၊ သီလဝိသုဒ္ဓိလဲခေါ်ပါ၊ ဝိနည်းလဲခေါ်ပါ၊ထို့ပြင်မဂ္ဂင် ၈ပါးထဲကသမ္မာဝါယမ၊သမ္မာသတိ၊သမ္မာသမာဓိမဂ္ဂင် ၃-ပါးက အဓိစိတ္တပါတဲ။အဓိစိတ္တသိက္ခာခေါ်ပါ။ အဓိစိတ္တသာသနာခေါ်ပါ၊စိတ္တဝိသုဒ္ဓိခေါ်ပါ။ သုတ္တန်လဲခေါ်ပါ။ ထို့ပြင် မဂ္ဂင် ၈-ပါးထဲက သမ္မာဒိဋ္ဌိနှင့် သမ္မာသင်္ကပ္ပ ၂-ပါးကတော့ အဓိပညာပါတဲ။ အဓိပညာသိက္ခာ ခေါ်ပါ။

အဓိပ္ပါယ်သာသနာခေါ်ပါ၏။ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ဉာဏဒဿနဝိသုဒ္ဓိငါးမျိုးလဲ ခေါ်ကြပါ၏။ အဘိဓမ္မာ ပိဋကတ်လဲခေါ်ပါ၏။ ဝိပဿနာလဲခေါ်ပါ၏။ ဇယားကြည့်က အမည်ငါးမျိုးစီရ၏။

## အဒ္ဓအနိစ္စမျိုးရှင်းပြချက်

ကောဘဝပရိစ္ဆိန္နံ၊ အဒ္ဓါပစ္စုပ္ပန္နံနာမ။ (ဝိဘင်းသံယုတ်မဇ္ဈိမ အဋ္ဌသာလိနီ အဋ္ဌကထာ ၄-ကျမ်း။)ကောဘဝပရိစ္ဆိန္နံ၊ တခုသောဘဝဖြင့် ပိုင်းခြားအပ်သော ကာလသည်။ အဒ္ဓါပစ္စုပ္ပန္နံနာမ၊ အဒ္ဓပစ္စုပ္ပန်မည်၏။ တဘဝလုံးမှတခါပျက်တခါသေ အနိစ္စမျိုး ဒုက္ခမျိုး, အနတ္တမျိုးကား အဒ္ဓအနိစ္စမျိုးသာတည်း။

## သမယအနိစ္စမျိုးရှင်းပြချက်

ကောမုဟုတ္တ၊ ပုဗ္ဗဏှ၊ သာယန္ဟ၊ ရတ္တိဒိဝါဒိသု၊ သမယေသု သန္တာနဝသေန၊ ပဝတ္တမာနံ။ တံတံသမယပစ္စုပ္ပန္နံနာမ။ (ရင်း အဋ္ဌကထာ ၄-ကျမ်းပင်။)ကောမုဟုတ္တ၊ ပုဗ္ဗဏှ၊ သယန္ဟ၊ ရတ္တိဒိဝါဒိသု၊ တမုဟုတ် အချိန်ကာလ နံနက်ကာလ ညချမ်းကာလ။ ညအချိန်ကာလ၊ နေ့အချိန်ကာလ အစရှိကုန်သော သမယေသု၊ အချိန်ကာလတို့၌။ သန္တာနဝသေန၊ အစဉ်၏ အစွမ်းအားဖြင့်။ ပဝတ္တမာနံ၊ ဖြစ်သော။ တံတံ၊ ထိုထိုအချိန်ကာလသည်။ သမယပစ္စုပ္ပန္နံနာမ၊ သမယပစ္စုပ္ပန်မည်၏။ သမယအနိစ္စ ဆိုတာ တမုဟုတ်နှင့်ပျက်စီးခြင်း။နံနက်အချိန်၌ပျက်စီးခြင်း။ညချမ်းအချိန်၌

ပျက်စီးခြင်း။ ညအချိန်၌ပျက်စီးခြင်း။ နေ့အချိန်၌ပျက်စီးခြင်း အစရှိသော အပျက်မျိုး မမြဲတာမျိုး ဖေါက်ပြန်တာမျိုးကို သမယအနိစ္စခေါ်ပါသည်။

## သန္တတိအနိစ္စရှင်းပြချက်

ကေဒ္ဒေသန္တတိဝါရ၊ ပရိယာပန္န၊ သန္တတိပစ္စုပ္ပန္နံနာမ။ (ဂုဏ်းအဋ္ဌကထာ ၄-ကျမ်း)။ ။ကေဒ္ဒေသန္တတိဝါရ ပရိယာပန္နံ၊ အစဉ်တခုပျက်၊ အစဉ် ၂-ခုပျက်၌ အကြိုး ဝင်သော အချိန်ကာလသည်။ သန္တတိပစ္စုပ္ပန္နံနာမ၊ သန္တတိပစ္စုပ္ပန် မည်၏။ ။သန္တတိ အနိစ္စပျက်ဆိုတာ အမှောင်မှအလင်းထွက် အပျက်မျိုး ဝေါ့တ်သံ၊ အပျက်မျိုး၊ စည်တီးသံ အပျက်မျိုး ခေါင်းလောင်းထိုးသံ အပျက်မျိုး၊ တလှမ်းပျက်၊ တကြွပျက် တချပျက်စသော အချိန်၌ အပျက်မျိုးကို။ သန္တတိ၊အနိစ္စမျိုးဟု ခေါ်ပါသည်။

## ခဏိကအနိစ္စမျိုးရှင်းပြချက်

ဥပ္ပါဒ၊ဌိတိ၊ဘင်္ဂပတ္တံ ခဏပစ္စုပ္ပန္နံနာမ။ ။(ဂုဏ်းအဋ္ဌကထာ ၄-ကျမ်း။) ဥပ္ပါဒ၊ ဌိတိ၊ ဘင်္ဂပတ္တ၊ ဥပါဒ်၊ ဌီ၊ ဘင်၊ ခဏငယ် အချိန်ကာလ၌ဖြစ်သောကာလမျိုးသည်၊ခဏ ပစ္စုပ္ပန္နံ နာမ၊ ခဏ ပစ္စုပ္ပန် ကာလမျိုးမည်၏။ ရုပ်၏ ဖြစ်ခြင်း အစ ဥပါဒ်ကာလ။ ရုပ်၏တည်ခြင်း ဌီကာလ၊ ရုပ်၏ ပျက်ခြင်း ဘင်ကာလ၊ထိုထိုကာလ ၃-ပါး၊ ခဏငယ် ၃-ပါး ပျက်ပျက်နေ ခြင်းသည် ခဏိကအနိစ္စမျိုးမည်၏။

## စုပေါင်း၍ အဒ္ဓါ၊ သမယ၊ သန္တတိ၊ ခဏိက ရုပ်နာမ်စုပြပုံ

ဣဒ္ဓဉ္စရုပံ၊ အဒ္ဓါသမယ၊ သန္တတိ၊ ခဏဝသေန စတုဓာ အတီတံနာမဟောတိ၊ တထာအနာဂတာပစ္စုပ္ပန္နံ။ ။(ဝိဘင်း အဋ္ဌကထာ ခန္ဓနိဒ္ဒေသ၊ ဝိသုဒ္ဓိမဂ်၊ ပဋိသမ္ဘိဒါမဂ်၊ သံယုတ် မဟာဝါအဋ္ဌသာလိနီ အဋ္ဌကထာစသော ကျမ်းကြီးများ၌ ဖွင့်ပြ ပုံတည်း။

ဣဒ္ဓဉ္စရုပံ၊ ဤရုပ်သည်ကား။ အဒ္ဓါ၊ သမယ၊ သန္တတိ၊ ခဏိက ဝသေန။ အဒ္ဓါနကာလ ၃-ပါး၊ သမယကာလ ၃-ပါး၊ သန္တတိ ကာလ ၃-ပါး၊ ခဏိက ကာလ ၃-ပါးတို့၏ အစွမ်းအားဖြင့်။ စတုဓာ၊ ၄-ပါးအပြားရှိ၍။ တံ၊ ထိုကာလ ၃-ပါးနှင့် ယှဉ်တွဲ အပ်သော။ အဒ္ဓါ၊ သမယ၊ သန္တတိ၊ ခဏိကသည်။ အတီတံ၊ အတိတ်သည်။ ဟောတိ၊ ဖြစ်၏။ အနာဂတာ ပစ္စုပ္ပန္နံ၊ အနာ ဂါတ်နှင့် ပစ္စုပ္ပန်သည်။ တထာ၊ ထိုအတိတ်အတူပင်တည်း။

## ရုပ်တရားကိုရေတွက်တော့

အဒ္ဓါအတိတ်ရုပ်၊ အဒ္ဓါအနာဂါတ်ရုပ်၊ အဒ္ဓါပစ္စုပ္ပန်ရုပ် ဟူ၍ ၃-ပါး သမယ အတိတ်ရုပ်၊ သမယ အနာဂါတ်ရုပ်၊ သမယ ပစ္စုပ္ပန်ရုပ် ၃-ပါး။ သန္တတိ အတိတ်ရုပ်၊ သန္တတိ အနာဂါတ်ရုပ် သန္တတိ ပစ္စုပ္ပန်ရုပ် ၃-ပါး။ ခဏိက အတိတ်ရုပ်၊ ခဏိက အနာ ဂါတ်ရုပ်၊ ခဏိကပစ္စုပ္ပန်ရုပ် ၃-ပါး။ ဤလိုပြား၍ များလာ လေသည်။ ဝိဝဿနာရှုရာ၌ ပစ္စုပ္ပန်တွေနေတုံးသာမှုချအဘိဓမ္မာ တည်း၊ မှုချဝိပဿနာတည်း။

## (၃) ခွဲ သက္ကာယဒိဋ္ဌိ ၂၀၊ နိရောဓသစ္စာဖြစ်နေပုံ

ရုပ်ဟာငါ၊ ဝေဒနာဟာငါ၊ သညာဟာငါ၊ သင်္ခါရဟာငါ၊ ဝိညာဉ်ဟာငါ။ (ဥစ္ဆေဒ ဒိဋ္ဌိ ၅-ပါး) ငါဟာရုပ်၊ ငါဟာဝေဒနာ၊ ငါဟာသညာ၊ ငါဟာသင်္ခါရ၊ ငါဟာဝိညာဉ်၊ (သဿတ ဒိဋ္ဌိ ၅-ပါး) ရုပ်ထဲငါ၊ ဝေဒနာထဲငါ၊ သညာထဲငါ၊ သင်္ခါရထဲငါ၊ ဝိညာဉ်ထဲငါ။ (သဿတဒိဋ္ဌိ ၅-ပါး) ငါထဲရုပ်၊ ငါထဲဝေဒနာ၊ ငါထဲသညာ၊ ငါထဲသင်္ခါရ၊ ငါထဲဝိညာဉ်။ (သဿတ ဒိဋ္ဌိ ၅-ပါး) ခွဲရင်းသက္ကာယဒိဋ္ဌိ ၂၀၊ ချုပ်ငြိမ်း ကုန်ခမ်းသွား၍ ပြန်၍မဖြစ်ရကား (အပ္ပဝတ္တိနိဗ္ဗာန်)နှင့်ညီ၏။ တဖန် ပြန်၍မဖြစ်အောင်ချုပ်ရကား။ (အနုပ္ပါဒနိရောဓေါနိဗ္ဗာန်)နှင့်ညီ၏။ ခွဲ၍ နိရောဓသစ္စာ ၂၀-ရ၏။

## (၄) ခွဲ ဥစ္ဆေဒဒိဋ္ဌိ ၅-ပါး၊ သဿတဒိဋ္ဌိ ၁၅-ပါး နိရောဓသစ္စာဖြစ်ပုံ

သက္ကာယဒိဋ္ဌိ ၂၀၊ ပြခဏ်း၌ပြန်ကြည့်သော်။ အပေါ်တန်း၊ အစတန်း ၅-ပါးက ဥစ္ဆေဒဒိဋ္ဌိ ၅-ပါးပါ။ ကျန် ၃-တန်းက သဿတဒိဋ္ဌိ ၁၅-ပါးပါ။ပေါ်ရာ၌ ဥစ္ဆေဒဒိဋ္ဌိ ၅-ပါးသဿတ ဒိဋ္ဌိ ၁၅-ပါး ပြန်၍မဖြစ်ရကား (အပ္ပဝတ္တိနိဗ္ဗာန်) နှင့်ညီ၏။ တဖန် ပြန်၍မလာအောင် ချုပ်ရကား။ (အနုပ္ပါဒ နိရောဓေါ နိဗ္ဗာန်) နှင့်ညီ၏။ ပေါ်ရာ၌ ဥစ္ဆေဒဒိဋ္ဌိ ၅-ပါး၊ သဿတဒိဋ္ဌိ ၁၅-ပါး၊ နိရောဓသစ္စာ စုစုနိရောဓသစ္စာ ၂၀-ရပြန်၏။

(၅) ဓေါတ်ပေါ်ရာ၌ အတဂ္ဂဟိကဒိဋ္ဌိ ၁၀ နိရောဓသစ္စာ

နတ္ထိဒိန္နံ၊ အလှူ၏အကျိုးမရှိ၊ နတ္ထိယိဋ္ဌံ၊ ကြီးစွာလှူအပ်သော အလှူ၏ အကျိုးမရှိ၊ နတ္ထိဟုတံ၊ ပူဇော်ခြင်းအကျိုးမရှိ၊ နတ္ထိ သုကဋ၊ ဒုက္ကဋာနံ ကမ္မာနံဖလံဝိပါကော၊ ကောင်းမှုမကောင်း မှု ၂-ပါးတို့၏ အကျိုးရင်းရော အကျိုးများရောမရှိ။ နတ္ထိ အယံလောကော၊ ဤပစ္စုပ္ပန်လောကဝင်မရှိ။ နတ္ထိပရလောကော နောင်တမလွန် ဘဝပင်မရှိ။ နတ္ထိမာတာ၊ အမိ၌ပြုခြင်းအကျိုး မရှိ။ နတ္ထိပိတာ၊ အဘ၌ပြုခြင်းအကျိုးမရှိ။ နတ္ထိသတ္တာဩပ ပါတိကာ၊ ဥပပါတ် သတ္တဝါပင်မရှိ၊ နတ္ထိလောကေ၊ သမဏ ဗြာဟ္မဏာ၊ သမဂ္ဂတာ၊ သမ္မာပဋိပန္နာယေ၊ ဣမဥ္စလောကံ၊ ပရဉ္စ လောကံ၊ သယံအဘိညာ၊ သစ္ဆိကတွာ၊ ပဝေဒန္တိ။ ဤလောက ဝယ်။ အကြင်ရဟန်းပုဏ္ဏားတို့သည်။ မိမိကိုယ်တိုင် အသိဉာဏ်၊ ထူးသောဉာဏ်ဖြင့်သိ၍ သတ္တလောကကို ဟောကြားကြကုန်၏။ ထိုသို့ကောင်းစွာကျင့်တဲ့ ရဟန်းပုဏ္ဏားဟူ၍ပင် သတ္တလောက၌ မရှိ။ ဤနတ္ထိကဒိဋ္ဌိ၊ အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါးကား ခေတ်တွေ့ တော့ကုန်ခမ်းချုပ်ငြိမ်းရသည်။ အပဝတ္တနိဗ္ဗာန်ပါဘဲ၊ အနုပါဒ နိရောဓနိဗ္ဗာန်ပါဘဲ။

## (၆) ဓါတ်ပေါ်ရာ၌ ၆၂-ပါးသောဒိဋ္ဌိကြီး နိရောဓသစ္စာ

| | | | |
|---|---|---|---|
| သဿတဒိဋ္ဌိ | ၄-ပါး | သညီဝါဒဒိဋ္ဌိ | ၁၆-ပါး။ |
| ဧကစ္စသဿတဒိဋ္ဌိ | ၄ ပါး | အသညီဝါဒဒိဋ္ဌိ | ၈ ။ |
| အန္တာနန္တာဒိဋ္ဌိ | ၄-ပါး | နေဝသညီနာသညီဒိဋ္ဌိ | ၈ ။ |
| အမရာဝိက္ခေပဒိဋ္ဌိ | ၄-ပါး | ဥစ္ဆေဒဒိဋ္ဌိ | ၇ ။ |
| အဓိစ္စသမုပ္ပန္နဒိဋ္ဌိ | ၂-ပါး | ဒိဋ္ဌဓမ္မနိဗ္ဗာနဒိဋ္ဌိ | ၅ ။ |

| | | | |
|---|---|---|---|
| အဲဒါ ပုဗ္ဗန္တ ကပ္ပိက ဒိဋ္ဌိ | ၁၈-ပါး | အဲဒါအပရန္တ ကပ္ပိက ဒိဋ္ဌိ | ၄၄ ပါး |

၎င်း ၂-ရပ်ပေါင်းတော့ မိစ္ဆာဒိဋ္ဌိ ၆၂-ပါးဖြစ်၏။ ပေါ် ရာ၌ ၆၂-ပါးသော ဒိဋ္ဌိကြီး ချုပ်ငြိမ်း ကုန်ခမ်းသွားသဖြင့် အပဝတ္တနိဗ္ဗာန် အနုပ္ပါဒနိရောဓနိဗ္ဗာန်၊ နိရောဓသစ္စာ ၆၂-ပါး ရှိပုံ။

## (၇) ဓါတ်ပေါ်နိယတမိစ္ဆာဒိဋ္ဌိ ၃ ပါး နိရောဓသစ္စာ

ပေါ်တော့ အကြောင်းတရားမရှိဘဲ၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတွေဖြစ်၍နေကြတယ်ဟု ယူမှားသော အဟေတုကဒိဋ္ဌိ ကံအကြောင်းကိုဘားမြစ်တဲ့ဒိဋ္ဌိ ဒုတိယအမျိုးကရတော့ကုသိုလ် ကံ-အကုသိုလ်ကံ ပြုနေစရာမလို၊ တိတ္ထိများ သတ်မှတ်ထားတဲ့ (စုလ္လာသီတိ)အနှစ်(၄၈၀၀၀)စေ့လျှင် သတ္တဝါအဖြစ်မှပြတ်ခဲ့ သွားမှာချည်းဘဲဟုယူမှားသော အကြိယဒိဋ္ဌိအကျိုးကိုတားမြစ် တဲ့ဒိဋ္ဌိဘဲ၊ တမျိုးမှာတော့ ကုသိုလ်ကံ-အကုသိုလ်ကံ ပြုနေကြ

ပေမဲ့၊အကျိုးမရှိဟုယူမှားသော နတ္ထိကဒိဋ္ဌိ၊အကြောင်းအကျိုး ၂-မျိုးစလုံးတားဆီး၏။ ဓေါတ်ပေါစော့ ၎င်းနိယတမိစ္ဆာဒိဋ္ဌိ ၃-မျိုးချုပ်ငြိမ်းကုန်ခမ်းရသည်။ ပြန်မဖြစ်လို့ (အဇ္ဇဝတ္တာနိဗ္ဗာန်) အပြန်မရှိချုပ်လို့ (အနုပ္ပါဒနိရောဓနိဗ္ဗာန်)ကိုရ၍ နေတော့၏။

(၈) ဓေါတ်ပေါပါသဏ္ဍာဒိဋ္ဌိ ၉၆-ပါး နိရောဓသစ္စာ

(၁)အဝတ်မဆီးဘဲနေထိုင်၏။ (၂)ကျင်ကြီး ကျင်ငယ်ကို စားသောက်၏။(၃)လက်ဖြင့်သာကျင်ကြီးကျင်ငယ်ကိုသုတ်သင်၏။ (၄)ကြွပါဆိုသော ဆွမ်းကိုမခံ။(၅)ရပ်ပါဆိုသောဆွမ်းကို မခံ။(၆)ရှေးရှုဆောင်ယူလာသောဆွမ်းကိုမခံ။(၇)ရည်ညွှန်း၍ လှူသောဆွမ်းကိုမခံ။ (၈) ပင့်ဖိတ်သော ဆွမ်းကိုမခံ။ (၉) အိုးဝမှ ခူး၍လောင်းသော ဆွမ်းကိုမခံ။ (၁၀) ဆန်ဆေးတောင်းဝမှ ဆွမ်းကိုမခံ။ (၁၁) တံခါးခုံခြား၍လောင်းသော ဆွမ်းကိုမခံ။ (၁၂) ဒုတ်ခြား၍ လောင်းသော ဆွမ်းကိုမခံ။ (၁၃)ကျည်ပွေ့ခြားသော ဆွမ်းကိုမခံ (၁၄) လင်မယားစားစဉ် လှူသော ဆွမ်းကိုမခံ (၁၅) ကိုယ်ဝန်ဆောင်မ၏ ဆွမ်းကိုမခံ။ (၁၆) နို့တိုက်နေသောမိမ္မ၏ ဆွမ်းကိုမခံ။ (၁၇)ယောကျ်ားနှင့်ပျော်ခမွေ့နေသောမိမ္မ၏ ဆွမ်းကိုမခံ။ (၁၈)ကြော်ငြာကမ်း၍ လောင်းသော ဆွမ်းကိုမခံ။(၁၉)ခွေးမျှော်လင့်နေရာမှ ဆွမ်းကိုမခံ။ (၂၀)ယင်ကောင်များစုရုံး၍ နေရာမှဆွမ်းကိုမခံ။(၂၁) ငါးသား အမဲသား ကိုမစား။(၂၂)သေအရက်ကို မသောက်။ (၂၃)ထမင်းရည်ကိုမသောက်။ (၂၄) တအိမ်ထဲက တလုတ်စာ မျှလောက်သော ဆွမ်းဖြင့် မျှ၏။(၂၅)နှစ်အိမ်မှ နှစ်လုတ်စာ

ဖြင့်မျှတ၏၊ (၂၆) သုံးအိမ်မှ သုံးလုတ်စာဖြင့်မျှတ၏၊ (၂၇) လေးအိမ်မှ လေးလုတ်စာဖြင့် မျှတ၏။ (၂၈) ငါးအိမ်မှ ငါးလုတ်စာဖြင့် မျှတ၏၊ (၂၉) ခြောက်အိမ်မှ ခြောက်လုတ်စာဖြင့် မျှတ၏။ (၃၀) ခုနှစ်အိမ်မှ ခုနှစ်လုတ်စာဖြင့် မျှတ၏၊ (၃၁) ဆွမ်းတခွက်ဖြင့်မျှတ၏၊ (၃၂) ဆွမ်းနှစ်ခွက်ဖြင့်မျှတ၏။ (၃၃) ဆွမ်းသုံးခွက်ဖြင့် မျှတ၏၊ (၃၄) ဆွမ်းလေးခွက်ဖြင့် မျှတ၏၊ (၃၅) ဆွမ်းငါးခွက်ဖြင့် မျှတ၏၊ (၃၆) ဆွမ်းခြောက်ခွက်ဖြင့် မျှတ၏၊ (၃၇) ဆွမ်းခုနှစ်ခွက်ဖြင့် မျှတ၏၊ (၃၈) တရက်ခြား အစာစား၏၊ (၃၉) နှစ်ရက်ခြား အစာစား၏၊ (၄၀) သုံးရက်ခြား အစာစား၏၊ (၄၁) လေးရက်ခြား အစာစား၏၊ (၄၂) ငါးရက်ခြား အစာစား၏၊ (၄၃) ခြောက်ရက်ခြားအစာစား၏၊ (၄၄) ခုနှစ်ရက်ခြား အစာစား၏၊ (၄၅) ရှစ်ရက်ခြားအစာစား၏၊ (၄၆) ကိုးရက်ခြားစား၏၊ (၄၇) ဆယ်ရက်ခြားစား၊ (၄၈) ဆဲ့တစ်ရက်ခြား စား၊ (၄၉) ဆဲ့နှစ်ရက်ခြား စား၏၊ (၅၀) ဆဲ့သုံးရက်ခြားစား၏၊ (၅၁) ဆဲ့လေးရက် ခြားစား၊ (၅၂) ဆဲ့ငါးရက်ခြားစား၊ (၅၃) ဟင်းရွက်ကိုစား၊ (၅၄) သာမာက စပါးမျိုးကိုစား၏၊ (၅၅) ကြိတ်စပါးမျိုးကိုစား၏၊ (၅၆) သားရေပိုင်းကိုစား၏၊ (၅၇) သားရေဖတ်ကိုစား၏၊ (၅၈) ဆန်ကွဲကိုစား၏ (၅၉) ထမင်းချိုးကိုစား၏၊ (၆၀) နှမ်းဖတ်ကိုစား၏၊ (၆၁) မြက်ကိုစား၏၊ (၆၂) နွားချေးကိုစား၏၊ (၆၃) တောသစ်မြစ်သစ်သီးကိုစား၏၊ (၆၄) အလိုလိုမစိုက်ပျိုးသော အစာကိုစား၏၊ (၆၅) ပိုက်ဆုံလျှော်ချည်ကိုဝတ်၏၊ (၆၆) မသာကအထည်ကို ဝတ်၏။

(၆၇)လူသေ၏ အဝတ်ကိုဝတ်၏၊ (၆၈)မြေမြူမှုန့် ပြွမ်းသော အထည်ကိုဝတ်၏။(၆၉)လျှော်တေကိုဝတ်၏။(၇၀)သစ်နက်ရေ ကိုဝတ်၏။(၇၁)ခွါနှင့်တကွသော သစ်နက်ရေကိုဝတ်၏။(၇၂) သမန်းမျက်ကျစ်သောအထည်ကိုဝတ်၏။ (၇၃)လျှော်တေကျစ် ကိုဝတ်၏။ (၇၄)ပျဥ်ချပ်စီ၍ဝတ်၏။ (၇၅)လူ၏ဆံပင်ဖြင့်ရက် သောအထည်ကိုဝတ်၏ (၇၆)သားမွေးအထည်ကိုဝတ်၏၊(၇၇) ငှက်တောင်မွေးကိုစီး၍ဝတ်၏၊(၇၈)ဆံမုတ်ဆိတ်ကို နှုတ်ပြစ်၏။ (၇၉)ဆံမုတ်ဆိတ်နှုတ်ခြင်းကို အမြဲကြောင့်ကြစိုက်၏၊ (၈၀) လေးဘက်ထောက်၍သာ နေထိုင်၏၊ (၈၁)ထိုင်ခြင်းကို ပယ်၍ ဆောင့်ကြောင့်သာနေ၏။(၈၂)ဆောင့်ကြောင့်နေခြင်း၌ အမြဲ အားစိုက်၍နေ၏၊ (၈၃)ဆူးကိုမှီ၍နေ၏။ (၈၄)ဆူးမှီအိပ်ရာ၌ အိပ်၏။(၈၅)ညနေလျှင် သုံးကြိမ်မြောက် ရေဖြင့်စင်ကြယ်၏။ (၈၆) နှစ်ပေါင်းများစွာ စုဆောင်းထားသော မြူအညစ်အ ကြေးသည်၊ ကိုယ်၌စုဆောင်းကပ်ငြိလျက်သာ အမြဲရှိ၏။(၈၇) စက်ဆုပ်ရွံရှာဘွယ်သော အကျင့်ကား၊ ရေပေါက် ရေစက်မျှ အပေါ်၌ပင် ပိုးမွှားတို့သည်၊ ငါ၏မသင့်တင့်သော သွားလာမှု ကြောင့် မသေစေလင့်ဟုသနားကျင်နာစိတ်ထား၍ ရှောင်ရှား သွားလာသည်။ (၈၈)ဆိတ်သုဥ်းကင်းပြတ်သော အကျင့်ကား တောကြီးတခု၌ဝင်၍ နေထိုင်၏၊ ထိုအခါ နွားကျောင်းသား သိုးကျောင်းသားများ မျက်ရိပ်သမား ထင်းခွေ သမားများ တောခုတ်သမားတို့တွေ့ခဲ့ရမူ၊ တတောမှတတော၊ တခြုံမှတခြုံ တချိုင့်မှတချိုင့်၊ တကုန်းမှတကုန်းသို့ အတင်းပြေး၍ ရှောင်လေ

သည်။ဥပမာ တောသမင်သည် လှူကိုမြင်လျှင် သုတ်ခြီတင်ကာ ပြေးလွှားသကဲ့သို့တည်း။(၇၉)နွားကျောင်းသားမေ့လျော့၍ နွားအုပ်မှ ကျွင်းကျန်ခဲ့သောနွားများစုရာသို့လေးဘက်ထောက် သွားပြီး နို့သောက် နွားငယ်၏ ကျင်ခြေးကိုစား၏။ (၈၀) မိမိကိုယ်မှ ကျင်ကြီးများကိုပင် စားသုံး၏။ (၈၁)ကြောက်မက်ဘွယ် ကောင်းသော တောအုပ်ကြီး တခု၌နေ၏။ အဘယ်မျှလောက် ကြောက်ဘွယ်ကောင်းသနည်းဆိုသော်၊ ရာဂမကင်းသေးသောသူ တစုံတယောက်သည်၊ ထိုတောအုပ်သို့ ဝင်ရောက်လာမည်ဆိုလျှင် များသောအားဖြင့် ကြက်သီးများ ထရလေသည်၊ မွေးညှင်းများ ထောင်ရ တရလေသည်။ (၈၂)ဆောင်းတွင်းပြာသိုလ တပို့တွဲလ နှင်းကျသော ကာလများ၌ ညတွင် လွင်ပြင်မှာ နေ၏။ (၈၃)နွေအခါ နောက်ဆုံး နယုန်လ၌ နေ့မှာ နေပူ လွင်ပြင် ကြဲကြဲ၌ နေ၏။ (၈၄) သုသာန်တစ သင်းချိုင်းဝ၌ လူသေရိုးတို့ကို ခေါင်းအုံး၍ အိပ်၏။ (၈၅) ရွာသူ့လူရှယ်, လူငယ်တို့သည်။ထိုကျင့်သူထံသို့လာရောက်ကုန်၍ တံထွေးဖြင့်ပေကျန်စေကုန်၏။ ကျင်ငယ်ဖြင့်စိုရွှဲစေကုန်၏၊ မြူမှုန့်တို့ဖြင့် ပက်ဖြန်းကုန်၏။ နားတွင်းသို့ ဒုတ်ချောင်းများဖြင့် ထိုးကာ ဆွကာပြုကြကုန်၏၊ (၈၆) အစာဖြင့် စင်ကြယ်သည်ဟု အယူစွဲရှိကြကုန်သော သူတို့ကား ဆီးသီးဖြင့် မျှတကုန်၏၊ ဆီးသီးကိုစားကြကုန်၏၊ ဆီးသီးမှုန့်ဖြင့် မျှတကုန်၏၊ ဆီးသီးရေဖျော်၍ သောက်ကြကုန်၏၊ ဆီးသီးနှင့်ဆိုင်ရာ အထွေထွေကိုပင်ပြု၍စားကြကုန်၏၊ ဆန်ကိုစားကြကုန်၏၊ ဆန်မှုန့်ကိုစား

ကြကုန်၏။ ဆန်အရည်ကိုသောက်ကြကုန်၏။ ဤကား(ဆန္ဒရတိ
နံ့ပါသဏ္ဍာန်)ပါဠိအရ ကိုးဆဲ့ခြောက်ပါးသော ပါသဏ္ဍာဒိဋ္ဌိ
အယူအကျင့်ဖြင်တည်း။ ၎င်းအကျင့်ဖြင့် စျာန်မဂ်ဖိုလ်ကို မရစေ
နိုင်ကုန်။ မူလပဏ္ဏာသပါဠိတော်ကြီး၊ လောမဟံသနသုတ်တော်
လာတည်း။ တနည်း ၎င်းအကျင့်ဖြင့်နေသူတို့ကား၊ ငရဲ၌ဖြစ်ရ
ကုန်ဟူ၍ မူလပဏ္ဏာသပါဠိတော်ကြီး၊ စူဠဓမ္မသမာဒါန သုတ်
တော်၌ဖေါ်ပြထားပါသည်။ ဓါတ်ကိုတွေ့တော့ ၎င်းပါသဏ္ဍာ
ဒိဋ္ဌိကြီး ချုပ်ငြိမ်း ကုန်ခမ်း ရလေသည်။ နိရောဓသစ္စာရပုံ။
အပဝတ္တနိဗ္ဗာန် ရပုံဟုသိကြပါလေ။

ဓါတ်ပေါ်လို့

| | | | | | | | |
|---|---|---|---|---|---|---|---|
| ဝ | ဒု | တ | စ | မ | ဆ | သ | ဋ္ဌ |
| ၂၆ | ၂၅၆ | ၂၀ | ၃၅၊သ ၁၅ | ၁၀ | ၆၂ | ၃ | ၉၆ |

သောဒိဋ္ဌိအမှားကြီးများ နိရောဓသစ္စာဖြစ်ရပုံပြီး၏။

## (၉) ဓါတ်ပေါ်လို့ ဝိစိကိစ္ဆာရှစ်ပါး နိရောဓသစ္စာ

[လင်္ကာဆောင်ပုဒ်] သုံးရတနာ၊ သိက္ခာပုဗ္ဗ၊ အစရံနှင့်
ပုဗ္ဗံဝရ၊ ပဋိစ္စရှစ်ဝ၊ယုံမှားခြင်း။ (မိုးညှင်းလင်္ကာ)(၁)ဘုရား၌
ယုံမှားခြင်း။(၂)တရား၌ယုံမှားခြင်း။(၃)သံဃာ၌ယုံမှားခြင်း
(၄)အကျင့်သိက္ခာ၌ ယုံမှားခြင်း။ (၅) ပုဗ္ဗန္တ၊ ရှေးအစွန်း၌
ယုံမှားခြင်း။(၆)အပရန္တ၊ နောက်အစွန်း၌ ယုံမှားခြင်း။ (၇)
ပုဗ္ဗာပရန္တ၊ ရှေး,နောက်အစွန်း ၂-ပါးစုံ၌ ယုံမှားခြင်း။ (၈)

ပဋိစ္စသမုပ္ပါဒ်၌ယုံမှားခြင်းဟူ၍ ဝိစိကိစ္ဆာရှစ်မျိုးရှိခဲ့ရာ ဓေါတ်ပေါ်လာတော့၊ ၎င်းယုံမှားခြင်းများ နိရောဓသစ္စာဖြစ်ရတော့၏။ အပဝတ္တိ နိဗ္ဗာန်၊ အနုပ္ပါဒနိရောဓ နိဗ္ဗာန်ဖြစ်ရသော့၏။ ဓေါတ်တလုံး၏ အာနုဘော် အစွမ်းသတ္တိပါဘဲ။

## (၁၀) ဓေါတ်ပေါ်လို့ ဝိစိကိစ္ဆာ ၁၆-ပါး နိရောဓသစ္စာ

[မိုးညှင်းလက်ာ] အတိတ်ကာလ၊ငါဖြစ်ရပြီ၊မဖြစ်ပြီနှင့် တလီမျိုးဇာတ် လုံးရပ်ခြင်းရာ၊ ဆင့်ဆင့်ဖြာ ဖြစ်လာခဲ့လေသနည်း။

(၁) ငါသည် အတိတ်ကာလ၌ ဖြစ်ဘူးခဲ့ပြီးလား။(၂)ငါသည်အတိတ်ကာလ၌မဖြစ်ဘူးပြီလား။(၃)ငါသည် မင်းပုဏ္ဏားကုန်သည် ဆင်းရဲသားမျိုးတို့တွင်အဘယ်အမျိုး၌ဖြစ်ခဲ့ဘူးပြီလဲ (၄)ငါသည် အရှည်-အတို၊ အနီမ့်-အမြင့်၊ အဖြူ-အမဲတို့တွင် အဘယ်အဖြစ်၌ဖြစ်ဘူးခဲ့ပြီလဲ။ (၅)ငါသည်အမျိုး၄-ပါးတို့တွင် အဘယ်အမျိုးမှ ဆက်၍ လာခဲ့သနည်းဟူ၍ အတိတ်ကာလအတွက်ယုံမှားခြင်း ၅-မျိုးဖြစ်သည်။

[မိုးညှင်းလက်ာ] နာဂါတ်ကာလ ငါဖြစ်ရမည်၊ မဖြစ်မည်နှင့်၊ တလီမျိုးဇာတ်၊ လုံးရပ်ခြင်းရာ၊ ဆင့်ဆင့်ဖြာ ဖြစ်ရာဦးမည်နည်း။

(၁) ငါသည် အနာဂါတ်ကာလ၌ ဖြစ်ရဦးမည်လော။ (၂)ငါသည်အနာဂါတ်ကာလ၌မဖြစ်ရမည်လော။(၃)ငါသည်

မင်းပုဏ္ဏားကုန်သည် ဆင်းရဲသားအမျိုးတို့တွင် ဘယ်အမျိုး၌ ဖြစ်ရဦးမည်။(၄)ငါသည် အရှည်အတို အနိမ့်အမြင့် အဖြူအမဲ တို့တွင် အဘယ်ဟာမျိုး ဖြစ်ရဦးမည်နည်း။(၅)ငါသည် အမျိုး ၄-ပါးတို့တွင်အဘယ်အမျိုး၌ ဖြစ်ရဦးမည်နည်းဟု အနာဂါတ်၌ယုံမှားကြသည်။

[မိုးညှင်းလင်္ကာ] ယခုငါဟာ ငါသာဟုတ်လား၊ မဟုတ် လားနှင့်မျိုးခြားဘာတိ၊ ဆင်းရှိသဏ္ဌာန်၊ တီတာ၊ဘဝ နာဂတမှာ ဘယ်ဟာဖြစ်ပြား၊ ဤခြောက်ပါးယုံမှား သံသယ။

(၁)ငါဟာရှိသလား။ (၂)ငါဟာမရှိဘူးလား။ (၃)မင်း ဆင်းရဲသား စသည်တို့၌ တခုခုဖြစ်လျက် ငါဟာ မင်းဘဲလား စသည်ဖြင့် ယုံမှား၏။ (၄)ငါသည် ရှည်သလား-တိုသလား စသည်ဖြင့် ယုံမှား၏။ (၅)ငါသည် အဘယ်ဘဝမှ ဤဘဝသို့ ရောက်လာသနည်း။ (၆)ငါသည်ဤဘဝမှ ဘယ်ဘဝသို့ သွားရ ဦးမည်နည်းဟု၊ပစ္စုပ္ပန်ယုံမှားပြန်၏၊အစုစုယုံမှားခြင်း ၁၆-ပါး ဟာ ဓါတ်ပေါ်တာနှင့်ပင် နိရောဓသစ္စာ ဖြစ်ရတော့သည်၊ အပဝတ္တနိဗ္ဗာန် ဖြစ်ရတော့သည်၊ အနုပ္ပါဒနိရောဓ ဖြစ်တော့ သည်။ ဓါတ်တလုံး၏အာနုဘော်တည်း။

## (၁၁) ဓါတ်ပေါ်လို့ ဗျာဒိတ်များရပုံ နိရောဓသစ္စာ

ဣမိနာဝစနညာဏေန၊ သပ္ပနာဂတေတာ၊ ဗုဒ္ဓသာဝကောဘသာသ နေမူလံ ညြတိုဏ္ဏနာမဟောတိ၊ လဒ္ဓသာသော၊ လဒ္ဓပတိဋ္ဌော နိယတဂတိကော၊စူဠသောတာပန္နောနာမ၊(၆၄)ကျမ်း အဋ္ဌက

ထာများစုပြသည်။ ဧပါသိဒ္ဓ ဧကရုပ်ဘဲ၊ သိကနာမ်ဘဲ ဟူ၍ တွေ့သိပိုင်နိုင်ရာ။ နာမရူပပရိစ္ဆေဒဉာဏ်ကို ရရှိတော့၏။ ကေ အကြောင်း၊ သိကာအကျိုးကိုယ်တွေ့နှင့်သိပြန်ရာ၌ ပစ္စယပရိဂ္ဂဟ ဉာဏ်ကိုပါရရှိတော့၏။ ဤဉာဏ် ၂-ပါးနှင့်ပြည့်စုံသော ယောဂီ ဟာ (၁)ဗုဒ္ဓသာဝကောတဲ့၊ ဘုရား၏တပည့်သားသာဝကဖြစ်ရ ဘုရားတပည့် မဟုတ်ထာ ချုပ်ရ-ငြိမ်းရ ပျက်ရသည်။ (၂) သာသနေမူလံ ဩတိဏ္ဏ နာမ ဟောတိတဲ့။ ဘုရားသာသနာ၌ အမြစ်တွယ်ပြီတဲ့ အမြစ်မတွယ်တာဟာ ချုပ်ရ-ငြိမ်းရ-ကုန်ခမ်း ရ၏။ (၃) လဒ္ဓသာသောတဲ့။ တသံသရာလုံး သက်သာရာကြီးကို ရရှိတော့၏။ မသက်သာတာတွေဟာချုပ်ရ ငြိမ်းရ-ကုန်ခမ်းရ၏ (၄)လဒ္ဓပတိဋ္ဌော၊ တသံသရာလုံး ထောက်ရာ တည်ရာကြီးကို ရလျက် နေတော့၏။ ထောက်ရာ တည်ရာ မရခြင်းများ ချုပ်ရ ငြိမ်းရ ကုန်ခမ်းရတော့၏။ (၅) နိယတဂတိကော၊ ဂတိ ၅-ပါး၌ ဟိုသွားဒီသွား မသွားရတော့ဘဲ။ သုဂတိဘဝတခုသာ မြဲ၍ဘုံစဉ်စံဘဝနှင့် နေရတော့၏။ ဂတိမမြဲတာတွေဟာ ချုပ်ရ ငြိမ်းရကုန်ခမ်းရတော့၏။ (၆) စူဠ သောတာပန္နော နာမတဲ့။ သောတာပန်အငယ်စားဘဝ၌ တည်ရတော့၏။ ပုထုဇဉ်ဘဝများ ချုပ်ရငြိမ်းရကုန်ခမ်းရတော့သည်။ အဲဒါအကျဉ်းပြချက်တည်း။ တခုထဲပေါ်လို့ချုပ်ရ ငြိမ်းရ ကုန်ခမ်းရပုံကို အကျယ်တဝင့် ချဲ့ ထွင်ဟောပြောလိုသော် ဗုဒ္ဓဗျာဒိတ်တော်ကျမ်း၌ ၂၀၅-မျိုးဖြင့် ပြနိုင်ပါသေး၏၊ ပြကြပါလေ၊ ထို့ပြင်လည်း ဇိနဗျာဒိတ်တော် ကျမ်း၌ ၃၅၄-ပါးမျှဖြင့်ပြနိုင်ပါသေး၏။

(၁၀-၄-၁-ရက်နေ့၌ကမ္မဝါစာဖတ်ကြားသည်)

## တစပဥ္စကနှင့်ပဗ္ဗဇ္ဇ

၁။ ကလျာဏမိတ္တ၊ ပဗ္ဗဇ္ဇာ၊ တစပဉ္စက ကမ္မဋ္ဌာန်းကြားပြီးမှ ဆံပင်ရိပ်ရှင်ပြုရ၏။

၂။ ပါပမိတ္တပဗ္ဗဇ္ဇာ၊ တစပဉ္စက ကမ္မဋ္ဌာန်းမကြားဘဲ ဆံပင်ရိပ်ရှင်ပြုရ၏။

၃။ တစပဉ္စက ကမ္မဋ္ဌာန်းကြား၍ရှင်ပြုရာ၌ ပါရမီပြည့်စုံတို့ ဗီဇထူထောင်တာဘဲ။ ရှေးရှေးဘဝကပါရမီရှိလာလျှင် ကမ္မဋ္ဌာန်းကြား၊ ဆံရိပ်စဉ် ရဟန္တာဖြစ်နိုင်၏။

၄။ တစပဉ္စက ကမ္မဋ္ဌာန်းမကြားဘဲ ဆံရိပ်ရှင်ပြုပေးခဲ့သော် ပါရမီမပြည့် ဗီဇမရခြင်း၊ ရှေးကဗီဇရှိလဲ မကြားလို့ အရဟတ္တဖိုလ် မရောက်ခြင်းအဖြစ်။

(က) မဟာဝဂ္ဂအဋ္ဌကထာ ရှင်ပြုခန်း၌။ ။ဣမံ ဒါရကံ၊ ပဗ္ဗာဇေဟိဘိ၊ အာဏာပေသိ၊ သောရေတဿ၊ တစပဉ္စက၊ ကမ္မဋ္ဌာနံ၊ အာစိက္ခိတွာ၊ ပဗ္ဗာဇေသိ၊ သောပဟုံ ဗုဒ္ဓစဝနံ၊ ဥဂ္ဂဏှိတွာ၊ ပရိပုဏ္ဏဝဿော၊ ဥပသမ္ပဒံလဘိ၊ ဥပသမ္ပန္နောဟုတွာ၊ ယောနိ သောမနသိကာရေ၊ ကမ္မံကရောန္တော၊ စတုန္နံအရူပါဝစရဈာနာနံ၊ လာဘီဟုတွာ၊ ဈာနင်္ဂေဟိဝိဋ္ဌာယ၊ အရဟတ္တပါပုဏိ။ ။ မဟာဝဂ္ဂဝတ္ထု၊ ကောနိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ။ နံပါတ် ၁၇၃။ ကြောင်းရေ ၉။ ကဝိမျက်မှန်မူ။ ။ဤမဟာဝန်ဆိုတဲ့ သူငယ်ကိုရှင်ပြု၍ ပေးလော့ဟုမိန့်၏။ အရှင်သာရိပုတ္တရာသည်။

ထိုမဟာပန် သူငယ်အား တစပဉ္စက ကမ္မဋ္ဌာန်းကို ညွှန်ကြား၍ ရှင်ပြုပေး၏။ ထိုမဟာပန်သည် များစွာသော ပိဋကတ်သုံးပုံကို သင်၍ အသက်နှစ်ဆယ်စေ့သော်၊ ပဉ္စင်းအဖြစ်ကိုရပြီး ပဉ္စင်းဖြစ်၍ ယောနိသော မနသိကာရ ဖြစ်အောင် နှလုံးသွင်းသော် အရူပါဝစရ လေးဈာန်လုံးရ၍ ဈာန်အင်္ဂါမှ ထ၍ ရဟန္တာဖြစ်တော့သည်။ (ဘာသာပြန်အဓိပ္ပါယ်တည်း။)

(ခ) (ခဒိရဝနိယတ္ထေရ) ပဗ္ဗဇေထနန္တိ တော္ဝ၊ တစပဉ္စက ကမ္မဋ္ဌာနံ အာစိက္ခိတွာ၊ ပဗ္ဗာဇယိံ သု။ ။ကေနိပါတ်အဋ္ဌကထာ နံပါတ် ၁၈၂။ ကြောင်းရေ ၁၇။ ကဝိမူ။ ။ အရှင်သာရိပုတ္တရာ၏ညီထွေးဖြစ်သော ထိုရေဝတအားရှင်ပြုပေးကြကုန်လော့ဟုဆို၍ တစပဉ္စက ကမ္မဋ္ဌာန်းကိုညွှန်ကြား၍ ရှင်ပြုပေးကြကုန်ပြီ။

(ဂ) (ရှင်သီဝလိဝတ္ထု) ထေရောတံ ဝိဟာရေနေတွာ၊ တစပဉ္စက ကမ္မဋ္ဌာနံဒတွာ၊ ပဗ္ဗာဇေန္တော၊ သီဝလိနတုယ့် အညေန ဩဝါ၊ ဒေနကမ္မံအတ္ထိ၊ တယာသတ္တဝဿာနိ (အနုဘူတ) ဒုက္ခံ မေဝ ပစ္စဝေက္ခာ ဟိတိ။ ။ကေ နိပါတ် အဋ္ဌကထာ နံပါတ် ၁၉၉။ ကြောင်းရေ ၁၂။ ကဝိမူ။ ။(အဂွင်း၌) (အနုဘူတ×ယထာဘူ) အတူတူပင်တည်း။ သဒ္ဒါကျမ်းတို့၌ (ယထာအနုရူပံ) ဟူ၍ ယထာနှင့်အနုတူပုံဖွင့်ရိုးရှိသည်။

အရှင်သာရိပုတ္တရာသည်။ ထိုသီဝလိကိုကျောင်းသို့ဆောင်၍ တစပဉ္စက ကမ္မဋ္ဌာန်းကိုပေး၍ ရှင်ပြုသည် ရှိသော်၊ အိုသီဝလိ

သင်အား တပါးသောသြဝါဒဖြင့် ကမ္မဋ္ဌာန်းပြုရန်မရှိပြီ။ သင်သည် ခုနှစ်နှစ်ပါတ်လုံးခံစားရသော ဒုက္ခကိုသာလျှင် ဆင်ခြင်ပါလော့ဟု သြဝါဒပေးတော်မူ၏။

(ဃ) (ရှင်ဒဗ္ဗဝတ္ထု) ဒဗ္ဗကုမာရရံခဗ္ဗာဝဇေန္တော၊ တစပဉ္စကံ၊ ကမ္မဋ္ဌာနံ၊ အစိက္ခိ ပုဗ္ဗဟေတုသမ္ပန္နော၊ ကတာဘိနီဟာရော၊ သတ္တောပဌမကေသဝဋ္ဋိယာ၊ သြရောပိရာမာနာယ၊ သောတာပတ္တိဖလေ၊ပတိဋ္ဌာသိ၊ ဒုတိယကေသဝဋ္ဋိယာ၊ သြရောပိယမာနာယ၊ သကဒါဂါမိဖလေ၊ တတိယာယ၊ အနာဂါမိဖလေ၊ သဗ္ဗကေသာနံ၊သြရောပနဉ္စ၊ အရဟတ္တဖလ၊ သစ္ဆိကိရိယာစ၊ အပစ္ဆာအပုရေအဟောသိ။ ။ကေ နိပါတ် အင်္ဂုတ္တိုရ် အဋ္ဌကထာ နံပါတ် ၂၂၁။ ကြောင်းရေ ၂။ ကဝိမူ။ ။ဒဗ္ဗဆိုတဲ့သတို့သားကို ရှင်ပြုသည်ရှိသော်။ တစပဉ္စက ကမ္မဋ္ဌာန်းကို ညွှန်ကြားပြီး ရှေးကပါရမီပြည့်စုံသော ဆုတောင်းခြင်းရှိသော သတ္တဝါသည် ပဌမဆံခွေကိုရိပ်စဉ်၌ သောတာပတ္တိဖိုလ်၊ ဒုတိယဆံခွေကို ရိပ်စဉ်၌ သကဒါဂါမိဖိုလ်၊ တတိယ ဆံခွေကိုရိပ်စဉ်၌ အနာဂါမိဖိုလ်၊ ဆံအားလုံးရိပ်စဉ်၌ အရဟတ္တဖိုလ်သို့ရောက်ပြီး၊အရဟတ္တဖိုလ်နှင့်ဆံရိပ်၍အပြီးကား မရှေ့ မနှောင်း ဖြစ်တော့သတည်း။

(င) (နိဂြောဓသာမဏေဝတ္ထု) နိဂြောဓကုမာရံ၊ ပဗ္ဗာဇေသိ၊ ကုမာရော၊ ခုရဂ္ဂေယေဝ၊ အရဟတ္တံ၊ ပါပုဏိ။ ။ပါရာဇိကာဏ်အဋ္ဌကထာ ပ-အုပ်။ နံပါတ် ၂၈။ ကြောင်းရေ ၁၆။ ပြည်ကြီးမဏ္ဍိုင်မူ။ ။နိဂြောဓမင်းသားကိုရှင်ပြုပြီး မင်း

သွားသည် သင်ဒုန်းတင်ရိပ်စဉ်ကိုင်လျှင် အရဟတ္တဖိုလ်သို့ရောက်
လေပြီ။

(စ) (အရှင်ရာဟုလာဝတ္ထုမှ) အထခွဿာဝုသော၊ သု
ဋ္ဌုဥပမာရေဟိ၊ သတိံ ဥပဋ္ဌပေဟီတိ၊ ဝတွာ၊ တစပဉ္စကံ၊ ကမ္မ
ဋ္ဌာနံ၊ အာစိက္ခိ ဘဗ္ဗံ၊ အာစိက္ခန္တေန စ၊ ဝဏ္ဏ၊ သဏ္ဌာန၊ ဂန္ဓာ
သယောကာသဝသေန၊ အသုစိ၊ ဇေဂုစ္ဆပဋိကူလဘာဝံ၊ နိဗ္ဗိဝ
နိယတ္တာ၊ ဘာဝံဝါ၊ ပါကဋံ ကရောန္တေန၊ အာစိက္ခိတဗ္ဗံ၊ သစေ
ပိသောပုဗ္ဗေမဒ္ဒိတ၊ သင်္ခါရော ဟောတိ၊ ဘာဝိတဘာဝနော၊
ကဏ္ဍကဝေဓာပေက္ခောဝိယပရိပက္ကဂဏ္ဍော၊ ဘုရိယုဂ္ဂမနာပေက္ခံ
ဝိယစပရိဏတပဒုမံ၊ အဿယော၊ အာရဒ္ဓမတ္တော၊ ကမ္မဋ္ဌာနမနသိ
ကာရေ၊ ဣန္ဒာသနိဝိယ၊ ပဗ္ဗတေ၊ ကိလေသပဗ္ဗတေ၊ စုဏ္ဏယမာနံ
ယေဝ၊ ဉာဏံပဝတ္တတိ၊ ခုရဂ္ဂေယေဝ အရဟတ္တံ၊ ပါပုဏာတိ၊
ယေဟိကေစိ၊ ခုရဂ္ဂေ၊ အရဟတ္တံ ပတ္တာ၊ သဗ္ဗေတေဧဝရူပံ၊
သဝနံလဘိတွာ၊ ကလျာဏမိတ္တေန၊ အစရိယေန၊ ဒိန္နနယံ၊
နိဿာယ၊ နောအာနိဿာယ။ ၊ဝိနည်းမဟာဝါ အဋ္ဌကထာ
နံ့ပါတ် ၁၀၄။ ကြောင်းရေ ၁၆။ ဟုံမူ။

ထိုအခါ၌ ထိုရှင်လောင်းအား၊ ငါ့ရှင် သာမဏေလောင်း
ကောင်းစွာဆောင်ထားပါလော၊ သတိကိုဖြစ်ပါလော။ ဤသို့
ဆို၍ တစပဉ္စက ကမ္မဋ္ဌာန်းကို ညွှန်ကြားအပ်၏။ ညွှန်ကြားရာ၌
အဆင်းအားဖြင့်၎င်း၊ သဏ္ဌာန်အားဖြင့်၎င်း၊ အနံ့အားဖြင့်
၎င်း၊ ဖြစ်ရာအားဖြင့်၎င်း၊ တည်ရာအားဖြင့်၎င်း၊ မစင်ကြယ်ပုံကို
စက်ဆုပ်ဘွယ်ရှိပုံကို ရွံရှာဘွယ်ရှိပုံကို၊ အသက်လိပ်ပြာမရှိပုံကို၊

သတ္တဝါမရှိပုံကို ထင်ရှားအောင်ပြ၍ညွှန်ကြားအပ်၏။ ထိုသာမ ဏေကောင်းသည်ရှေးရှေးဘဝ၌သုံးသပ်ပွါးများခဲ့သောသင်္ခါရ အကယ်၍ရှိငြားအံ့၊ ပွါးများအပ်ဘူးသောဘာဝနာရှိခဲ့ငြားအံ့။ မှည့်သောပြီရှိသော အိုင်းနာသည် ဆူးဖြင့်ထိုးဖေါက်ခြင်းကိုင် လင့်သကဲ့သို့ရင်း။ ရင့်ကျက်ပြီးသောပဒုမ္မာကြာဖူးသည်နေအာရုံ တက်ခြင်းကိုင့်လင့်သကဲ့သို့ရင်း၊ ထိုအခါ၌ထိုသာမဏေလောင်း အား၊ ကမ္မဋ္ဌာန်းတရား၌ နှလုံးသွင်းခြင်း အားထုတ်ခြင်းကိုပြု ကာမျှ၌ ဥပမာအားဖြင့်ဆိုသော်။ ဘောင်ပေါ်၌သိကြားလက် နက် မိုးကြိုးစက်ကြသကဲ့သို့။ ထို့အတူ (၁၅၀၀) တောင်ပေါ်၌ ဝိပဿနာ ဉာဏ်ဇောကြီးကျသဖြင့် မှုန်မှုန်ညက်ညက် ဖြစ်၍သော လျှင် မဂ်ဉာဏ်သည်ဖြစ်ရတော့၏။ ဥက္ကောင်း၌သင်ဒုန်းတင်၍ ရိပ်စ၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ရှိတော့၏။ အမှတ်မရှိ တစုံဘယောက်သော သူသည် သင်ဒုန်းထားတင်၍ ဆံရိပ်ကာ မျှ၌ အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ထိုထိုအရဟတ္တဖိုလ်သို့ သင်ဒုန်းထားတင်၍ ရိပ်ကာမျှနှင့် ရောက်ကြသော သူတို့သည် ကား အခြားဟာကြောင့်မဟုတ်ကုန် စင်စစ်သော်ကား တစ ပဋ္ဌက ကမ္မဋ္ဌာန်းညွှန်ကြားသံကိုကြား၍ ကလျာဏမိတ္တဆရာ သည် ပေးအပ်သော နည်းကိုမှီ၍ သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ကြကုန်၏။ ကလျာဏမိတ္တဆရာ၏နည်းကိုမမှီဘဲကား ယခု လိုရကြလိမ့်မည်မဟုတ်။ (၁) ပါဠိ သက်သက်ကား စာတတ်၊ ပေတတ်ပညာရှိ ကဝိသုခမိန်တို့အဘို့သာတည်း။ (၂) ဘာသာ ပြန်အဓိပ္ပါယ်သက်သက်ကား စာမတတ်ပေမတတ်သော ရိပ်သူ

ရှာသားတို့အဘို့သာတည်း။ တစပဉ္စကကမ္မဋ္ဌာန်းဆိုတာ (ကေသာ ဆံပင်၊ လောမာ မွေးညှင်း၊ နခါခြေသည်း-လက်သည်း၊ ဒန္တာ သွား၊ တစော အရေထူ-အရေပါး၊ အဲဒါဟာ တစပဉ္စက ကမ္မဋ္ဌာန်းပါဘဲ၊ ရှင်လောင်းဆံချခါနီး၌ ဆရာကညွှန်ကြား၍ပေးပါကုန်။

တစပဉ္စက ကမ္မဋ္ဌာန်းညွှန်ကြားပုံကား

သာမဏေလောင်းတို့ သေသေချာချာ နားထောင်ကြပါ၊ အာရုံစိုက်ကြပါ။ ခေါင်းပေါ်ကဆံပင်တွေဟာ သူ့နဂိုအတိုင်းမာ၍နေတယ်၊ ရေဖြင့်ဆွတ်တော့ကာ မာရာမှ ပျော့သွားတယ် မမြဲဘူးအနိစ္စ၊ တဖန် ရေနှင့်ကင်းပြန်တော့ မာလာပြန်တယ် မမြဲဘူးအနိစ္စ။ တဖန်ဆံပင်တွေဟာ ဆီနှင့်မတွေ့တော့ မွဲခြောက်ခြောက်ဖြစ်၍နေတယ်။ ဆီနှင့်တွေ့တော့ ပြောင်ပြောင်လက်လက်နှင့်ဖြစ်ပြန်တယ် မမြဲဘူးအနိစ္စဘဲ။ တဖန် ဆီနှင့်ကင်းပြန်တော့ မွဲခြောက်ခြောက် ဖြစ်လာပြန်တယ်။ မမြဲဘူးအနိစ္စဘဲ။ ထို့ကြောင့် ကေသာ အနိစ္စ၊ ဆံပင်အမြဲမရှိ။ ကေသာ ဒုက္ခ၊ ဆံပင်ဆင်းရဲ၏။ ကေသာ အနတ္တ၊ ဆံပင် အစိုးမရ ဆံပင်၌ အတိုနည်းပြီး၏။

ကိုယ်၌မွေးညှင်းတွေဟာ ကိုးသန်းကိုးသိန်းရှိတယ်။ ဒီမွေးညှင်းတွေဟာ တစ္ဆေမကြောက်မှီ၌ လဲလဲ နေကြတယ်။ တစ္ဆေကြောက်တော့ ထောင်ထောင် နေကြတယ်။ အားလုံးမမြဲဘူးအနိစ္စဘဲ။ တဖန် အကြောက်ပြေ၍ သွားတော့ လဲလဲနေကြပြန်တယ် မမြဲဘူးအနိစ္စဘဲ။ ထို့ကြောင့် လောမာ အနိစ္စ၊ မွေးညှင်း

တွေ့အမြဲမရှိ။ လောမာ ဒုက္ခ၊ မွေးညှင်းတွေ့ဆင်းရဲ၏။ လောမာ အနတ္တ မွေးညှင်းတွေ့အစိုးမရ၊ မွေးညှင်း၌အတ္တနည်းပြီး၏။

ခြေသည်းလက်သည်းတွေဟာ သူ့နဂိုအတိုင်းမာဆတ်ဆတ်ကြီး ဖြစ်၍နေတယ်။ ရေထဲ၌ မိနစ် ၃၀-ခန့် စိမ်တော့ ပျော့ပြောင်းလာတယ် မမြဲဘူးအနိစ္စဘဲ။ တဖန် ရေနဲ့ဝေးတော့ မာဆတ်ဆတ်ပင်ဖြစ်၍လာပြန်တယ် မမြဲဘူးအနိစ္စဘဲ။ ထို့ကြောင့် နခါ အနိစ္စ ခြေသည်း လက်သည်း အမြဲမရှိ။ နခါ ဒုက္ခ ခြေသည်းလက်သည်းဆင်းရဲ၏။ နခါ အနတ္တ ခြေသည်းလက်သည်း အစိုးမရ ခြေသည်းလက်သည်း၌ အတ္တနည်းပြီး၏။

သွားများဟာ သူ့ပင်ကိုအတိုင်း ဘာမှထူးခြားချက် မရှိပါ။ ဒါပေမဲ့ ကြွက်သောင်းဝါးကို လက်သည်းဖြင့် ချစ်တော့အနီးက လူမှာနား၌ ဂျစ် ဂျစ် အသံကိုကြားရခြင်း ခါတ်ကတလမ်းသွား၏။ သွားများကျင်ခြင်း၊ ကြိမ်းခြင်းဖြစ်၍ သွား၌ခါတ်ကတလမ်းသွား၏၊ ဟဒယဝတ္ထု၌ရှိသော မနော၌တလမ်းသွား၏။ ကျင်တာကြိမ်းတာကိုသိ၏၊ ၃-လမ်းပင်တည်း။ ဝါး၌ချစ်ခြင်းကိုရပ်နားလျှင် ကျင်တာများ ပျောက်သွား၏။ အနိစ္စတွေ့ဘဲ၊ ကျင်လိုက်ဥဒယဖြစ်ခြင်းပါဘဲ၊အကျင်ပျောက်လိုက် ဝယ၊အပျက်ပါဘဲ၊မမြဲဘူးအနိစ္စတွေ့ပေါ့၊ထို့ကြောင့် ဒန္တာ၊ အနိစ္စသွားတွေ့ အမြဲမရှိ။ဒန္တာ ဒုက္ခသွားတွေ့ဆင်းရဲ၏။ ဒန္တာ၊ အနတ္တသွားတွေ့ အစိုးမရ။သွား၌အတ္တနည်းပြီး၏။

အရေထူ အရေပါးတို့ဟာ သူ့ပင်ကိုယ် အတိုင်းဆိုတော့ တင်း၍နေတယ်။ တနာရီမျှရေစိမ်တော့ အရေတွန့်လာပါတယ်

အနိစ္စမမြဲဘူး။ တဖန် ရေနှင့်ဝေးကွာတော့ ဓာင်းမြဲ တင်း၍ လာပြန်တယ်၊ မမြဲဘူး အနိစ္စဘဲ။ ထို့ကြောင့် ဓာစေ၁ အနိစ္စ၊ အရေများဟာအမြဲမရှိ၊ တစော ဒုက္ခ အရေများဟာဆင်းရဲ၏၊ တစော အနတ္တ အရေများဟာ အစိုးမရ၊ အရေထူအရေပေါး၌ အတိုနည်းပြီး၏။

ဤသို့လျှင် ရှင်လောင်းအား တစပဥ္စက ကမ္မဌာန်းကို သင်ကြားပြီး ဆံချသော် ရှေးရှေးဘဝများက ပါရမီဇီဇပါခဲ့သော်။ နိဂြောဓ သာမဏေကဲ့သို့ သင်ဒုန်းတင်ကာမျှနှင့် ရဟန္တာအထိ ဖြစ်နိုင်ပါသည်။ အကယ်၍ ပါရမီဇီဇမအောင်မြင်ဘဲ လိုသေးခဲ့သော်၊ ပါရမီပြည့်ဝဘို့ ယခုဘဝ၌မဂ်ရဘို့တည်း၊ လုံးဝပင် ပါရမီမဖြည့်ခဲ့ရသေးလျှင်မူကား ပါရမီအထု ဘာဂီရဘို့ ဖြစ်ပါသည်။ ရှင်လောင်းကိုဆံချတိုင်းဗင် ဤကဲ့သို့သင်ကြားပေးရာ၏။ သို့မှ ပြခဲ့သော ကျမ်းဂန်များနှင့် ကိုက်ညီ၍ ကလျာဏမိတ္တ ကောင်းကြီးအစစ်ဖြစ်လေသည်။

၁၀-၄-၁၀။ ၈-မိုင်၌ပြီး၏။

---

လူနှင့်လူလေးမျိုး အဋ္ဌကထာအဆို

အထက်တန်းစား ကဝိ၊ကဝိန်၊သုခမိန်၊ပညာရှင်တို့ အဘို့ပြချက်သည်။ ဝိမာနဝတ္ထု အဋ္ဌကထာပေါ်၌ နံပါတ်-၁၆၊ ကြောင်းရေ-၁၄၊ သုမ္မ၊ (မန္ထသာဘူတ အဖွင့်၌တွေ့ရပုံ။)

မနုဿဘူဿာသိင်္တော၊ မနုဿ၊ ဥဿာန္နတာယ၊ မနုဿာသတိ သူ့ချာဒဝ၊ဗြဟ္မစရိယယောဂျတာဒိဂုဏဝသေန၊ဥပစိတာ၊ မနုဿာ ဥက္ကဋ္ဌ၊ဂုဏစိတ္တာ၊ကေပနတေ၊ဇမ္ဗုဒီပဝါသိနော၊သတ္တဝိသေသာ တေနာဟဘဂဝါ၊ တီဟိဘိက္ခဝေဌာနေဟိဇမ္ဗုဒီပကာ၊ မနုဿာ ဥတ္တရကုရုကေမနုဿေ၊ အဓိဂဏှန္တိ၊ ဒေဝေစ တာဝတိံသေ၊ ကတမေဟိတီဟိ၊သူရာသတိမန္တော၊ဣဓဗြဟ္မစရိယဝါသောတိ၊ တထာဟိ၊ ဗုဒ္ဓါဘဂဝန္တော၊ ပစ္စေကဗုဒ္ဓါ၊ အဂ္ဂသာဝကာ၊ မဟာ သာဝကာ၊ စက္ကဝတ္တိနော၊ အညေစမဟာနုဘာဝါသတ္တာ၊ ဧတ္ထေဝ ဥပ္ပဇ္ဇန္တိ။ ။(အဲဒါက သမာနဝါဒတည်း။)] တေဟိသမာန ရူပါဒိတာယပန၊ သဒ္ဓိံပရိတ္တဒီပဝါသီဟိ၊ ဣတရမဟာဒီပဝါ သီနောပိ၊ မနုဿယေဝ၊ ပညာယိံ သူတိကေ။

အပရေပနဘဏန္တိ၊ လောဘာဒီဟိ၊ အလောဘာဒီဟိစ၊ သဟိတဿ၊ မနဿ၊ ဥဿန္နတာယ၊ မနုဿာယေဟိသတ္တာ၊မနုဿ ဇာတိကာ၊တေသုဝိသေသတော လောဘာဒယော၊အလောဘာ ဒယောစ၊ ဥဿဒါ၊ တေလောဘာဒိဥဿဒတာယ၊ အပါယမဂ္ဂံ၊ အလောဘာဒိဥဿဒတာယ၊သုဂတိမဂ္ဂံ၊နိဗ္ဗာနဂါမိမဂ္ဂဉ္စ ပူရေန္တိ တသ္မာလောဘာဒီဟိ၊ အလောဘာဒီဟိစ၊ သဟိတဿ၊ မနဿ ဥဿဒတာယ၊ ပရိတ္တဒီပဝါသီဟိ၊သဒ္ဓိံ၊စတုမဟာဒီပဝါသိနော သတ္တဝိသေသာ၊ မနုဿာတိ၊ ဝုစ္စန္တီတိ။

လောကိယာပန၊ မနုနော၊ အပစ္စဘာဝေန၊မနုဿာတိ၊ဝဒန္တိ မနုနာမ၊ပထမကပ္ပိကော၊ လောကမရိယာဒါယ၊အာဒိဘူတော ဟိတာ၊ ဟိတဒါယကော၊ သတ္တာနံ၊ ပိတုဋ္ဌာနိယော၊ ယော

သာသနေ၊ မဟာသမ္မတောတိ၊ ဝုစ္စတိ၊ပစ္စက္ခတော၊ ပရံပရာယစ
တဿ၊ဩဝါဒါ၊ နုသာသနိယံ၊ဌိတာသတ္တာ၊ ပုတ္တသဒိသတာယ၊
မနုဿာတိဝုစ္စန္တိ၊ တတောဝေဟိ တေမာဏဝါ၊ မနုဇာတိစ၊
ဝေါဟာရိယန္တိ၊ မနုဿေသု၊ ဘူတာဇာတာ၊ မနုဿအာဝံဝါ၊
ပတ္တာတိ၊မနုဿဘူတာ။ ။ဝိမာနဝတ္ထု နံပါတ်-၁၆၊ကြောင်း
ရေ-၁၄ သုမူ။

(၁) လူ့ငရဲသား ဝိမာနဝတ္ထု အဋ္ဌကထာ နံပါတ်-၂၀
ကြောင်းရေ-၁ သုမူ၌။—

ယောဟိမနုဿဇာတိကောစ၀၊ သမာနော၊ ပါဏာတိပါတာ
ဒိံ၊ အကတ္တဗ္ဗံတတွာ၊ ဒဏ္ဍာရဟော၊ တတ္ထ တတ္ထ၊ရာဇာဒီတော
အတ္ထဝွေဒါဒိ၊ ကမ္မကာရဏံ ပါပုဏန္တော မဟာဒုက္ခံ အနုဘဝတိ
အယံမနုဿ နေရယိကောနာမ။

(၂) လူ့ပြိတ္တာ ဝိမာန ဝတ္ထုအဋ္ဌကထာ နံပါတ်-၂၀
ကြောင်းရေ-၄ သုမူ၌။

အပရော မနုဿဇာတိကောဝ သမာနော ပုဗ္ဗေကတ ကမ္မုနာ
ဃာတစ္ဆာဒနံပိနလဘတိ ခုပ္ပိပါသာဘိဘူတော ဒုက္ခဗဟုလော
ကတ္တစိပတိဋ္ဌံ အလဘမာနော ဝိစရတိ အယံမနုဿပေတော
နာမ။

(၃) လူ့တိရစ္ဆာန်။ ဝိမာနဝတ္ထု အဋ္ဌကထာ နံပါတ် ၂၀။
ကြောင်းရေ ၇။ သုမူ၌။

အပရော၊ မနုဿဇာတိကောဝ၊ သာမနော၊ ပရာဓိနဝုတ္တိ၊
ပရေသံ၊ ဘာရံဝဟန္တော၊ ဘိန္န၊ မရိယာဒေါဝ၊ အနာစာရံ၊

စရိတွာ၊ ပရေဟိ၊ သန္တဇ္ဇိတော၊ မရဏဘယ ဘီတော၊ ဂဟန နိဿိတော၊ ဒုက္ခဗဟုလော၊ ဝိစရတိ၊ ဟိတာ၊ ဟိတံ၊ အဇာ နန္တော၊ နိဒ္ဒါ ဇိဃစ္ဆာဒုက္ခာ၊ ဝိနေဒိနာပရော၊ အယံမနုဿတိ၊ ဂစ္ဆာဝနောနာမ။

(၄) လူ့ဗရမတ် ဝိမာနဝတ္ထု အဋ္ဌကထာ နံပါတ် ၂၀။ ကြောင်းရေ ၁၁။ သုမ္မူဥ္ဇ။

ယောပနအတ္တနော၊ ဟိတာဟိတံ၊ ဇာနန္တော၊ ကမ္မဖလ၊ သဒ္ဒဟန္တော၊ ဟိရိဩတ္တပ္ပသမ္ပန္နော၊ ဒယာဗန္နော၊ သဗ္ဗသတ္တေသု သံဝေဂဗဟုလော၊ အကုသလကမ္မပထေ၊ ပရိဝဇ္ဇယန္တော၊ ကုသလ ကမ္မပထေ၊ သမာစရန္တော၊ ပုညကြိယာဝတ္ထုနိ၊ ပရိပူရေတိ၊ အယံမနုဿဓမ္မေ၊ ဗတိဋ္ဌိတော၊ ပရမတ္ထတော၊ မနုဿောနာမ။

ဤပါဠိ သက်သက်ကား ကဝိ, ကဝိန်, သုခမိန် ပညာရှင်တို့ အဘို့တည်း။

## လူလပ်တန်းစားတို့အဘို့ကား

မနုဿ ဘူတာဿတိ ထွေ၊ မနုဿဘူတာဿ၊ ဟူသောပါဠိ၌။ မနုဿ၊ စိတ်၏။ ဥဿန္နတာယ၊ မြင့်မြတ်သည်၏ အဖြစ်ကြောင့် မနုဿာ၊ မနုဿမည်ကုန်၏။ သတိသူရဘာဝ၊ ဗြဟ္မစရိယ၊ ယော ဂျတာဒိဂုဏဝသေန၊ သတိထင်ခြင်း။ တိဟိတ်ပဋိသန္ဓေနေခြင်း မဂ္ဂဗြဟ္မာစရိယာဥ်ကျင့်ခြင်း အစရှိသောဂုဏ်တို့၏ အစွမ်းအား ဖြင့် ဥပစိဘမနုဿာ၊ ဆည်းပူးအပ်သော စိတ်ရှိသောကြောင့်

ရင်း။ ဥက္ကဋ္ဌဂုဏစိတ္တာ၊ အကြီးအမှူးဂုဏ်နှင့် ယှဉ်သောစိတ်ရှိသောကြောင့်ရင်း။ မနုဿာ၊ မနုဿမည်ကုန်၏။ တေ၊ မနုဿမည်ကုန်သောသူတို့သည်။ တေပန၊ အဘယ်သူတို့နည်း။ ဇမ္ဗူဒီပဝါသိနော၊ ဇမ္ဗူဒိပါ၌တောင်ကျွန်း၌နေကြကုန်သော။ သတ္တဝိသေသာ၊ လူသတ္တဝါအထူးတို့သာတည်း။တေန၊ ထိုသို့တောင်ကျွန်းသားတို့ကိုသာ လူထူး အဖြစ်ဖြင့် ကောက်ယူ ရသောကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ (တီဟိဘိက္ခဝေ ဌာနေဟိ၊ ဇမ္ဗူဒီပိကာ၊ မနုဿာ၊ ဥတ္တရကုရုကေ၊ မနုဿေအဘိဂဏှန္တိ၊ ဒေဝေ၊ တာဝတိံသေ၊ ကတမေဟိတီဟိ၊ သူရာ၊ သတိမန္တော၊ ဣဓဗြဟ္မစရိယဝါသောတိ)ဣဓဗြဟ္မစရိယဝါသောဟူ၍ အာဟ မိန့်တော်မူခဲ့ပါပြီ။ (သာဓက အနက်ကား။) ဘိက္ခဝေ၊ ရဟန်းတို့။ တီဟိ သုံးပါးကုန်သော။ ဌာနေဟိ၊ အကြောင်းတို့ဖြင့်။ ဇမ္ဗူဒီပိကာ၊ ဇမ္ဗူဒိတ်ကျွန်း၌နေကုန်သော။ မနုဿာ၊ လူတို့သည်။ ဥတ္တရကုရုကေ၊ မြောက်ကျွန်း၌ နေကြကုန်သော။ မနုဿေ၊ လူတို့ကိုရင်း။တာဝတိံသေ၊ တာဝတိံသာဘုံ၌ နေကြကုန်သော။ ဒေဝေ၊ နတ်တို့ကိုရင်း။ အဘိဂဏှန္တိ၊ လွှမ်းမိုး၍ယူကြကုန်၏။ ကတမေဟိတီဟိ၊ အဘယ်သုံးပါးတို့ဖြင့်။ အဘိဂဏှန္တိ၊ လွှမ်းမိုး၍ယူကြကုန်သနည်းဟူမူကား။ သူရာ၊ တိဟိတ်ပဋိသန္ဓေနေခြင်း။ သတိမန္တော၊ တရား၌အမြဲသတိရှိခြင်း။ ဣဓဗြဟ္မစရိယဝါသော၊ ဤဇမ္ဗူဒိတ်ကျွန်း၌ သာသနာတော် တည်ရှိခြင်း သုံးပါးတို့ဘည်း။ တထာဟိတတောဝေ၊ ထိုသို့အင်္ဂါသုံးလီ၊ စုံညီပြည့်ဖြိုး၊ မြတ်တန်ခိုးကြောင့်သာလျှင်။ဘဂဝန္တော

ဘုန်းတော် ကြီးမားကြကုန်သော၊ ဗုဒ္ဓါ၊ ဘုရားကြီးတို့သည် ၎င်း။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါဘုရားငယ်တို့သည်၎င်း၊ အဂ္ဂ သာဝကာစ၊ အဂ္ဂသာဝက တို့သည်၎င်း၊ မဟာသာဝကာစ၊ မဟာသာဝကတို့သည်၎င်း။စက္ကဝတ္တိနောစ၊ စကြာမင်း မှာန္ဒတ် မင်းတို့သည်၎င်း။ အညေစ၊ ထိုမှတပါးလည်း ဖြစ်ကုန်သော၊ မဟာနုဘာဝါ၊ ကြီးသောအာနုဘော်ရှိကြကုန်သော၊ သတ္တာ၊ သတ္တဝါတို့သည်။ ဧတ္တေဝ၊ ဤဇမ္ဗူဒိပါ ကျွန်း၌ သာလျှင်။ ဥပ္ပဇ္ဇန္တိ ဖြစ်ကြကုန်၏။ (အဲဒါသမာနဝါဒဆိုပုံတည်း) တေဟိ၊ ထိုဇမ္ဗူဒိပါ ကျွန်းသားတို့နှင့်။ သာမန၊ ရူပဒိဘာယပန၊ တူမျှ သောအဆင်း အစရှိသောဂုဏ်ကြောင့်လည်း။ ပရိတ္တဒိပဝါသီဟိ နှစ်ထောင်သောကျွန်းငယ်၌နေကြသောသူတို့နှင့်။ သဒ္ဓိံ၊ တကွ ဣတရ ဒိပဝါသိနောပိ၊ တောင်ကျွန်းမှ တပါးသော အရှေ့ ကျွန်း။ အနောက်ကျွန်း မြောက်ကျွန်း သားတို့ သည်လည်း။ မနုဿာယေဝ လူတို့ဘဲဟူ၍သာလျှင်။ ပညာယိံသု၊ ထင်ရှား ကြကုန်ပြီ။ ဣတိ ဤသို့၊ ဧကေ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ (အဲဒါဧကေဝါဒပြချက်ပါဘဲ။)

ပန၊ အပရေဝါဒကို ပြဆိုဦးအံ့။ အပရေ၊ တပါးကုန်သော ဆရာတို့သည်။ ဘဏန္တိ၊ ဆိုကြကုန်၏။ လောဘာဒိဟိစ၊ လောဘ အစရှိသည်တို့နှင့်၎င်း။ အလောဘာဒိဟိစ၊ အလောဘ အစရှိ သောတရားတို့နှင့်၎င်း။ သဟိတာဿ၊ တကွဖြစ်သော၊ မနဿ၊ စိတ်၏။ ဥဿန္နတာယ၊ များသည်၏အဖြစ်ကြောင့်၊ မနုဿာ၊ မနုဿမည်ကုန်၏။ ဟိသစ္စံ၊ မှန်၏။ ယေသတ္တာ၊အကြင်သတ္တဝါ

တို့သည်။ မနုဿဇာတိကာ၊ လူဇာတ်၌ပါဝင်ကုန်၏။ တေသု၊ ထိုလူမျိုးတို့၌။ ဝိသေသတော၊ အထူးအားဖြင့်။ လောဘာဒယောစ၊ လောဘအစရှိကုန်သော တရားတို့သည်၎င်း။ အလောဘာဒယောစ၊ အလောဘအစရှိကုန်သော တရားတို့သည်၎င်း။ ဥဿဒါ၊ ပြန့်ပြောကုန်၏။ တေ၊ ထိုလူတို့သည်။ လောဘာဒိ ဥဿဒတာယ၊ လောဘအစရှိသော တရားတို့ ပြန့်ပြောသည်၏ အဖြစ်ကြောင့်။ အပါယမဂ္ဂံ၊ အပါယ် လမ်းမကြီးကို၎င်း။ အလောဘာဒိ ဥဿဒတာယ၊ အလောဘအစရှိသော တရားတို့ ပြန့်ပြောသည်၏ အဖြစ်ကြောင့်။ သုဂတိမဂ္ဂံ၊ သုဂတိ ၇-ဘုံ လမ်းမကြီး ကို၎င်း။ နိဗ္ဗာနဂါမိမဂ္ဂဉ္စ၊ နိဗ္ဗာန်သို့ သွားရာ မဂ္ဂင်လမ်းမကြီးကို၎င်း။ ပူရေန္တိ၊ ပြည့်စေကြကုန်၏။ လောဘာဒီဟိစ၊ လောဘအစရှိသော တရားတို့နှင့်၎င်း။ အလောဘာဒီဟိစ၊အလောဘအစရှိသောတရားတို့နှင့်၎င်း။ သဟိတဿ၊ တကွဖြစ်သော။ မနဿ၊ စိတ်၏။ တဿ ဥဿဒတာယ ထိုသို့ပြန့်ပြောသည်၏။ အဖြစ်ကြောင့်။ ပရိတ္တဒီပဝါသီဟိ၊ ကျွန်းငယ် ၂-ထောင်၌ နေကြကုန်သော လူတို့နှင့်။ သဒ္ဓိံ၊ တကွ၊ စတုမဟာဒီပဝါသိနော၊ ကျွန်းကြီး ၄-ကျွန်း၌ နေကြကုန်သော။ သတ္တဝိသေသာ၊ လူသတ္တဝါအထူးတို့ကို။ မနုဿာတိ၊မနုဿာတို့ဟူ၍ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ (အဲဒါအပရေဝါဒပြချက်တည်း)။

ပန၊ လောကိယဝါဒကိုပြဆိုဦးအံ့။ လောကိယာ လောကီဗျာကရဏ်းဆရာတို့သည်။ မနုနော၊ မနုမည်သော မဟာသမ္မတကြီး၏။ အာပစ္စဘာဝေန၊ သားသမီး၏အဖြစ်ကြောင့်၊ မနုဿာ

12

မနုဿမည်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ဆိုကြကုန်၏။မနုဿာမ၊ မနုအမည်ရှိသောသူမည်သည်ကား။ ပဌမကပ္ပိကော၊ ကပ်ဦး၌ ဖြစ်သောမင်းပင်တည်း။ လောကမရိယာဒါယ၊ လောကအပိုင်း အခြား၏။အာဒိဘူတော၊အစဖြစ်၍ဖြစ်သော။ ဟိတာဟိတဝိဓါ ယကော၊အစီးအပွါးရှိသည်၊ အစီးအပွါးမရှိသည်ကို စီရင်တတ် သော။သတ္တာနံ သတ္တဝါတို့၏။ ပိဋ္ဌာနိယော အဘအရာ၌တည် သော။ သမ္မာမင်းတည်း။ ယော၊ အကြင်ကပ်ဦးမင်းကို။(ဝါ) မနုကို။ သာသနေ၊ သာသနာတော်၌။ မဟာသမ္မတောတိ၊မဟာ သမ္မတမင်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပစ္စက္ခတော စ၊ ယခုဘဝအ တွက်ရင်း။ ပရံပရာယ စ၊ နောင်တမလွန်ဘဝအတွက်ရင်း။တဿ၊ ထိုမဟာသမ္မတမင်း၏၊ ဩဝါဒါနု သာသနိယံ အဆိုအဆုံးမခြင်း တရားမြစ်ခြင်း အာဏာ၌။ ဋ္ဌိတာ၊ တည်ကြကုန်သော။ သတ္တာ၊ သတ္တဝါတို့ကို။ ပုတ္တာသဒိသတာယ၊ သားနှင့်တူသည်၏ အဖြစ် ကြောင့်။ မနုဿာတိ၊ မနုဿတို့ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။ တတောဝေတိ၊ ထို့ကြောင့်သာလျှင်။ တေမာဏဝါ၊ ထိုလုလင် တို့ကို။ မနုဇာတိ စ၊ မနုဇတို့ ဟူ၍လည်း။ ဝေါဟာရိယန္တိ၊ ခေါ်အပ်ကုန်၏။ မနုဿော၊ လူအမျိုးတို့၌။ ဘူတာဇာတာ၊ ဖြစ်ကုန်သည်တို့သည်။ (ဝါ)တနည်းကား။ မနုဿဘာဝံ၊ လူ အဖြစ်သို့။ ပတ္တာ၊ ရောက်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ မနုဿဘူတာ၊ မနုဿဘူတမည်ကုန်၏။

လူငရဲသားပြသော ပါဠိ၏အနက်ကား

ဟိ၊ မှန်၏။ ယော၊ အကြင်သူသည်။ မနုဿဇာတိကော ဝ

လူဇာတ်၌ဖြစ်လာသည်။ သမနော၊ ဖြစ်ပါလျက်။ ပါကာတိပါ တာဒိ်၊ သူ့အသက်သတ်ခြင်းအစရှိသော။ အကတ္တဗ္ဗ်၊ မပြုအပ် သော ဒုစရိုက်ကို။ ကတွာ၊ ပြုမိသောကြောင့်။ ဒဏ္ဍာရဟော၊ ဒဏ်ထိုက်၏။ တတ္ထ တတ္ထ၊ ထိုထိုသောအရပ်၌။ ရာဇာတိတော၊ မင်းအစရှိသည်မှ။ ဟတ္ထစ္ဆေဒါဒိကမ္မကရဏာံ၊ လက်ဖြတ်ခံရခြင်း အစရှိသော။ ကမ္မကရဏာသို့။ ပါပုဏန္တော၊ ရောက်လျက်။ မဟာဒုက္ခံ၊ ကြီးစွာသောဆင်းရဲကို။ အနုဘဝတိ၊ ခံစားရ၏။ အယံ၊ ဤသူသည်။ မနုဿနေရယိကောနာမ၊ လူငရဲသားမည် တော့၏။

(၂) လူပြိတ္တာပြသော ပါဠိ၏အနက်ကား

အပရော၊ တပါးသောသူသည်။ မနုဿဇာတိကောဝ၊ လူ့ ဇာတ်သို့ရောက်သည်သာလျှင်။ သမနော၊ ဖြစ်ပါလျက်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ကတာကမ္မုနာ ပြုခဲ့မိသောကံကြောင့်။သာသစ္စာဒနံပိ စားစရာ ဝတ်စရာကိုသော်လည်း။နလဘတိ၊မရချေ။ ခုပ္ပိပါသာ ဘိဘူတော၊ ငတ်ခြင်း, မွတ်ခြင်းဖြင့်၊ နှိပ်စက်အပ်သည်ဖြစ်၍။ ဒုက္ခဗဟုလော၊ များစွာဒုက္ခရှိသည်ဖြစ်၍။ ကတ္ထစိ၊ တစုံတခု သောအရပ်၌။ ပတိဋ္ဌံ၊ ထောက်ဘည်ရာကို။ အလဘမာနော၊ မရရှိဘဲ၊ ဝိစရတိ၊ လှည့်လည်၍နေ၏။ အယံ၊ဤသူသည်။မနုဿ ပေတောနာမ၊ လူ့ပြိတ္တာမည်တော့၏။

(၃) လူ့တိရစ္ဆာန်ဖြစ်သော ပါဠိ၏အနက်ကား

အပရော၊ တပါးသောသူသည်။ မနုဿဇာတိကောဝ၊ လူ့ ဇာတ်သို့ ရောက်သည်သာလျှင်။ သမာနော ဖြစ်ပါလျက်။

ဗရာမ ိနဝုတ္တိ သုတ္တပါးအားကိုး၍ အသက်မွေးရ၏။ ပရေသံ သုတ္တပါးတို့၏။ ဘာရုံ ဝန်ထုတ်ကို။ ဝဟန္တော ရွက်ဆောင်ထမ်းပိုးလျက်။ ဘိန္နမရိယာဒေါဝေါ၊ အပိုင်း အခြား ပျက်စီးလျက် (ဝေါ)ဥပဒေလွန်ကျူးလျက်။ အနာစာရံ မကျင့်အပ်သောအမှုကို အစရိတ္တွာ၊ ကျင့်၍။ ပရေဟိ၊ သုတ္တပါးတို့သည်။ သန္တဇ္ဇိတော၊ ခြိမ်းခြောက်ခြင်းခံရလျက်။ မရဏဘယတိတော၊ သေဘေးမှ ကြောက်လန့်သည်ဖြစ်၍။ ဂဟဏနိဿိတော၊ ဘောအုပ်ခြုံကြားသို့ကပ်ရလျက်။ ဒုက္ခဗဟုလော၊ များသောဒုက္ခ ရှိသည်ဖြစ်၍။ ဝိစရတိ လှည့်လည်ကာနေရ၏။ ဟိတာ ဟိတံ အစီးအပွါးရှိသည် မရှိသည်ကို။ အဇာနန္တော၊ မသိပါဘဲ။ နိဒ္ဒါ၊ အိပ်ခြင်းကျူး၍။ ဗိဿဗ္ဗာ၊ တော်မှဘ်ခေါင်းပါး၍။ ဒုက္ခဝိနောဒနာဒိပရော၊ ဒုက္ခကင်းရှင်းရန်သုတ္တပါးအားမှီခိုရသည်ဖြစ်၍။ ဝိစရတိ၊ လှည့်လည် ၏။ အယံ၊ ဤသူသည်။ မနုဿတိရစ္ဆာနောနာမ၊ လူ့တိရစ္ဆာန် မည်၏။

## (၄) လူ့ပရမတ်ပြသောပါဠိ၏အနက်ကား

ပန၊ လူထွဋ်-လူမြတ် လူ့ပရမတ် လူ့ဥက္ကဋ္ဌကို ပြဦး အံ့။ ယော၊ အကြင်သူသည်။ အတ္တနော၊ မိမိ၏။ ဟိတာ ဟိတံ၊ အစီးအပွါးရှိသည်မရှိသည်ကို။ ဇာနန္တော၊ သိလျက်။ ကမ္မဖလံ၊ ကံ၏ အကျိုးကို။ သဒ္ဒဟန္တော၊ ယုံကြည်လျက်။ ဟိရိဩတ္တပ္ပသမ္ပန္နော အရှက်အကြောက်နှင့် ပြည့်စုံသည်ဖြစ်၍။ သဗ္ဗသတ္တေသု၊ အလုံးစုံသော သတ္တဝါတို့၌။ ဒယာပန္နော၊ သနားကျင်နာခြင်းသို့ရောက်

သည်ဖြစ်၍ သံဝေဂဗဟုလော၊ ဘဝအတွက်ထိတ်လန့်ခြင်းများ သည်ဖြစ်၍၊ အကုသလကမ္မပထေ၊ အကုသလကမ္မပထ၌၊ စရိဘဇ္ဇယန္တော၊ ရှောင်ကြဉ်လျက်၊ ကုသလကမ္မပထေ၊ ကုသလကမ္မပထတရား၌၊ သမာစရန္တော၊ ကောင်းစွာကျင့်လျက်၊ ပုညကြိယဝတ္ထုနိ၊ ပုညကြိယဝတ္ထုတို့ကို၊ ပူရေတိ၊ ဖြည့်ကျင့်၏၊ အယံ၊ ဤသူသည်၊ မနုဿဓမ္မေ လူတို့ကျင့်အပ်သော ဒါန,သီလ,သမထ ဝိပဿနာတရား၌၊ ဗတိဋ္ဌိတော၊ တည်သည်ဖြစ်၍၊ ဖရမတ္တတော မြတ်သော အနက် မြတ်သောအကျိုးကိုခံစားအပ်သောကြောင့် မနုဿောနာ၊ လူပရမတ္ထမည်၏၊ ဝိမာနဝတ္ထုအဋ္ဌကထာပြသော လူနှင့်လူလေးမျိုးကားပြီး၏။

၁၃၂၀ ပြည့် ဝါဆိုလပြည့်၊ ၁၉၅၈ ခု၊ ဇူလိုင်လ ၃၀ ရက် ဗုဒ္ဓဟူးနေ့၊ ထွက်လာသည်။

## လူနှင့်ကမ္ဘာ့သမိုင်း

ရှုခင်းနှင့်သတ္တဝါစုံ၊ ကြည့်ရှုစရာတွေ၊ အာရုံခံစရာတွေ။

(၁) ကမ္ဘာသည် မိုင်ပေါင်း(၂၅၀၀)ကျယ်ဝန်း၏၊ ၇၅-ရာခိုင်နှုန်းကို ရေပြင်ကြီးက ဖုံးလွှမ်း၍နေသည်။ ရေလွှမ်းနေသော နှစ်ပေါင်းသည် နှစ်ပေါင်း ကုဋေငါးရာခန့်ရှိမည်၊ (၂) လူနှင့်သတ္တဝါအမျိုးပေါင်း တသန်း (၁၀၀၀၀၀၀) ခန့်ရှိသည်၊ (၃) ပိုးမွှားပေါင်းကား ရှစ်သိန်း(၈၀၀၀၀၀)ခန့်ရှိသည်၊ (၄)

ငါးအမျိုးပေါင်းသုံးသောင်း (၃၀၀၀၀) ခန့်ရှိသည်။ (၅) ငှက်အမျိုးပေါင်း ကိုးထောင် (၉၀၀၀) ခန့်ရှိသည်။ (၆) အပင်အမျိုးပေါင်း နှစ်သိန်းငါးသောင်း (၂၅၀၀၀၀) ခန့်ရှိသည်။ (၇) လူတို့သက်တမ်း ၅၂-ခန့်နှင့် လူ၏အလေးချိန် ၁၃၁-ပေါင်ရှိသည်။ လူ၏ အရပ်အမြင့်ကား ၅-ပေ ၄-လက်မရှိသည်။ လူတမျိုးနှင့် တမျိုးဟာအသားအရောင်သာကွာခြားရှိလို့ လူချင်းသဘာဝအားလုံးတူကြသည်။ နောက်ဆုံး သေခြင်းဘက်သို့ဒုန်းစိုင်းပြေးဝင်နေကြသည်။ (၈) ကမ္ဘာတွင် တိုက်ကြီး ခြောက်တိုက်ရှိ၍ ကျွန်းပေါင်းတသိန်း (၁၀၀၀၀၁) ခန့်ခြံရံ၍နေသည်။ (၉) တိုင်းပြည်နိုင်ငံအသီးသီး စိုးပိုင်သောမင်းများ၏ နယ်မြေကား တရာကိုးဆဲ့ကိုးပြည် (၁၉၉) ရှိသည်။ အသီးသီး စိုးမိုးအုပ်ချုပ်၍နေကြသည်။ (၁၀) ထိုကမ္ဘာမှာ နေထိုင်ကြသောလူဦးရေမှာ ကုဋေပေါင်း(၂၅၁)ရှိသည်။ ၎င်းတို့ပြောဆိုသောဘာသာစကားမှာ တထောင် (၁၀၀၀) ရှိသည်။ ကိုးကွယ်သောဂိုဏ်းပေါင်းမှာ (၅၀၀) ရှိသည်။ လူတို့တိုးတက် ယဉ်ကျေးမှုရလာသောနှစ်မှာ (၇၀၀၀) လောက်ရှိခဲ့ပြီ။ ဤကားသတ္တဝါပေါင်း လူပေါင်းကုဋေ (၂၅၀) တို့၏ပျော်စရာ, ရွှင်စရာ, ကြည်နူးစရာရှုခင်းနှင့် သတ္တဝါတို့ကို ကြည့်ရှုပြီး အာရုံခံစားစရာ ရေမြေ, တော, တောင်, မြစ်, သမုဒ္ဒရာ, မြို့, ရွာ, နယ်ပယ်နှင့် လွတ်လပ်ရေးကြီးရပြီး ငြိမ်းချမ်းရေးနှင့်နေရသော ကောင်းမြတ်သည့်ခေတ်ကောင်းအချိန်သာတည်း။ သာယာသောကမ္ဘာကြီးပျက်စီးပြီး ဗလုံးဗထွေးအုံးအင်းဖြစ်ရ၏။

(က) မိုက်မဲသောသူတို့ကားစစ်တိုက်မှုကိုတိုးတက်သည်ဟု ယူဆကြသည်။ လိမ္မာသောသူတို့ကား ငြိမ်းချမ်းရေးရခြင်းကို တိုးတက်သည်ဟုယူဆကြသည်။ လူဟာတနေ့လျှင် လဘက်ရည် ဒုဂံနှင့် ၃-ခုလောက်စားရမှ အသက်ရှင်၏။ အစာမစားဘဲ ရက် ၃၀ နေလျှင်သေရသည်။ ရေကို ၅-ရက်မျှ မသောက်ရလျှင် သေရသည်။ (ခ) ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်ခဲ့လျှင် လူဦးရေ ဟာ ၂-ဆမျှတိုးရန်ရှိ၏။ကျန်းမာသောလူတဦးဟာ သုံးဧကမျှ စိုက်ပျိုးရန်လိုနေပါသည်။ ယခုမှာ လူတဦးလျှင် တဧကမျှစိုက် ပျိုးနေရ၊ အငတ်ပြဿနာပေါ်မြဲပေါ်၍နေသည်။ (ဂ)ကမ္ဘာ့ မြေ ဆယ်ပုံတွင် တပုံသာစိုက်ပျိုးလျက်ရှိကြသည်။ ၉-ပုံ မစိုက် ပျိုးကြလို့ အငတ်ပြဿနာပေါ်၍နေသည်။ လူများဟာ မစားရ လျှင် ခိုးရမည်ကိုလည်း မကြောက်၊ သတ်ဖြတ်ရမည်ကိုလည်း မကြောက်၊ ကိုယ်ကျင့်တရားလဲမစောင့်နိုင်၊ ဥပဒေကိုလဲမရှိသေ သို့အတွက်။ အစာရေစာ ရရှိဘို့အတွက်ဟာ အရေးအကြီးဆုံး ဖြစ်ကြ၏။ (ဃ) စားနပ်ရိက္ခာ ပြဿနာဖြေရှင်းရန်မှာ။ သူတို့ နေထိုင်သော ကမ္ဘာကြီးကောင်းမွန်ရန် လူတိုင်းအမ်ဋ္ဌာန်ပြုဘို့ ချန်နှင့် လူကိုလူချင်းမဖျက်ဆီးကြဘဲ၊ သာယာဝပြော စည်ကား အောင်ထူထောင်ကြဘို့ လူလူချင်းလက်တွဲပြီးကူညီစောင့်ရှောက် အားပေးလုပ်ကိုင်ကြဘို့သာလျှင် အဓိကဖြစ်ပါသည်။ လူသည် အခြားလူနှင့်ငြိမ်းချမ်းစွာယှဉ်တွဲလုပ်ကိုင်ဘို့ အဓိကထားရမည်၊ လူ၏သမိုင်းတွင် ၁၄-နှစ်ထဲသာ ငြိမ်းချမ်းရေးကိုရရှိခဲ့၏၊ ၁၄- နှစ်က ဒီဘက်ဆိုလျှင် အခမ့်စံနှစ်ဆိုးကြီး မျိုး၍ လာတော့ရာ။

အစမ္ပစံနစ်ကြောင့်တာထစ်မျှမအေးခဲ့ရခြေ၊ လန့်၍နေကြရသည်။ အစမ္ပစံနစ်ကြောင့် နားလည်မှုမရှိကြဘဲ စစ်သားဖြစ်၍နေကြသည်။ လူ့သမိုင်းကိုကြည့်လျှင် အစမ္ပစံနစ်ဟာအောင်မြင်မှုမရှိခဲ့ပါ။ လုပ်လုပ်ရေးအတွက်၊ ငြိမ်းချမ်းရေးအတွက် ခုံကာကွယ်၍နေကြသည်။ ကမ္ဘာမှာအစမ္ပစံနစ်နှင့် ၎င်းကိုကာကွယ်ဘို့သာ နေ့ရှိ,လရှိစိမ်နေကြသည်။

သာကေများစွာထုတ်၍ပြရပါလျှင်

လွန်ခဲ့သောအနှစ် ၄၀ လောက်က ဝါဒ ရှူးသမား တစုကြောင့်၊ ကမ္ဘာမှာ ၃-ယောက်လျှင် တယောက်မျှ ကျွန်ဖြစ်၍နေရလေသည်။ ဝါဒရှူးသမား တစုသည် ကမ္ဘာကို စိုးမိုးရန် အကြံထုတ်၍နေသည်။ ဝါဒရှူးသမားတစုသည် လူသန်းပေါင်းများစွာကိုအတိဒုက္ခရောက်စေခဲ့၏၊ မြို့ပြ,ပြည်ရွာများကိုဖျက်ဆီးခဲ့၏။ ကမ္ဘာတွင် ပဒေသာပေါက်မည့်၊ ခေတ်ကောင်း အချိန်ကောင်းတွင် ဝါဒရှူးသမားတစုကြောင့် ပြိုပျက် ကုန်ဆုံး အရှုံးကြီးခံခဲ့ကြရ၏။ ကမ္ဘာ့လုပ်လပ်သော လူများသည်၊ ၎င်းတို့ကိုကာကွယ်ရန်အင်အား ပစ္စည်းများ အများကြီးသုံးဖြုန်းနေကြရသည်။ ၎င်းကုန်ကျမည့်ပစ္စည်းဖြင့်၊ အဖျက်သမားမပြုဘဲ။အပြုသဘောဖြင့်ထူထောင်ရလျှင် ဝဝကြီး လုလုကြီး၊ ကြွကြွကြီးနှင့် တောင့်တင်းစိုပြည်၍လာမည်မဟုတ်ပါလော။

ဒုတိယ ကမ္ဘာစစ်အတွင်းကနိုင်ငံတိုင်းကစစ်အတွက်ကုန်ကျတာကို စုပေါင်းရေတွက်သော်၊ ကုဋေပေါင်း (၆၁၇၅၀၀ိ)ကုန်ကျလေသည်။ ၎င်တို့ကြောင့် ပျက်စီးပြိုကွဲရသောတိုက်တာအိမ်

ချေတန်ဘိုးတို့လဲ ကုဋေပေါင်း(၆၁၇၅၀၀)ခန့်မျှ ကုန်ကျပျက်စီးခဲ့ပြန်ရာ၊စုစုပေါင်း (၁၂၃၅၀၀ဝိ)မျှဆုံးရှုံးစုပေါင်းခံရကြသည်၊ စစ်သာမဖြစ်ခဲ့လျှင် ၎င်းကုဋေပေါင်း(၁၂၃၅၀၀ဝိ)ငွေတွေဖြင့် တိုက်တာဆေးရုံ ကျောင်းဆောင်များ ပြုရလျှင်၊ ဘယ်အထိကြီးကျယ် ခမ်းနားသွားမည်လဲ စဉ်းစားကြပါကုန်။

## ဒုတိယစစ်ကြီးအတွင်းက စုပေါင်းဆုံးရှုံးမှုများ

ဒုတိယကမ္ဘာစစ်အတွက် နိုင်ငံအားလုံးတို့ကကုန်ကျရသော စရိတ်မှာ ဒေါ်လာပေါင်းကုဋေ(၁၃၀၀ဝိ)တသိန်းသုံးသောင်းဖြစ်၍ မြန်မာငွေနှင့် ကုဋေပေါင်း (၆၁၇၅၀ဝိ)ဘိုးမျှ ကုန်ကျဆုံးရှုံးကြရသည်။ ရှိပြီးသောတိုက်တာအိမ်ခြေစသည်တို့ပျက်စီးသွားရတာကလည်း ကုဋေပေါင်း (၆၁၇၅၀၀) ယောက်ဝင်ထပ်ဆုံးရှုံးနစ်နာပြန်သည်။ ဒုတိယကမ္ဘာစစ်တုန်းက သေကြေရသော လူဦးရေမှာ (၂၂၀၆၁၁၀၀)ဖြစ်၏။ ဒဏ်ရာရရှိသူတို့မှာ (၃၄၃၀၁၀၀၀)ဖြစ်၏။

စစ်သားတဦးကို သတ်ရန်ဒေါ်လာ (၄၅၀၀၀)ထားရ၏။ မြန်မာငွေနှင့်ကား (၂၁၄၀၀ဝိ)ဖြစ်၏။ အဲဒီငွေနှင့် ဆေးရုံ စာသင်ကျောင်း ဆောက်ရသော်။ တောဆေးရုံ တခုရမည်။ တောစာသင်ကျောင်းတခုရမည်။ ရှုံးလေစွတကား။ တင့်ကား တခု၌သုံးရသော သံမဏိမှာ(၆၀၀၁)ခန့်ရှိ၏။ ၎င်းသံမဏိဖြင့် ဆွဲစက်ပေါင်း-၁၀၀ ဖြစ်နိုင်၏။ အသုံးမှား ရလေခြင်းကွယ်။ ချမ်းတောင့်တခု၏ တန်ဘိုးနှင့် ပေါင်မုန့်တခုဝယ်နိုင်သည်။

စစ်သင်္ဘောကြီး တခုမှာ ကုန်ကျသော စရိတ်ဖြင့် မြို့ပေါင်း တရာမှာ ခေတ်မီစာသင်ကျောင်းတရာ ဆောက်၍ထားနိုင်၏။ ဆုံးရှုံးရလေခြင်း။ တိုက်လေယာဉ်ပျံ တစင်း၌ ကုန်ကျမည့် စရိတ်ဖြင့် ဂျုံတင်းပေါင်း (ငါးသိန်း)ဘိုးဝယ်၍ စားနိုင်ကြ၏။ ဒါလဲအလွဲသုံးစားမို့ အရှုံးနာလှ၏။ဗုံးကြဲလေယာဉ်ပျံဘစင်း ကုန်ကြမည့်စရိတ်ဖြင့်ပစ္စည်းအစုံအလင်နှင့်လူနာ (၂၀၀)စီကုနိုင်သောဆေးရုံ၂-ခုပြုနိုင်သည်။ ဒါလဲဆုံးရှုံးရ၏။ဗုံးကြဲလေယာဉ်ပျံဘစင်း တခါထွက် တန်ဘိုးမှာ ဒေါ်လာ(၆၇၀၀)တန်ဘိုးရှိ၍ မြန်မာငွေနှင့်(၃၁၈၂၅)ကျပ်ကုန်ကျသည်။ ဒင်းငွေဖြင့်သူနာပြုကားတစီးဝယ်၍ သူနာများကိုရက်ပေါင်းများစွာ ချမ်းသာစေနိုင်ပါသည်။ လက်နက်ဘပ်ဆင်နေသော ကမ္ဘာသည်။ရွှေငွေကိုလည်း ကုဋေပေါင်း(၆၁၇၅၁၀)ကိုလည်း အလွဲသုံးစားပြုကြလေသည်။ လောကဓါတ်ဆရာများ၏ ဉာဏ်ပညာ အစွမ်းကိုလည်း အလွဲသုံးစားပြုကြသည်။ လူပေါင်းကုဋေ (၂၅၀)၏ လုပ်အားကိုလည်းအလွဲသုံးစားပြုကြသည်။ရှိပြီးသားလူများကိုလည်း (၂၂၀၆၁၁၀၀)မျှ သတ်ပြစ်ကြသည်။ ရှိပြီးသားလူများ, ကိုလည်း(၃၄၃၀၁၀၁၀)မျှဒဏ်ရာရခဲ့စေသည်။ တိုက်တာ အိုးအိမ်တန်ဘိုးငွေ ကုဋေငွေပေါင်း(၆၁၇၅၀၀)ပျက်စီးစေခဲ့သည်။ ကလေးသူငယ်များ ပျော်ရွှင်မှုကိုလည်း သတ်ဖြတ်ခဲ့လေသည်။ စီးပွါးရေးကိုလည်း နှစ်ကြာသမျှ တန့်ရပ် ဖြိုဖျက်ခဲ့လေသည်။ စိတ်ဓါတ် ယဉ်ကျေးမှုကိုလည်း ဖြိုခွင်းခဲ့ရာ ယခုအထိမကောင်းသေးပါ။ ကမ္ဘာ၏သာယာစိုပြည်မှုကိုလည်း မီးရှို့ပြီးအမှိုက်ပုံ

ကြီးပြုခဲ့ကြလေသည်။ စစ်အတွက်လုံးပန်းရ။ စစ်အတွက်တိုက်ခိုက်နေကြရသဖြင့် ပညာရေးဆွံ့အ စီးပွါးရေးချို့တဲ့ပျော်ရွှင်မှုတမိနစ်ခန့်မျှမရဘဲ။ ကျမ္မါရေးပါချို့တဲ့ပြီး ယခုပင်သေရမလားနက်ဖြန်ပင်သေရမလားဟု လန့်အားနှင့်နေကြရသည်။ ဂျပန်ပြည်နဂါးဆါကီမြို့၌ အနုမြူဗုံးတလုံးကျရာ။ လူပေါင်း-၃ သိန်းကျော်သေရ၍ ၎င်းမြို့ကြီးတမြို့တန်ဘိုးများစွာ ပျက်စီးဆုံးရှုံးရသည်။ ဟီရိုရှီးမါး အနုမြူဗုံးတခုကျရာ လူပေါင်း ၂-သိန်းကျော်နှင့် တန်ဘိုးများစွာရှိသော မြို့ကြီးတမြို့လုံး ပြာကျသွားရသည်။ ရပ်တန်းက ရပ်ကြလော့၊ ဘိနပ်တန်း မသွားကြပါနှင့်တော့။

ပြီး၏။

# တတိယ

## မဂ္ဂဒီပနီကထာ

ဝိပဿနာမဂ္ဂင်ကြီး — သော၊သ၊အ၊နွှာ၊၂၄ ကု–၆၀၊ ဗို၁–သိန်း




[ဉာဏစာဂိလက်ာ]။ ။ကမ်း ၂–သွယ် ကြား၊ ခင်း၍ထား၏။ တံတားခိုင်ခိုင်၊ ကူးသွားနိုင်လျက်။ အကူးခက်၊ ရှုးချက်နာလှသည်။ ။(ရအောင်ကျက်၊ အမြဲရွတ်ပါလေ။)

(က) ဒုဂ္ဂတိ၊ သုဂတိ၊ ဒွိဟိတ်၊ တိဟိတ်၊ ပုထုဇဉ် ၄–စု ဟာ ဘယ်တရားလိုနေ၍မရသလဲ။

(ခ) သောတာ၊ သကာဒါ၊ အနာ၊ ရဟန္တာ ၄–စုဟာ ဘယ်တရားရလို့ရောက်ကြသလဲ။ ဖြေစမ်းပါ။

(က) အမေး။ (ခ) အမေးကိုဖြေပါပြီ။

(၁) ပညာယ၊ ပရိဟီနေန၊ ဖဿလောကံ သဒေဝကံ၊ နိဝိဋ္ဌံ၊ နာမရူပသ္မိံ၊ ဣဒံသစ္စန္တိမညတိ။

(၂) ပညာဟိ သေဋ္ဌာ လောကသ္မိံ၊ ယာယံနိဗ္ဗေဓဂါမိနီ၊ သာစယသ္မာ၊ ပဇာနာတိ၊ ဇာတိဘဝပရိက္ခယံ။

ဣတိဝုတ် ပါဠိတော်မှ ထုတ်ပြသည်။ ။(၁) ဘိက္ခဝေ၊ ချစ်သားတို့။ ပညာယပရိဟီနေန၊ ဝိပဿနာဉာဏ်ပညာမှ ယုတ်

လျှော့သဖြင့်။ နာမရူပသို့၊ နာမ်ဓါတ်ရုပ်ဓါတ်၌။ နိဝိဋ္ဌ၊ ဒိဋ္ဌိ ငါ၊ တဏှာငါ၊ မာနငါ စွဲကပ်၍နေသော။ သဒေဝကံ၊ နတ် ပြဟ္မာနှင့်တကွသော။ လောကံ၊ ကာမ၊ရူပ၊အရူပဆိုတဲ့ လောက ၃-ပါးကို။ ပဿ ရှုစမ်းပါလော့။ ဣဒံ၊ ဤခေါင်းကိုယ်လက် ခြေစသော အတ္တပညတ်နှင့် အခေါ် ဝေါဟာရ ပညတ်သည်။ သစ္စံ၊ မှန်ကန်တဲ့ သစ္စာတည်း။ ဣတိ၊ ဤသို့။ မညတိ၊ ဒိဋ္ဌိ၊ တဏှာ၊ မာနပြား၍ သုံးခါမှတ်မှားတော့၏။

(၂) လောကသို့၊ လောကသုံးပါး၌၊ ဝညာ၊ ဝိပဿနာ ဇညာ၊ မဂ်ပညာသည်။ သဋ္ဌာ၊ အမြတ်ဆုံးတည်း။ ယာယံ အကြင် ဝိပဿနာဇညာ၊ မဂ်ပညာသည်။ နိဗ္ဗေဓဂါမိနီ၊ ငါအစွဲ သုံးပါးကိုဖြိုခွဲနိုင်၏။ သာစ၊ ထိုဝိပဿနာပညာ၊ မဂ်ပညာသည် သာလျှင်။ ယသ္မာ၊ အကြင်ကြောင့်။ ပဇာနာတိ၊ အပြားအား ဖြင့်သိ၏။ တသ္မာ၊ ထိုကြောင့်။ ဇာတိဘဝပရိက္ခယံ၊ ဇာတိဘဝ ကုန်ခမ်းခြင်းနိဗ္ဗာန်ကို။ ပဇာနာတိ၊ အပြားအားဖြင့် သိတတ် ပါပေ၏။

(ခ) သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ စသော ၂၄-သင်္ချေ၊ ကုဋေ ၆၀၊ ဗိုလ်ခြေတသိန်းတို့ ကျွတ်ကြ လွတ်ကြထွက်မြောက်ကြတာဟာ အစစ်အမှန်မှာတော့ဝိပဿနာ ဇညာ မဂ်ပညာရှိကြလို့ပါဘဲတဲ့။

(က) ဒုဂ္ဂတိ၊ သုဂတိ၊ ဒွိဟိတ်၊ တိဟိတ် ပုထုဇဉ် ၄-ဝတို့ ဟာ ယခုအထိမထွက်မြောက်ကြရသေးတာကတော့ ဝိပဿနာ

ပညာ၊ မဂ်ပညာမရှိကြလို့ပါတဲ့။ ရှင်းရှင်းလင်းလင်းကွင်းကွင်း ကွက်ကွက်ကြီးဖြေထားတာဘဲ ကြည့်ကြပါလေ။

ဝိပဿနာမဂ္ဂင်ရမှ နိဗ္ဗာန်သို့သွားနိုင်ပုံ

(၁) ဥဇုတော နာမသော မဂ္ဂေါ၊ အဘယာနာမ သာဒိသာ၊ ရထော အကူဇနော နာမ ဓမ္မစက္ကေဟိ သံယုတ္တော။

(၂) ဟိရီ တဿ၊ အပါလမ္ဗော၊ သတဿ ပရိဝါယဏံ ဓမ္မာဟံ သာရထိ ဗြူမိ၊ သမ္မာဒိဋ္ဌိ ပုရေဇဝံ။

(၃) ယဿ ဧတာဒိသံ ယာနံ၊ ဣတ္ထိယာ ပုရိသဿ ဝါ၊ သဝေ ဧတေန ယာနေန၊ နိဗ္ဗာနဿေဝ သန္တိကေ။ ။သဂါထာ ဝဂ္ဂသံယုတ်ပါဠိတော် သမဏနတ်သား ဝတ္ထုမှ ထုတ်ပြပါသည်။

ဒေဝပုတ္တ အိုနတ်သား။ သော မဂ္ဂေါ၊ ထိုမဂ္ဂင် ၈-ပါးတည်း ဟူသော လမ်းခရီးသည်။ (ဝါ) နိဗ္ဗာန် လမ်းမကြီးသည်။ ဥဇုကော နာမ၊ မကွေ့မထောင့်။ အလွန်ဖြောင့်မှန်သော လမ်းမကြီး မည်၏။ သာဒိသာ၊ ထိုနိဗ္ဗာန်တည်းဟူသော အရပ်သည်။ အဘယာနာမ၊ ဘေးမရှိသော အရပ်မည်။ ဓမ္မစက္ကေဟိ၊ တရားတည်း ဟူသော ရထားလှည်းဘီးစက်တို့နှင့်။ သံယုတ္တော၊ ယှဉ်ထားအပ်၏။ ရထော၊ မဂ္ဂင် ၈-ပါးတည်း ဟူသော ရထားကြီးသည်။ အကူဇနော နာမ၊ ဆီခရမ ထိုးသော်လည်း မကျိုးမည်တော့ပါ။

ဟိရီ၊ မကောင်းမှုမှ ရှက်တတ် ကြောက်တတ်သော ဟိရီ ဩတ္တပ္ပသည်။ တဿ၊ ထိုမဂ္ဂင်ရထား၏။ အပါလမ္ဗော၊ မှီရာ တကဲမည်၏။ သတိ၊ သတိဆိုတဲ့ တရားသည်။ အဿ၊ ထိုမဂ္ဂင်

ရထား၏၊ ပရိဝါရဏံ၊ရံတိုင်မည်၏၊ သမ္မာဒိဋ္ဌိပုရေဇဝံ၊ဝိပဿနာ
လျှင် ရှေ့သွားရှိသော၊ ဓမ္မံ၊ လောကုတ္တရာ သမ္မာဒိဋ္ဌိကို၊ သာ
ရထိ၊ ရထားထိန်းဟူ၍၊ အဟံ၊ ငါဘုရားသည်၊ ဗြူမိ၊ ဟော
တော်မူပေ၏၊

ဒေဝပုတ္တ၊ အိုနတ်သား၊ ယဿဣတ္ထိယာဝါ၊ အကြင် မိမ္မ
အားရင်း၊ ယဿပုရိသဿဝါ၊ အကြင် ယောကျ်ားအားရင်း။
ဧတာဒိသံ၊ ဤသို့ သဘောရှိသော၊ ယနံ၊ မဂ္ဂင် ၈-ပါးတည်း
ဟူသောယာဉ်သည်။ အတ္ထိ၊ ရှိ၏၊ သဝေ၊ ထိုမိမ္မယောကျ်ား
ဟူသမျှသည်။ ဧတေယာနေနဧဝ၊ ဤမဂ္ဂင် ၈-ဖြာ ဝိပဿနာ
ယာဉ်ရထားဖြင့်သာလျှင်၊ နိဗ္ဗာနဿ၊ နိဗ္ဗာန်ပြည်ကြီးသို့၊ ဝေ၊
စင်စစ်၊ သန္တိကေ၊အနီးကပ်၍ရောက်တော့၏၊ ဤအဖြေကိုကြည့်
သော်လဲ၊ ဝိပဿနာမဂ္ဂင်ရမှသွားနိုင်ကြတာတဲ့ဗျား၊ကတမောစ
ခေါဘိက္ခဝေ၊ အသင်္ခတဂါမိမဂ္ဂေါ၊ ဝိပဿနာဒဿယံဝုစ္စတိ၊ အသင်္ခ
တဂါမိမဂ္ဂေါ၊အသင်္ခတသံယုတ်ပါဠိတော်၊ ၊ဝိပဿနာတရား
သာလျှင်နိဗ္ဗာန်ခရီးလမ်းမကြီးပါဘဲ၊ဝိပဿနာလမ်းမှလွဲ၍ဘယ်
လမ်းနဲ့မှ နိဗ္ဗာန်သို့မရောက်နိုင်ပါ၊ လူတိုင်းသိထားကြပါတော့၊
(ဒါနသီလ၊သမထတွင် ဝိပဿနာထည့်မှရောက်မည်ဟူမည်၊)

[ဘုရားဟောသမ္မာဒိဋ္ဌိဒိပနီကျမ်း]

(၁) မဂ္ဂင်ရှစ်ပါး ဘုရားဟောမူရင်း ပါဠိတော်မြတ်ကြီး၊

ဥဒ္ဒေသနှင့်နိဒ္ဒေသ

ကတမောစဘိက္ခဝေ၊ အရိယော၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ၊
သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာ

ကမ္မန္တော၊သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊သမ္မာ သမာဓိတိ။

ဥဒ္ဒေသပါဠိတော်

(၁) ကတမာစဘိက္ခဝေသမ္မာဒိဋ္ဌိ၊ ယံခေါဘိက္ခဝေ၊ ဒုက္ခေ ဉာဏံ၊ ဒုက္ခသမုဒယေဉာဏံ၊ဒုက္ခနိရောဓေဉာဏံ၊ဒုက္ခနိရောဓဂါမိနီ ပဋိပဒါယဉာဏံ အယံဝုစ္စတိ ဘိက္ခဝေ၊ သမ္မာဒိဋ္ဌိ။

(၂) ကတမောစဘိက္ခဝေ၊ သမ္မာသင်္ကပ္ပေါ၊ ယောခေါ ဘိက္ခဝေ၊ နေက္ခမသင်္ကပ္ပေါ၊ အဗျာပါဒသင်္ကပ္ပေါ၊ အဝိဟိံသာ၊ သင်္ကပ္ပေါ၊ အယံဝုစ္စတိ ဘိက္ခဝေ၊ သမ္မာသင်္ကပ္ပေါ။

(၃) ကတမာစဘိက္ခဝေ၊ သမ္မာဝါစာ၊ ယာခေါဘိက္ခဝေ၊ မုသာဝါဒါဝေရမဏီ၊ ပိသုဏာဝါစာယဝေရမဏီ၊ ဖရုသဝါစာ ယဝေရမဏီ၊ သမ္ဖပ္ပလာပါဝေရမဏီ၊ အယံဝုစ္စတိဘိက္ခဝေ၊သမ္မာ ဝါစာ။

(၄) ကတမောစခေါဘိက္ခဝေ၊ သမ္မာကမ္မန္တော၊ယာခေါ ဘိက္ခဝေ၊ ပါဏာတိပါတာဝေရမဏီ၊ အဒိန္နာဒါနာဝေရမဏီ၊ အဗြဟ္မစရိယာ ဝေရမဏီ အယံဝုစ္စတိဘိက္ခဝေ၊ သမ္မာကမ္မန္တော။

(၅) ကတမာစဘိက္ခဝေ၊ သမ္မာအာဇီဝေါ၊ ဣဓဘိက္ခဝေ၊ အရိယသာဝကော၊ မိစ္ဆာဇီဝံမဟာယ၊ သမ္မာအာဇီဝေန၊ ဇီဝိတံ ကပ္ပေတိ၊ အယံဝုစ္စတိ ဘိက္ခဝေ၊ သမ္မာအာဇီဝေါ။

(၆) ကတမောစဘိက္ခဝေ၊ သမ္မာဝါယာမော၊ ဣဓဘိက္ခဝေ ဘိက္ခု၊ အနုပ္ပန္နာနံပါပကာနံ၊ အကုသလာနံ ဓမ္မာနံအနုပ္ပါဒါယ ဆန္ဒံဇနေတိ၊ ဝါယမတိ၊ ဝီရိယံအာရဗ္ဘတိ၊ စိတ္တံပဂ္ဂဏှာတိ၊

ပဒဟာတိ၊ ဥပ္ပန္နာနံ ပါပကာနံ၊ အကုသလာနံ ဓမ္မာနံ ပဟာနာယ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟာတိ၊ အနုပ္ပန္နာနံ၊ ကုသလာနံ ဓမ္မာနံ ဥပ္ပါဒါယ၊ ဆန္ဒံ ဇနေတိ ဝါယမတိ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟာတိ၊ ဥပ္ပန္နာနံ ကုသလာနံ ဓမ္မာနံ၊ ဌိတိယာ၊ အသမ္မောသာယ၊ ဘိယျောဘာဝါယ၊ ဝေပုလ္လာယ၊ ဘာဝနာယ ပါရိပူရိယာ၊ ဆန္ဒံ ဇနေတိ၊ ဝါယမတိ၊ ဝီရိယံ အာရဘတိ၊ စိတ္တံ ပဂ္ဂဏှာတိ၊ ပဒဟာတိ၊ အယံ ဝုစ္စတိ၊ သမ္မာဝါယာမော။

(၇) ကတမော စ ဘိက္ခဝေ၊ သမ္မာသတိ၊ ဣဓ ဘိက္ခဝေ၊ ဘိက္ခု ကာယေ၊ ကာယာနုပဿီ ဝိဟရတိ၊ အာတာပီ၊ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ၊ အဘိဇ္ဈာဒေါမနဿံ၊ ဝေဒနာသု၊ ဝေဒနာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော၊ သတိမာ ဝိနေယျ လောကေ၊ အဘိဇ္ဈာဒေါမနဿံ၊ စိတ္တေ စိတ္တာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော၊ သတိမာ ဝိနေယျ လောကေ၊ အဘိဇ္ဈာဒေါမနဿံ၊ ဓမ္မေသု ဓမ္မာနုပဿီ ဝိဟရတိ၊ အာတာပီ သမ္ပဇာနော သတိမာ ဝိနေယျ လောကေ၊ အဘိဇ္ဈာဒေါမနဿံ၊ အယံ ဝုစ္စတိ သမ္မာသတိ။

(၈) ကတမော စ ဘိက္ခဝေ၊ သမ္မာသမာဓိ၊ ဣဓ ဘိက္ခဝေ ဘိက္ခု၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ၊ သဝိစာရံ ဝိဝေကဇံ၊ ပီတိသုခံ၊ ပဌမဇ္ဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ဝိတက္ကဝိစာရာနံ ဝူပသမာ အဇ္ဈတ္တံ သမ္ပသာဒနံ စေတသော ဧကောဒိ

ဘာဝံ အဝိတက္ကံ အဝိစာရံ သမာဓိဇံ ပီတိသုခံ ဒုတိယဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ၊ ပီတိယာစ ဝိရာဂါ၊ ဥပေက္ခကောစ ဝိဟရတိ သတော၊ သမ္ပဇာနော၊ သုခဉ္စ ကာယေန ပဋိသံဝေဒေတိ၊ ယန္တံ အရိယာ အာစိက္ခန္တိ၊ ဥပေက္ခကော သတိမာ သုခဝိဟာရီတိ တတိယဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ သုခဿစ ပဟာနာ ဒုက္ခဿစ ပဟာနာ ပုဗ္ဗေဝ သောမနဿ ဒေါမနဿာနံ အတ္ထင်္ဂမာ အဒုက္ခမသုခံ ဥပေက္ခာ သတိပါရိသုဒ္ဓိံ စတုတ္ထဈာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ အယံ ဝုစ္စတိ ဘိက္ခဝေ သမ္မာသမာဓိတိ။ မဟာဝဂ္ဂသံယုတ်ပါဠိတော်၊ နံပါတ်-၇။ ကြောင်းရေ-၁ ဟံမူ။

[ပရိကမ္မသမာဓိ ဥပစာရသမာဓိ အပ္ပနာသမာဓိတိ တယော သမာဓိ။]

ပါဠိသန်သော ကဝိ, ကဝိန်, သုခမိန်များအဘို့ ထုတ်ပြပါသည်။ မဂ္ဂင်ရှစ်ပါးပါဘဲ။

(၂) ရင်းပါဠိဘာသာမှ မြန်မာဘာသာ လူပြိန်းသိပြန်ဆိုသော်-။

(က) အို-ချစ်သားတို့ ဖြူစင်သော(ဝါ)မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ်တရားဆိုတာ အဘယ်ပါနည်း။ ဤမဂ္ဂင်ရှစ်ပါး မဂ်တရားဆိုတာဟာ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ။ ဤ ၈-ပါးကို မဂ်တရား၊ မဂ္ဂင် ၈-ပါးခေါ်ပါတယ်။

(၁) အိုချစ်သားတို့၊ သမ္မာဒိဋ္ဌိ၊ ကောင်းစွာ သိတယ် မြင်တယ် ယူတယ်ဆိုတာ အဘယ်နည်း၊ ဒုက္ခသစ္စာ၌ သိသောဉာဏ်၊ သမုဒယသစ္စာ၌ သိသောဉာဏ်၊ နိရောဓသစ္စာ၌သိသောဉာဏ်၊ မဂ္ဂသစ္စာ၌သိသောဉာဏ် ဤဉာဏ်ပညာကိုယ်တွေ့သဘောကို သမ္မာဒိဋ္ဌိဟုခေါ်ဆိုပါသည်။

(၂) အိုချစ်သားတို့၊ သမ္မာသင်္ကပ္ပ၊ ကောင်းစွာကြံစည်ခြင်းဆိုတာအဘယ်နည်း၊ နေက္ခမသင်္ကပ္ပ၊ ကိလေသာမှ ထွက်မြောက်ဘို့ ကြံစည်ခြင်း၊ အဗျာပါဒသင်္ကပ္ပ၊ သူတပါးအားမဖျက်ဆီးဘို့ ကြံစည်ခြင်း၊ အဝိဟိံသ သင်္ကပ္ပ၊ သူတပါးအားမညှင်းဆဲဘို့ကြံစည်ခြင်း၊ အဲဒါဟာသမ္မာသင်္ကပ္ပပါဘဲ။

(၃) အိုချစ်သားတို့၊ သမ္မာဝါစာဆိုတာ အဘယ်နည်း၊ မုသာဝါဒမှရှောင်ကြဉ်ခြင်း၊ ကုန်းတိုက်ခြင်း၊ ပိသုဏာဝါစာမှရှောင်ကြဉ်ခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ ဖရုသဝါစာမှ ရှောင်ကြဉ်ခြင်း၊ သဘင်သည်တို့ ကဲ့သို့ အကျိုးမရှိ ပြော ဆိုခြင်း သမ္ဖပ္ပလာပမှရှောင်ကြဉ်ခြင်း၊ အဲဒါသမ္မာဝါစာပါဘဲ။

(၄) အိုချစ်သားတို့၊ သမ္မာကမ္မတာဆိုတာ အဘယ်နည်း၊ ပါဏာတိပါတာ၊ သတ်ဖြတ်ခြင်းမှရှောင်ကြဉ်ခြင်း၊ အဒိန္နာဒါနခိုးခြင်း ၂၅-ပါးမှရှောင်ကြဉ်ခြင်း၊ အဗြဟ္မစရိယာ၊ သူ့သားမယားကို ပြစ်မှားလွန်ကျူးခြင်းမှ ရှောင်ကြည်ခြင်း၊ အဲဒါကို သမ္မာကမ္မန္တဟုခေါ်ပါသည်။

(၅) အိုချစ်သားတို့၊ သမ္မာအာဇီဝဆိုတာအဘယ်နည်း၊

ငါ့ဘုရား၏ဘဝသည့်သားသည်။ မကောင်းသောအသက်မွေးခြင်းမှရှောင်ကြဉ်၍ ကောင်းသောအသက်မွေးခြင်းဖြင့်နေ၏။ အဲဒါ သမ္မာအာဇီဝပါဘဲ။

(၆) အိုချစ်သားတို့၊ သမ္မာဝါယမဆိုတာ အဘယ်နည်း။ ဤသာသနာတော်၌ ရဟန်းသည်၊ မဖြစ်ကုန်သေးသော အကုသိုလ် ကိလေသာတို့ကိုမဖြစ်ပေါ်စေရန်လုံးလပြု၏ အားထုတ်၏၊ ဖြစ်ပေါ်ပြီးသော အကုသိုလ်ကိလေသာတို့ကို ပယ်ပြစ်ရန်ကြိုးစား၏။အားထုတ်ပေ၏။မဖြစ်ပေါ်သေးသော ကုသိုလ်တရားကိုဖြစ်ပေါ်ရန်ကြိုးစား၏ အားထုတ်၏။ ဖြစ်ပေါ်ပြီးသောကုသိုလ်တရားကိုခိုင်မြဲဘို့ ကြီးထွားဘို့အားထုတ်၏။ အဲဒါသမ္မာဝါယမပါဘဲ။

(၇) အိုချစ်သားတို့၊ သမ္မာသတိ ဆိုတာ အဘယ်နည်း။ ကိုယ်၌ ဖြစ်သမျှ ဓါတ်သဘာဝကို သတိပြုခြင်း၊ ဝေဒနာပေါ်လာတာကိုသတိပြုခြင်း၊ စိတ်၌ဖြစ်ပေါ်တာကို သတိပြုခြင်း၊ စေတသိက် စသည်တို့ဖြစ်ပေါ်တာကို သတိပြုခြင်း သမ္မာသတိပါဘဲ။

(၈) အိုချစ်သားတို့ သမ္မာသမာဓိ ဆိုတာ အဘယ်နည်း။ (၁) ပရိကမ္မသမာဓိ၊ (၂) ဥပစာရသမာဓိ၊ (၃) အပ္ပနာသမာဓိ၊ယင်းသုံးပါးတို့တွင် တပါးပါးသော သမာဓိပါဘဲ၊ အထူးကား ပထမဈာန်သမာဓိ၊ဒုတိယဈာန်သမာဓိ၊ တတိယဈာန်သမာဓိ၊ စတုတ္ထဈာန်သမာဓိ အားလုံးတို့ဟာ သမာဓိပါဘဲ။ ဤ ၈-ပါးကားမဂ္ဂင် ၈-ပါး၊မဂ်တရားအစစ်ဖြစ်ပါတော့သည်။

## (၃) ကိုယ်တွေ့မဂ္ဂင် ၈-ပါး

ခန္ဓာကိုယ်၌ သတိထားတော့ သမာဓိရလာသည်။ သမာဓိရတော့ ခန္ဓာထဲက ပထဝီဓါတ်သဘော ၁၃-ပါး၊ အာပေါဓါတ်သဘော ၂-ပါး၊ တေဇောဓါတ်သဘော ၆-ပါး၊ ဝါယောဓါတ်သဘော ၁၁-ပါးတွေ့ရသည်။ ၎င်းအထဲက ဥပမာဒေဒေနှင့် တေဇောဓါတ်ကို တွေ့ရတော့။ ကေဒုက္ခသစ္စာဘဲ၊ သိတာကမဂ္ဂသစ္စာဘဲ၊ ၎င်းသို့၌ ငါ့၊သူ့၊လူ၊နတ် အမှားပညတ်မပါပယ်တာက သမုဒယသစ္စာဘဲ၊ ပယ်ပြီးသား ၂၆-ပါး အမှားတွေဟာ ပြန်၍မဖြစ်နိုင်ဘဲ အနုပ္ပါဒနိရောဓနှင့် ချုပ်ငြိမ်းသွားတာကနိရောဓသစ္စာဘဲ။ (၁) အဲဒီသစ္စာ ၄-ပါးအမှန်တရားကို တွေ့သိမြင်တာက သမ္မာဒိဋ္ဌိပါဘဲ။ ဒေါကရုပ်၊ သိတာကနာမ်ဟု ကြံစီတာက သမ္မာသင်္ကပ္ပပါဘဲ။ တောကိုသိသိနေခိုက်၌ မုသာဝါဒ၊ ပိသုဏဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ၊ ဝစီကံ ၄-ပါး လုံခြုံ၍နေတာက သမ္မာဝါစာပါဘဲ။ တောကို သိသိနေခိုက်၌ ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ ကာယကံ ၃-ပါး၊လုံခြုံ၍နေတာက သမ္မာကမ္မန္တပါဘဲ။ တောကို သိသိနေခိုက်၌ အသက်မွေးဝမ်းကြောင်း စင်ကြယ်၍နေတာက သမ္မာအာဇီဝပါဘဲ။ တောကိုသိသိနေရာဝယ် ငါးမိနစ်မှ ဆယ်မိနစ်အားထုတ်နေတာက သမ္မာဝါယမပါဘဲ။ သေို့သေိကိုသတိပြု၍နေတာက သမ္မာသတိပါဘဲ။ သေိအာရုံ၌သာစိတ်တည်၍ အာရုံငါးပါးသို့ မပြန့်လွင့်ဘဲနေတာက သမ္မာသမာဓိပါဘဲ။ အဲဒါ မဂ္ဂင် ၈-ပါးမဂ်တရားကို တွေ့တွေ့နေရပုံတည်း။

## (၄) ဤလိုမဂ္ဂင် ၈ ပါးကိုယ်တွေ့ရမှ သီလ၊ သမာဓိ၊ ပညာ၊ ပါတာပါ

တီဟိစခေါ၊ အာဝုသော၊ ဝိသာခ၊ ခန္ဓေဟိ၊ အရိယော၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါ၊ သင်္ဂဟိတော၊ ယောစာဝုသောဝိသာခ၊ သမ္မာဝါစာ၊ ယောစသမ္မာကမ္မန္တော၊ ယောစသမ္မာအာဇီဝေါ၊ ဣမေဓမ္မာ၊ သီလက္ခန္ဓေ၊ သင်္ဂဟိတာ၊ ယောစ သမ္မာဝါယာမော၊ ယောစသမ္မာသတိ၊ ယောစသမ္မာသမာဓိ၊ ဣမေဓမ္မာ၊ သမာဓိက္ခန္ဓေ၊ သင်္ဂဟိတာ၊ ယာစသမ္မာဒိဋ္ဌိ၊ ယောစသမ္မာသင်္ကပ္ပေါ၊ ဣမေဓမ္မာ ပညက္ခန္ဓေ သင်္ဂဟိတာ။ ။မူလပဏ္ဏာသပါဠိတော်။ စူဠဝေဒလ္လသုတ်တော် နံပါတ် ၃၄၆။ ကြောင်းရေ ၁၇။ ဟံမူဠ္ဍ။ အဲဒီပါဠိက ကဝိ့ကဝိန့်သုခမိန် တို့ဘို့တည်း။ ။လူပြိန်းအဘို့ ကား။ ယင်းသို့ကိုယ်တွေ့ ရထားတဲ့မဂ္ဂင် ၈-ပါးထဲက သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-ပါးဟာ အဓိသီလမဂ္ဂင်၊ အဓိသီလသိက္ခာ၊ အဓိသီလ သာသနာပါဘဲဗျ။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ၃ ပါးဟာ အဓိစိတ္တမဂ္ဂင် (ဝါ) သမာဓိမဂ္ဂင်၊ အဓိစိတ္တသိက္ခာ၊ အဓိစိတ္တသာသနာပါဗျ။ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၂-ပါးဟာအဓိပညာမဂ္ဂင်၊ အဓိပညာသိက္ခာ၊ အဓိပညာသာသနာပါဘဲဗျ။ အဲဒါလိုကိုယ်တွေ့ရပြီးမှ မဂ္ဂင် ၈-ပါး သိက္ခာ ၃ ပါး၊ သာသနာ ၃-ရပ်ရတာပါဗျ။

| | | |
|---|---|---|
| အဓိသီလသိက္ခာ | အဓိစိတ္တသိက္ခာ | အဓိပညာသိက္ခာ |
| အဓိသီလသာသနာ | အဓိစိတ္တသာသနာ | အဓိပညာ |
| အဓိသီလမဂ္ဂင် ၃ | အဓိစိတ္တ မဂ္ဂင် ၃ | သာသနာ |
| ဝါစာ၊ကမ္မံ၊အာဇီဝ | ဝါယာ၊ သတိ၊ | အဓိပညာ မဂ္ဂင် ၂ |
| ၃-ပါး | သမာဓိ ၃-ပါး | သမ္မာဒိဋ္ဌိ သင်္ကပ္ပ ၂ |

## (၅) ကိုယ်တွေ့မဂ္ဂင် ၈-ပါး၌ ပိဋကတ် ၃-ပုံ ပါလာရပုံကား

ဝိနယပိဋကေ၊ ဝိသေသေန၊ အဓိသီလသိက္ခာဝုတ္တာ၊ သုတ္တန္တ ပိဋကေ၊ အဓိစိတ္တသိက္ခာ၊ အဘိဓမ္မပိဋကေ၊ အဓိပညာသိက္ခာ။ ပါရာဇိကဏ်ကထာ (ပ) နံပါတ် ၁၆။ ကြောင်းရေ ၆။ ဟုမူ၌။

ကိုယ်တွေ့မဂ္ဂင် ၈-ပါးရပြီးတော့ ပိဋကတ် ၃-ပုံခွဲရပုံကား။ အဓိသီလသိက္ခာကို ဝိနည်းပိဋကတ်မှာဟောပါသည်။ အဓိစိတ္တသိက္ခာကို သုတ္တန်ပိဋကတ်မှာဟောပါသည်။ အဓိပညာသိက္ခာကို အဘိဓမ္မာ ပိဋကတ်မှာ ဟောပါသည်။ သို့ကြောင့် သိက္ခာ ၃-ပါး၊ မဂ္ဂင် ၈-ပါး ရရှိသူများ၌ ပိဋကတ် ၃-ပုံ အမြတ် ရနေပုံကိုသိကြရန် ပြပါသည်။ သီလ၊ ဝိနည်း၊ သမာဓိ၊ သုတ္တန် ပညာအဘိဓမ္မာဟု စွဲစွဲမြဲမြဲ ရဲရဲရင့်ရင့်မှတ်ရမည်။

| | | |
|---|---|---|
| အဓိသီလသိက္ခာ | အဓိစိတ္တသိက္ခာ | အဓိပညာသိက္ခာ |
| ဝိနည်းပိဋကတ် | သုတ္တန်ပိဋကတ် | အဘိဓမ္မာပိဋကတ် |

## (၆) ကိုယ်တွေ့မဂ္ဂင် ၈-ပါး၌ ကိလေသာ ၃-ပါး သတ်ဖြတ်ပုံပြသည်

ဝိနယပိဋကစ၊ ဝီတိက္ကမပဟာနံ၊ ကိလေသာနံ၊ ဝီတိက္ကမ ပဋိပက္ခတ္တာသီလဿ၊ သုတ္တန္တပိဋကေ၊ ပရိယုဋ္ဌာနပ္ပဟာနံ၊ ပရိယုဋ္ဌာနပဋိပက္ခတ္တာ သမာဓိဿ၊ အဘိဓမ္မာပိဋကေ၊ အနုသယပဟာနံ၊ အနုသယပဋိပက္ခတ္တာပညာယ။ ။ပါရာဇိကဏ် အဋ္ဌကထာ (ပ) နံပါတ် ၁၆။ ကြောင်းရေ ၆။ ဟံမူ။ ။ဝိနည်းပိဋကတ်၌ အဓိသီလဖြင့် ဝီတိက္ကမကိလေသာကို ပယ်သတ်သည့် အကြောင်းကား။ အဓိသီလသည် ဝီတိက္ကမကိလေသာ တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။ သုတ္တန်ပိဋကတ်၌ အဓိစိတ္တဖြင့် ပရိယုဋ္ဌာန ကိလေသာကို ပယ်သတ်သည့် အကြောင်းကား။ အဓိစိတ္တသည် ပရိယုဋ္ဌာနကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်တည်း။ အဘိဓမ္မာ ပိဋကတ်၌ အဓိပညာဖြင့် အနုသယကိလေသာကို ပယ်သည့်အကြောင်းကား။ အဓိပညာသည် အနုသယ ကိလေသာတို့၏ ဆန့်ကျင်ဘက် ဖြစ်ပါသော ကြောင့်တည်း။

## (၇) ကိုယ်တွေ့မဂ္ဂင် ၈-ပါး၌ ပဟာန် ၃-ပါးဖြင့် ကိလေသာ ၃-ပါးသတ်သည်

ဝထမေနစတဒင်္ဂပဟာနံ၊ ကိလေသာန၊ ဣတရေသု၊ဝိက္ခမ္ဘန သမုစ္ဆေဒ၊ ပဟာနာနိ။ ပါရာဇိကဏ် အဋ္ဌကထာ (ပ) နံပါတ် ၁၆။ ကြောင်းရေ၆၊ ဟံမူ၌။ ။ဝိနည်းပိဋကတ်၌အဓိသီလဖြင့် ဝီတိက္ကမကိလေသာတို့ကို တဒင်္ဂပဟာန်ဖြင့် သတ်သည်။ သုတ္တန်

ပိဋကတ်၌ အဓိစိတ္တာဖြင့် ပရိယုဋ္ဌာန ကိလေသာတို့ကို ဝိက္ခမ္ဘန ပဟာန်ဖြင့်သတ်သည်။ အဘိဓမ္မာပိဋကတ်၌ အဓိပညာဖြင့် အနုသယကိလေသာတို့ကို သမုစ္ဆေဒပဟာန်ဖြင့်သတ်ပါသည်။ အဲဒါ ဟာလဲ ကိုယ်တွေ့ မဂ္ဂင် ၈-ပါးထဲမှ မဂ္ဂင် ၈-ပါး၌ ပါတဲ့ အဓိသီလဖြင့် ဝီတိက္ကမကိလေသာ အဓိစိတ္တာဖြင့် ပရိယုဋ္ဌာန ကိလေသာ အဓိပညာဖြင့် အနုသယကိလေသာတို့ကို အစဉ်အတိုင်း တဒင်္ဂပဟာန်၊ ဝိက္ခမ္ဘနပဟာန်၊ သမုစ္ဆေဒပဟာန်ဖြင့် သူ့အနာနှင့် သူ့ဆေးသွားအောင် သတ်ဖြတ်ကြရပါသည်။

| ဝါစာ၊ ကမ္မံ၊ အာဇီဝ ၃ | ဝါယာ၊ သတိ၊ သမာဓိ ၃ | သမ္မာဒိဋ္ဌိ ကပ်ပွ ၂ |
|---|---|---|
| အဓိသီလမဂ္ဂင် | အဓိစိတ္တာမဂ္ဂင် | အဓိပညာမဂ္ဂင် |
| အဓိသီလသိက္ခာ | အဓိစိတ္တာသိက္ခာ | အဓိပညာသိက္ခာ |
| အဓိသီလ သာသနာ | အဓိစိတ္တာသာသနာ | အဓိပညာ သာသနာ |
| တဒင်္ဂပဟာန် | ဝိက္ခမ္ဘနပဟာန် | သမုစ္ဆေဒပဟာန် |
| ဝီတိက္ကမ ကိလေသာ | ပရိယုဋ္ဌာနကိလေသာ | အနုသယ ကိလေသာ |
| ဝိနည်းပိဋကတ် | သုတ္တန်ပိဋကတ် | အဘိဓမ္မာပိဋကတ် |
| ဒုက္ခ လက္ခဏာ | အနိစ္စလက္ခဏာ | အနတ္တလက္ခဏာ |

## (၈) မဂ္ဂင် ၈-ပါးကိုယ်တွေ့၌ ဒုစ္စရိုတ်တရား၊ ဒိဋ္ဌိ ပယ်ပုံပါရှိသည်

၊ပထမ၊ ဒုစ္စရိတဘာသံ ကိလေသာ ဇဟာနံ၊ ဣတာရေသု၊ တဏှာ၊ သံကိလေသာနံ။ ပေါရာဏဋီကာ အဋ္ဌကထာ (ပ) နံပါတ် ၁၆။ ကျောင်းရေ ၆။ ဟံမူ။ ။ဝိနည်း ပိဋကတ်၌

အဓိသီလဖြင့် ဒုစ္စရိတ ကိလေသာကို ပယ်သတ် ပါသည်။ သုတ္တန်ပိဋကတ်၌ အဓိစိတ္တဖြင့် တဏှာသံကိလေသာကိုပယ်သတ်ပါသည်၊ အဘိဓမ္မာပိဋကတ်ဖြင့် ဒိဋ္ဌိသံကိလေသာကိုပယ်သတ်ပါသည်။ ကိုယ်တွေ့မဂ္ဂင် ၈-ပါးရမှသတ်နိုင်ကြတာပါဘဲဗျာ။

| | | |
|---|---|---|
| ဝိနည်း၊ပိဋကတ် | သုတ္တန်၊ပိဋကတ် | အဘိဓမ္မာ ပိဋကတ် |
| အဓိသီလဖြင့် | အဓိစိတ္တဖြင့် | အဓိပညာဖြင့် |
| ဒုစ္စရိတ ကိလေ | တဏှာသံ | ဒိဋ္ဌိသံ ကိလေသာ |
| သာသေ | ကိလေသာသေ | သေ |

## (၉) မဂ္ဂင် ၈-ပါးကိုယ်တွေ့၌ သီလ, သမာဓိ, ပညာ, သာသနာ ၃-ရပ်ပါပုံ

ပထမံ၊ ယေတေပစုရာ၊ ဇရာမေါသတ္တာ၊ တေယထာပရာဓေ တွေသာသိတာတိ၊ ယထာပရာဓသောသနံ၊ ဒုတိယံ၊အနေကဇ္ဈာသယာ၊ နုသယစရိယာ၊ဓိမုတ္တိကာ၊သတ္တာ၊ယထာနုလောမံ၊တွေ့ သာသိတာတိ၊ ယသာနုလောမသာသနံ၊ တတိယံ၊ ဓမ္မပုဉ္ဇမတ္တေ အဟံမမာတိသညိနော၊ သတ္တာယထာဓမ္မံ၊ တွေသာသိတာတိ၊ ယထာဓမ္မသာသနန္တိ ဝုစ္စတိ။ ပါရာဇိကကဏ်ကထာ (ဝ)နံပါတ်- ၁၅ ကြောင်းရေ-၂၅ ဟုမှု။

ပထမဝိနည်း ပိဋကတ်ကား အပြစ်များစွာရှိတဲ့သတ္တဝါအား အပြစ်အားလျော်စွာ ဆုံးမခြင်းကြောင့်၊ ယထာပရာဓသာသနာ မည်၏။ ဒုတိယသုတ္တန် ပိဋကတ်ကား များသော အလိုဆန္ဒ၊

အနုသယ စရိယ နှလုံးသွင်းရှိကြသော သတ္တဝါများအား ၎င်းတို့၏အလိုဆန္ဒ အနုသယ စရိယ နှလုံးသွင်းအားလျော်စွာ ဆုံးမခြင်းကြောင့်။ ယထာနုလောမ သာသနာမည်၏။ တတိယ အဘိဓမ္မာ ပိဋကတ်မှုကား၊ စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ပရမတ္ထတရားစုဉ်း၊ မှားယွင်းပြီးသော ငါ၊ ငါ့ဟာ၊ အစရှိသည်ဖြင့် ဝိပ္ပလ္လာသ ဖြစ်နေကြတဲ့ သတ္တဝါတို့အား အစွဲအမှား ပြုတ်ကွာစေရန် ပရမတ္ထကို ဟောခြင်းကြောင့်။ ယထာဓမ္မ သာသနာမည်တော့၏။

| | | |
|---|---|---|
| ဝိနည်း ပိဋကတ် | သုတ္တန် ပိဋကတ် | အဘိဓမ္မာပိဋကတ် |
| ယထာပရာဓ | ယထာနုလောမ | ယထာဓမ္မ |
| သာသနာ | သာသနာ | သာသနာ |

## (၁၀) မဂ္ဂင် ၈-ပါးကိုယ်တွေ့၌ ကထာ ၃-ပါး ပါရှိလာပုံကား

ပထမံအဇ္ဈာစာရပဋိပက္ခဘူတော၊ သံဝရော၊ သံဝရော၊တွေကထိတာတိ၊သံဝရသံဝရကထာ ဒုတိယံ၊ ဒွါသဋ္ဌိဒိဋ္ဌိမဋ္ဌိပက္ခဘူတာ ဒိဋ္ဌိဝိနိဝေဌနာ၊ တွေကတိတာတိ၊ ဒိဋ္ဌိဝိနိဝေဌနကထာ၊ တတိယံ ရာဂါဒိပဋိပက္ခဘူတော၊ နာမရူပပရိစ္ဆေဒေါ၊ တွေကထိတောတိ နာမရူပပရိစ္ဆေဒကထာတိ၊ ဝုစ္စတိ။ ပါရာဇိကကဏ်အဋ္ဌကထာ (ပ)နံပါတ်-၁၆၊ ကြောင်းရေ-၁ ဟာမှု။

ပဌမဝိနည်း ပိဋကတ်၌ သိက္ခာပုဒ်ကို ကြူးလွန်ကျုန်သောသူများအတွက် ၎င်းကိုတားမြစ်ရန် သံဝရ၊အသံဝရ ဂါထာကိုဟော

ပါသည်။ ဒုတိယ သုတ္တန် ပိဋကတ်၌ ၆၂-ပါးသော ဒိဋ္ဌိအမှားတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ဒိဋ္ဌိဝေဌနကထာ၊ ဒိဋ္ဌိခဝါချပုံကိုဟောပါသည်။ တတိယ အဘိဓမ္မာ ပိဋကတ်၌ ရာဂ၊ ဒေါသ၊ မောဟ ကိလေသာတို့၏၊ ဆန့်ကျင်ဘက်ဖြစ်သော ရုပ်နာမ်ကိုပြ၍ နာမရူပပရိစ္ဆေဒကထာအဖြစ်ဖြင့် ဟောကြားတော်မူပါသည်။

## (၁၁) (ထွက်လမ်းသာခိုက် ထွက်လိုက်ကြပါ) လင်္ကာ

(၁) ရန်သူဝိုင်းထား၊ ထိုဓယာကျွံကား၊ ပြေးသွားဘို့ရာ လမ်းပေါက်သာလျက်၊ ပြေးမထွက်၊ လမ်းထွက်မဟုတ်ချေ။ (၂) မစင်လူးလျှင်၊ ကြည်လင်သည်၊ ရေစင်ရှိလျက်၊ မဆေးရက်၊ ကန်တွာ်မဟုတ်ချေ။ (၃) အနုပ္ပကမ်း၊ ဘေးဘျမ်းများစွာ၊ သံသရာမှာ ထွက်ရာလမ်းဝ၊ သမထ၊ ဝိပဿနာ၊ ကိလေသာဝိဘင် သန့်စင်လျှော်ဆေး၊ ရေမေလးမင်၊ ရှိပါလျက်နှင့် မထွက်ပြေးလို မဆေးလို၊ မင်းပျိုကိုယ်တွက်ပေ။ (ဝိသုဒ္ဓါရုံလင်္ကာ ကျက်ထားရန်) ပြီး၏။ (၄) ကမ်းနှစ်သွယ်ကြား ခင်းရှည်ထား၏ တံတားခိုင် ခိုင်ကူးသွားနိုင်လျက်၊ အကူးခက်၊ ရှူးချက်နှာလှသည် (ဥဿစာဂိ မဟာထေရ်ရေး လင်္ကာ။)

## (၁၂) မဂ္ဂင် ၈-ပါးက ကိလေသာပယ်၍ နိဗ္ဗာန်သွားပုံကား

သမ္မာဒိဋ္ဌိတာဝ၊ အညေဟိပိ၊ အတ္တာနေဝ၊ ပစ္စနိက၊ ကိလေသေဟိ၊ သဒ္ဓိံ၊ မိစ္ဆာဒိဋ္ဌိံ ပဇဟတိ၊ နိရောဓံ၊ အာရမ္မဏံကရောတိ၊ သမ္ပယုတ္တဓမ္မေစပဿတိ၊ တပ္ပဋိစ္ဆာဒကမောဟ၊ ဝိဓမနဝသေန၊

အသမ္မာပဟာတော၊သမ္မာသက်ပ္ပ ါဒယောပိတထေဝ။ ။သဂါ ထာဝဂ္ဂ သံယုတ်အဋ္ဌကထာနံပါတ် ၁၃၃ ကြောင်းရေ-၂၈ မှု၌။

(၁) သေို့သေိ၌ သမ္မာဒိဋ္ဌိသည်၊ မိစ္ဆာဒိဋ္ဌိကို သတ်၏။ သမ္ပယုတ် တရားများကိုလည်း အမြင်မှန်စေ၏။ နိဗ္ဗာန်ကိုလဲ အာရုံပြု၏။(၂)သေိ သေိ၌ သမ္မာ သင်္ကပ္ပသည်၊မိစ္ဆာသင်္ကပ္ပကို သတ်၏။သမ္ပယုတ်တရားတို့ကို ကြံစီစေ၏။နိဗ္ဗာန်ကိုအာရုံပြု၏။ (၃) သေိသေိ၌ သမ္မာဝါစာသည်။ မိစ္ဆာဝါစာကို သတ်၏။ သမ္ပယုတ်တရားတို့ကို အမှန်ပြောစေ၏။ နိဗ္ဗာန်ကို အာရုံပြု၏။

(၄) သေို့သေိ၌ သမ္မာကမ္မန္တသည်။မိစ္ဆာကမ္မန္တကိုသတ်၏၊ သမ္ပယုတ်တရားတို့ကို ကောင်းစွာပြုစေ၏။ နိဗ္ဗာန်ကိုအာရုံပြု၏။ (၅)သေိ သေိ၌ သမ္မာအာဇီဝသည်မိစ္ဆာဇီဝကိုသတ်၏။သမ္ပယုတ် တရားတို့ကို အသက်မွေးမှု စင်ကြယ်စေ၏။ နိဗ္ဗာန်ကိုအာရုံပြု၏။ (၆)သေိ၌ သမ္မာဝါယာမသည် မိစ္ဆာဝါယာမကိုသတ်၏။သမ္ပယုတ် တရားတို့ကို ကောင်းစွာအားထုတ်စေ၏။ နိဗ္ဗာန်ကိုအာရုံပြု၏။ (၇)သေိ သမ္မာသတိသည်၊မိစ္ဆာသတိကိုသတ်၏၊သမ္ပယုတ်တရား တို့ကို သတိထားစေ၏။နိဗ္ဗာန်ကိုအာရုံပြုစေ၏။ (၈)သေိ၌ သမ္မာ သမာဓိသည်၊မိစ္ဆာသမာဓိကိုသတ်၏သမ္ပယုတ်တရားတို့ကို၊သမ္မာ ဒိဘည်စေ၏နိဗ္ဗာန်ကိုအာရုံပြု၏။အဲဒါမဂ္ဂင် ၈-ပါး၏ကိစ္စပါဘဲ။

## (၁၃) သမ္မာဒိဋ္ဌိဝိဇ္ဇာမရှိ မိစ္ဆာဒိဋ္ဌိအဝိဇ္ဇာရ၍ မဟာဒုက္ခရောက်ပုံ

အဝိဇ္ဇာဆိုတာ အကုသိုလ် ကိလေသာ အားလုံးတို့၏ ရှေး သွားဆိုးဝါးနေကြပုံ။ ။အဝိဇ္ဇာ ဘိက္ခဝေ၊ ပုဗ္ဗင်္ဂမာ အကုသ

လာနံ့ မမ္မာနံ၊ သမ္မာပတ္တိယာ၊ အန္တာဒေဝ၊ အဟိရိကံ၊ အနောတ္တပ္ပံ ၊ အဝိဇ္ဇာဂတာယာတိက္ခဝေ၊ အဝိဒ္ဒသုနော၊ မိစ္ဆာ ဒိဋ္ဌိပဟောတိ၊ မိစ္ဆာဒိဋ္ဌိဿ၊ မိစ္ဆာသင်္ကပ္ပေါ၊ ပဟောတိ၊ မိစ္ဆာသင်္ကပ္ပဿ၊ မိစ္ဆာဝါစာပဟောတိ၊ မိစ္ဆာဝါစဿ၊ မိစ္ဆာ ကမ္မန္တောပဟောတိ၊ မိစ္ဆာကမ္မန္တဿ၊ မိစ္ဆာအာဇီဝေါ၊ ပဟောတိ မိစ္ဆာအာဇီဝဿ၊ မိစ္ဆာဝါယာမော ပဟောတိ၊ မိစ္ဆာဝါယာမဿ၊ မိစ္ဆာသတိပဟောတိ၊ မိစ္ဆာသတိဿ၊ မိစ္ဆာသမာဓိပဟောတိ။ ။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နံပါတ် ၁။ ကြောင်းရေ ၄။ ဟံမူ။

ချစ်သားတို့ အဝိဇ္ဇာဆိုတာသည်။ အကုသိုလ် ကိလေသာတို့သို့ ရောက်စေခြင်းငှါ ရှေးသွားခေါင်းဆောင် ဖြစ်တော့သည်။ အဝိဇ္ဇာက ခေါင်းဆောင်သဖြင့် အဟိရိက အနောတ္တပ္ပတို့က နောက်လိုက်ဖြစ်၍ အပါယ်ချတော့၏။ ချစ်သားတို့။ ပရမတ္ထ တရား၌အသိအမြင်မရှိသော အဝိဇ္ဇာခေါင်းဆောင်၍နေသော သူအား မိစ္ဆာဒိဋ္ဌိသည်ပြည့်စုံ၏။ မိစ္ဆာဒိဋ္ဌိရှိသောသူအား မိစ္ဆာ သင်္ကပ္ပသည်ပြည့်စုံတော့၏။ မိစ္ဆာသင်္ကပ္ပရှိသောသူအား မိစ္ဆာ ဝါစာသည် ပြည့်စုံတော့၏။ မိစ္ဆာဝါစာ ရှိသောသူအား မိစ္ဆာ ကမ္မန္တသည် ပြည့်စုံတော့၏။ မိစ္ဆာကမ္မန္တရှိသောသူအား မိစ္ဆာ အာဇီဝသည်ပြည့်စုံတော့၏။ မိစ္ဆာအာဇီဝရှိသောသူအား မိစ္ဆာ ဝါယာမသည်ပြည့်စုံတော့၏။ မိစ္ဆာဝါယာမရှိသောသူအား မိစ္ဆာ သတိသည် ပြည့်စုံတော့၏။ မိစ္ဆာသတိ ရှိသောသူအား မိစ္ဆာ သမာဓိသည် ပြည့်စုံတော့၏၊ အပါယ်လားတို့ ပြည့်စုံနေပုံ ကြည့်ပါ။

## (၁၄) သမ္မာဒိဋ္ဌိဝိဇ္ဇာရှိလျှင် မိစ္ဆာဒိဋ္ဌိအဝိဇ္ဇာ ကွာတော့သည်

ဝိဇ္ဇာသမ္မာဒိဋ္ဌိသည်၊ ကုသိုလ်အားလုံး၏ ရှေးသွားခေါင်းဆောင်တည်း။ ဝိဇ္ဇာစခေါဘိက္ခဝေ၊ ပုဗ္ဗင်္ဂမာ ကုသလာနံဓမ္မာနံ၊ သမ္မာပတ္တိယာ၊ အန္ဒဒေဝ၊ ဟိရိဩတ္တပ္ပံ ၊ ဝိဇ္ဇာဂတဿဘိက္ခဝေ၊ ဝိဒ္ဒသုနော၊သမ္မာဒိဋ္ဌိပဟောတိ၊သမ္မာဒိဋ္ဌိကဿ၊ သမ္မာသင်္ကပ္ပေါပဟောတိ၊ သမ္မာသင်္ကပ္ပဿ၊ သမ္မာဝါစာပဟောတိ၊ သမ္မာဝါစဿ၊ သမ္မာကမ္မန္တောပဟောတိ၊ သမ္မာကမ္မန္တဿ၊ သမ္မာအာဇီဝေါ ပဟောတိ၊ သမ္မအာဇီဝဿ၊ သမ္မာဝါယမော ပဟောတိ၊ သမ္မာဝါယမဿ၊ သမ္မာသတိပဟောတိ၊ သမ္မာသတိဿ၊ သမ္မာသမာဓိပဟောတိ။ မဟာ ဝဂ္ဂ သံယုတ် ပါဠိတော် နံပါတ် ၁။ ကြောင်းရေ ၄။ ဟံမူဒ္ဒ။

အိုချစ်သားတို့ ဝိဇ္ဇာတရားသည် နိဗ္ဗာန်သို့ ရောက်ခြင်းငှါ ကုသိုလ်တရား အားလုံးတို့၏ ရှေးသွားခေါင်းဆောင် အကြီးအမှူးတည်း။ ဝိဇ္ဇာ ခေါင်းဆောင် ရှိလိုသာလျှင် ဟိရိတရား ဩတ္တပ္ပ တရားသည် နောက်လိုက် နောက်ပါနှင့် ပါလာတော့သည်။ ချစ်သားတို့ ဝိဇ္ဇာရှိသော အသိအမြင် အလိမ္မာရှိသောသူအား သမ္မာဒိဋ္ဌိသည်ပြည့်စုံတော့၏။ သမ္မာဒိဋ္ဌိရှိသောသူအား သမ္မာသင်္ကပ္ပသည် ပြည့်စုံတော့၏။ သမ္မာသင်္ကပ္ပရှိသောသူအား သမ္မာဝါစာသည် ပြည့်စုံတော့၏။ သမ္မာဝါစာ ရှိသောသူအား သမ္မာကမ္မန္တသည် ပြည့်စုံတော့၏။ သမ္မာကမ္မန္တ ရှိသောသူအား

သမ္မာအာဇီဝသည်ပြည့်စုံတော့၏။ သမ္မာအာဇီဝရှိသောသူအား သမ္မာဝါယမသည် ပြည့်စုံတော့၏။ သမ္မာဝါယမရှိသောသူအား သမ္မာသတိသည် ပြည့်စုံတော့၏။ သမ္မာသတိ ရှိသောသူအား သမ္မာသမာဓိသည် ပြည့်စုံတော့၏။

ဥပမာ။ ရွှေပဒေသာ ငွေပဒေသာ ပေါက်သော သူအား တဘဝအတွက်သာဖြင့် လိုရာပြည့်စုံလုံလောက်သောသူကဲ့သို့ရင်း ဥပမာ။ ရွှေတောင် ငွေတောင် ပေါက်သောသူအား တဘဝအတွက်သာဖြင့် ကြံဘိုင်းအောင်ဆောင်တိုင်းမြောက်သကဲ့သို့ရင်း။ ဥပမာရွှေမိုးငွေမိုးရွာသောသူအား တဘဝအတွက်သာဖြင့် လိုဘရသကဲ့သို့ရင်း။ဥပမာရွှေအိုးငွေအိုးပေါ်သောသူအားစိတ်သွားတိုင်းကိုယ်ပါလိုသူသို့ရောက်သကဲ့သို့ရင်း။ ထို့အတူ သမ္မာဒိဋ္ဌိ ဝိဇ္ဇာကိုရသော ယောဂီအား တသံသရာလုံး လိုဘရခြင်း၊ ကြံဘိုင်းအောင်, ဆောင်တိုင်း မြောက်ခြင်း၊ စိတ်သွားတိုင်း ကိုယ်ပါ၍လိုရာရရှိခြင်း၊ ကြံသမျှစိသမျှအဝဝကို ရရှိတော့သည်။

## (၁၅) ခါတ်လေးပါးဝိဇ္ဇာသမ္မာဒိဋ္ဌိရလို့ အရာရာ ပြီးမြောက်ပုံကား

စက္ခုဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ ပညာဥဒပါဒိ၊ အလောကော ဥဒပါဒိ။ ။မွေစကြာပါဠိတော်။ ။ခါတ် ၄-ပါးဝိဇ္ဇာရလို့၊ ခါတ် ၄-ပါးကို သမ္မာဒိဋ္ဌိဖြင့်သိမြင်ထားလို့ အရိယာစက္ခုပေါ် လာရတော့သည်။အရိယာဝိဇ္ဇာပေါ်လာရတော့သည်။ အရိယာ ပညာပေါ်လာရတော့ အရိယာအလင်းရောင် ပေါ်လာရတော့ သည်။ အရာရာပေါ်လာသည်။

## (၁၆) ဝိဇ္ဇာသမ္မာဒိဋ္ဌိပဒေသာကိုပေးတာ ဘယ်သူပါလဲ

တိုက်ကြီး ခြောက်တိုက်ဟု ခေါ်ဆိုအပ်သော ယူဇနာ တခေသာင်းကျယ်ဝန်းသော ဤဇမ္ဗူဒိပါကျွန်းတွင် ထူးဆန်းသော ကျော်စောလှသော တန်ခိုးကြီးလှသော သတ္တဝါများ အကြည်ညိုခံရသော မင်းသားကလေးတပါး ရှေးကပေါ်ခဲ့ဘူးလေပြီ။ ထိုမင်းသားကလေးကို(၃၁)ဘုံသားတို့ကမြတ်စွာဘုရားဘဲဟူ၍၎င်း၊ ဂေါတမဘုရားဘဲဟူ၍၎င်း၊ သိဒ္ဓတ္ထ မင်းသားမှဘုရားဖြစ်လာတယ်ဟူ၍၎င်း၊ အထူးယုံကြည် အားကိုးကြပါတယ်။ ထိုမင်းသားကလေးက သတ္တဝါများကို ၂၄-သချိုက္ခ(၆၀) ဗိုလ်ခြေတသိန်းအထိ မဂ်ဖိုလ်နိဗ္ဗာန် ရစေဘယ်။ ၎င်းမင်းသားကလေးဟာအစဦးစွာပေးတာကတော့ဓါတ်ကြီး ၄-ပါးပါဘဲ။ဓါတ်ကြီး၄-ပါးကိုရှုတော့ လက္ခဏာရေး ၃-ပါး ပရိညာ ၃-ပါး၊ ဝိသုဒ္ဓိ ၇-ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊ ဉာဏ်စဉ်၁၆-ပါး၊မဂ်၄-ပါး၊ဖိုလ်၄-ပါး၊နိဗ္ဗာန်အထိရစေတယ်။ အဲဒါကြောင့် သတ္တဝါတွေက ဂေါတမဘုရားကို မဟာမိတ်ဆွေအကြီးဆုံးဘဲလို့ ကိုးကွယ်ပေါင်းသင်းဆက်ဆံကြတယ်။ မှီခိုကြတယ်။ ဘုရားကိုယ်တော်တိုင်ကလဲ [ကေဿ၊ ပုဂ္ဂလဿလော ကဿိ ပါတုဘာဝါယ၊ ဗဟုဇနဟိတာယ၊ ဗဟုဇနသုခါယ၊ ဗဟုဇနာဇနဿ၊ အတ္ထာယ၊ ဟိတာယ၊ သုခါယ၊ ဒေဝမနုဿာနံ။] ဟူ၍ ဟောခဲ့ပါသေးတယ်။ ။ဤကား အင်္ဂလိပ်များရေးသားထားသောစာမှ ဘာသာပြန်ပါဘဲ။

## (၁၇) ဝိဇ္ဇာသမ္မာဒိဋ္ဌိကိုပေးတဲ့ မိတ်ဆွေဟာ အားလုံးကိုပေးတာပါဘဲ

အာယသ္မာတာနန္ဒော၊ ဘဂဝန္တံ ဧတဒဝေါစ၊ ဥပဍ္ဎမိဒံ ဘန္တေဗြဟ္မစရိယဿယဒိဒံ ကလျာဏမိတ္တတာ၊ ကလျာဏသဟာယတာ၊ ကလျာဏ သမ္ပဝင်္ကတာတိ၊မာဟေဝံအာနန္ဒ၊ မာဟေဝံ အာနန္ဒ၊ သကလမေဝဟိဒံ အာနန္ဒဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ၊ ကလျာဏ သဟာယတာကလျာဏ၊ သမ္ပဝင်္ကတာတိ။ မဟာဝဂ္ဂ သံယုတ်ပါဠိတော် နံပါတ်-၂၊ကြောင်းရေ-၄ဟံမူဒ္ဓ။

အရှင်အာနန္ဒာမထေရ်သည်။ မြတ်စွာဘုရားကို ဤသို့နား တော်လျှောက်ပေ၏။ မြတ်စွာဘုရား ကောင်းသော မိတ်ဆွေရှိ သော သူအား ကလျာဏမိတ္တနှင့်သူသော၊ သူအား၊ ကလျာဏ မိတ္တနှင့် ပေါင်းသင်းနေသောသူအား။ သာသနာ့ ဗြဟ္မစရိယ အရာဝယ်ထက်ဝက်မျှ အကျိုးရှိမှာဘဲ အရှင်ဘုရားတဲ့။ အဲဒီလို လျှောက်တော့ မြတ်စွာဘုရားက ((မာဟေဝံအာနန္ဒ၊ မာဟေဝံ အာနန္ဒ)အို ချစ်သားအာနန္ဒာ၊ ဒီလိုမဆိုပါနှင့် အိုချစ်သား အာနန္ဒာ ဒီအပြောမျိုးကိုမပြောပါနှင့်ဟု ၂-ကြိမ်တိတိ တား မြစ်ပြီးမှ။ အိုချစ်သား အာနန္ဒာ။ ကလျာဏတ္တရှိ၍ ကလျာဏ မိတ္တနှင့်နေသောသူအား ကလျာဏမိတ္တနှင့်ပေါင်းသင်းသူအား သာသနာ့ ဗြဟ္မစရိယဟာ အစ, အလယ်, အဆုံး သုံးပါးလုံး ပြည့်စုံနိုင်စေတယ်။ ထက်ဝက်မဟုတ်ပါဟု။ မြတ်စွာဘုရားက ဝိဇ္ဇာသမ္မာဒိဋ္ဌိ ပေးသောသူအား ကျေးဇူးသိရန် ဟောပြပါ

သည်။ ဘုရားတဆူပွင့်လျှင် ၂၄-သင်္ချေ၊ ကုဋေ-၆၀၊ ဗိုလ်ခြေ တသိန်းကျော်လွတ်ရှိပါသွားတာဟာ ကလျာဏမိတ္တအတွက်ပါ ဘဲဘုရားတိုင်း ဒီပုံချတ်ကြပါသတည်း။

## (၁၈) ဝိဇ္ဇာသမ္မာဒိဋ္ဌိသည် ဗြဟ္မာယာန ဓမ္မယာနစသည်မည်ပုံ

ဣမမေဝခေါ တော၊ အာနန္ဒ အရိယဿ၊ အဋ္ဌင်္ဂိကဿ၊ မဂ္ဂဿ အဓိဝစနံ၊ ဗြဟ္မယာနံ ဣတိပိ၊ ဓမ္မယာနံ ဣတိပိ၊ အနုတ္တရော သင်္ဂါမ ဝိဇယော ဣတိပိ။ မဟာဝဂ္ဂသံယုတ် ပါဠိတော် နံပါတ်-၄၊ ကြောင်းရေ-၁၈၊ ဟာမူ၌။

ချစ်သားအာနန္ဒာ၊ ပညတ် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာမှ စင်ကြယ်သော (ဝါ) မြတ်သောအင်္ဂါ ၈-ပါးရှိသော မဂ်တရားမဂ္ဂင်ဟာ (ဝါ) သမ္မာဒိဋ္ဌိဝိဇ္ဇာဟာ အမည်အမျိုးရနေပါသည်။ ဗြဟ္မာ့ယာဉ်ကြီး ပါဘဲ။ ဓမ္မယာဉ်ကြီးပါဘဲ။ အတုမရှိ ကိလေသာ တိုက်ပွဲကြီး၌ အောင်နိုင်သော အနုတ္တရ၊ သင်္ဂါမ၊ ဝိဇယကြီး ပါဘဲဟူသော အမည်များကို ရရှိနေသည်။ ဝိဇ္ဇာသမ္မာဒိဋ္ဌိသည်။ ဗြဟ္မာယာဉ် အမည်ရတာမို့ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်များဟာ ပရိနိဗ္ဗာန်မပြုသေးမီ ဗြဟ္မာပြည်၌ နေရဦးမည်။ ဝိဇ္ဇာသမ္မာဒိဋ္ဌိ ဟာ ဓမ္မာယာဉ် အမည်ရတာမို့ ရဟန္တာများဟာ နိဗ္ဗာန်သို့ ရောက်တော့မည်။ ဝိဇ္ဇာသမ္မာဒိဋ္ဌိဟာ အနုတ္တရ သင်္ဂါမဝိဇယ အမည်ကိုရနေတာမို့။ ရင်းဝိဇ္ဇာနဲ့ သမ္မာဒိဋ္ဌိနဲ့ တိုက်ခိုက်ပါလျှင်

ကိလေသာတိုက်ပွဲကြီးမှာကြီးကြီး ကျယ်ကျယ်၊ သိသိ သာသာ ကြီးအောင်ပွဲရမည်တဲ့ဗျား။

## (၁၉) ဝိဇ္ဇာမဂ္ဂင်တပါးပါးက ကိလေသာ ၃-ပါးကို သတ်ဖြတ်သွားပုံ

သမ္မာဒိဋ္ဌိအာနန္ဒ၊ ဘာဝိတာ၊ ဗဟုလိကတာ၊ ရာဂဝိနယ၊ ပရိယောသာနာဟောတိ၊ ဒေါသဝိနယပရိယောသာနာဟောတိ မောဟဝိနယပရိယောသာနာဟောတိ၊ မဟာဝဂ္ဂ သံယုတ်ပါဠိတော် နံပါတ်-၄၊ ကြောင်းရေ-၂၀ ဟံမူ။

ချစ်သားအာနန္ဒာ သမ္မာဒိဋ္ဌိဝိဇ္ဇာကို ပွါးများ နေပါလျှင် အကြိမ်များစွာပြု၍နေပါလျှင် ရာဂကို ဒေါသကို မောဟကို အဆုံးတိုင်အောင်ပယ်နိုင်၏။ သတ်ဖြတ်နိုင်၏။ သမ္မာဒိဋ္ဌိဝိဇ္ဇာက မီးသုံးပါးကို ငြိမ်းစေနိုင်ပုံတည်း။

## (၂၀) ဝိဇ္ဇာသမ္မာဒိဋ္ဌိသည် နိဗ္ဗာန်သို့သွားရာ လမ်းမကြီးပါတဲ

ကတမံနုခေါဘန္တေ၊ အမတ်ကတမော၊အတောဂါမိမဂ္ဂေါတိ၊ ယောခေါတိက္ခု၊ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော ဣဒံ ဝုစ္စတိ၊ အမတံ၊ အယမေဝ အရိယောအဋ္ဌင်္ဂိကောမဂ္ဂေါ၊ အမတာဂါမိမဂ္ဂေါ။ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊သမ္မာဝါယမော သမ္မာသတိ။ သမ္မာသမာဓိတိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော် နံပါတ် ၆၊ ကြောင်းရေ-၂၄၊ ဟံမူ၌။

အရှင်ဘုရား အမတနိဗ္ဗာန်ဆိုတာ အဘယ်နည်း။ အမတနိဗ္ဗာန်သို့သွားရာလမ်းခရီးဟာအဘယ်ပါနည်းဟု ရဟန်းတပါးက ဘုရားအား လျှောက်၏။ မြတ်စွာဘုရားက အိုချစ်သား သတ္တဝါတို့၏ ခန္ဓာကိုယ်မှာ ရာဂ, ဒေါသ, မောဟ မီး ၃-ပါး ကိလေသာတဆူးရှိသည်။ ၎င်းမီး ၃-ပါးတို့၏ ချုပ်ငြိမ်းခြင်း ချုပ်ငြိမ်းကြောင်း ချုပ်ငြိမ်းရာဟာ အမတနိဗ္ဗာန်ဘဲ ချစ်သားရဲ့ ၎င်းနိဗ္ဗာန်အမတသို့ သွားရာလမ်းခရီးဆိုတာကတော့ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိဆိုတဲ့ မဂ္ဂင်၈-ပါး။ ဝိပဿနာဝိဇ္ဇာတရားပါဘဲ ချစ်သားရယ်တဲ့ ဖြေကြားပုံ။

## (၂၁) အဝိဇ္ဇာမခွါရသေးလျှင် မိစ္ဆာမဂ္ဂင် နယ်ထဲမှာပါဘဲ။

မိစ္ဆာမဂ္ဂင်နယ်ကဖြစ်လျှင် အပြဟ္မစရိယပင်တည်း။ လန့်စရာကြောက်စရာဘဲ။ ကတမံနုခေါ၊ အာဝုသော၊ အပြဟ္မစရိယန္တိ၊ ဧဝမာဝုသောတိ၊ အယမေဝအာဝုသော၊ အနရိယော၊ အဋ္ဌင်္ဂိကော မိစ္ဆာမဂ္ဂေါ၊ အပြဟ္မစရိယံ၊ သေယျထိဒံ၊ မိစ္ဆာဒိဋ္ဌိ မိစ္ဆာသင်္ကပ္ပေါ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တော၊ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာဝါယာမော၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိတိ။ ။မဟာဝဂ္ဂ သံယုတ် ပါဠိတော် နံပါတ်-၁၂၊ ကြောင်းရေ-၁ ဟံမူ။

အိုငါ့ရှင် အပြဟ္မစရိယံမမြတ်သောအကျင့်ဟူသည်အဘယ်ပါနည်း မေး၏။ အိုငါ့ရှင်မပြုငင်သော(ဝါ)မမြတ်သော အင်္ဂါ

၈-ပါးရှိသော မိစ္ဆာမဂ္ဂင် ၈-ပါးဟာ မမြတ်သောအပြဟ္မစရိယ ပါဘဲ။ မိစ္ဆာမဂ္ဂင် ၈-ပါးဆိုတာ ဓါတ်တရားကို မတွေ့ခြင်း။ စ္ဆာဒိဋ္ဌိဓါတ်တရားကို မကြံစီခြင်း။ မိစ္ဆာသင်္ကပ္ပ ဝစီကံ၄-ပါး မိလွှတ်ခြင်း။ မိစ္ဆာဝါစာ ကာယကံ ၃-ပါးမလွှတ်ခြင်း။ မိစ္ဆာ ကမ္မန္တ၊ မကောင်းသောအသက်မွေးခြင်း။ မိစ္ဆာအာဇီဝ၊ပရမတ် မှတပါး အားထုတ်ခြင်း။ မိစ္ဆာဝါယမ၊ ပရမတ်မှတပါးသတိ ထားခြင်း။မိစ္ဆာသတိ၊ပရမတ်မှတပါးသောအာရုံ၌တည်ကြည် ခြင်း။မိစ္ဆာသမာဓိ ယင်း၈-ပါးဟာမမြတ်သောအကျင့် အပြဟ္မ စရိယာပါဘဲ။ ခြုံ၍ကြည့်လိုက်တော့ ဓါတ်ကြီး ၄-ပါး။ပရမတ္ထ တရားကိုအားမထုတ်ရသေး၊ မတွေ့ရသေး၊ မပွါးရသေးသော လူ့နတ်ပြဟ္မာ အားလုံးတို့ဟာ အပြဟ္မစရိယနယ်ထဲ၌ပင် မမြတ် သောအကျင့်ကိုကျင့်တုန်းပင်သနားစရာပါတကား၊ ဒါန သီလ သမထ ကုသိုလ်ပြုနေတဲ့ သူကိုမဆိုထားဘိ၊ ဘုရားပွင့်ခါနီး ဆဲဆဲမှာ ဘုရားနဲ့လွဲပြီး သေပွဲဝင်သွားရတဲ့ အာဠာရ ရသေ့ ကြီး၊ ဥဒကရသေ့ကြီး၊ ကာလဒေဝိလ ရသေ့ကြီး၊ များဟာ ကမ္ဘာတွင် အတုမရှိဝိဇ္ဇာနဲ့အဘိညာဉ်နဲ့သမာပတ်နဲ့ ဈာန်ကိုးဈာန် နဲ့ နေပြီးသေခဲ့လျှင် ဈာန်ပြဟ္မာ့ပြည်ဘဝဂ်၌ ဖြစ်ကြရပေမည်။ ဤလိုပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် အာဇာနည်များပင် (မဟာဇာနိ ယောဝဘဘော၊အာဠာရော၊ဥဒကော၊ဒေဝိလော။) ဟူ၍ဘုရား သခင်က ငြီးတွားခြင်းခံကြရသည်။ လိုရင်းမှာ ထိုရသေ့ကြီး ၃-ပါးဟာ အရှုံးကြီးရှုံး လူ့ကျောက်တုန်းမို့ ဗုံးဗုံးလဲကာ ရုပ်ပြစ်ရွာ၌၊သံသရာလယ်ပြန်ရတော့မည်တဲ့။ ငါတို့လို သစမည

ကား ဆိုဘွယ်ရာပင် မရှိတော့ပါ။ (ပဂေ၀)တည်း။ အဝိဇ္ဇာ အဘိညာဥ်၊ သမာပတ်၊ ချောန်ကိုးချောန်ရ၍ နေပေမဲ့-အဝိဇ္ဇာကို မခွါရသေးလို့ အပြဟ္မစရိယနယ်၌ပင်တည်း။ (ဝဋ္ဋမူလံအဝိဇ္ဇာ) မူလပဏ္ဏာသ အဠကထာ။ ။အဝိဇ္ဇာ မခွါရသေးဘဲနဲ့ ဘယ်ကုသိုလ်ဘဲပြုပြု ဝဋ္ဋမူလပါဘဲ။ ဝဋ္ဋ ၃-ပါး၏ မူလ ဘူတ ပကတူပ ပါဘဲဗျား။ (ကိလေသာသီသံအဝိဇ္ဇာ) မူလပဏ္ဏာသအဠထာ။ အဝိဇ္ဇာ မခွါရသေးလျှင် ဘာဘဲပြုပြု ကိလေသာ ဥက္ကောင်းမို့ လာလာသမျှမျိုမျိုနေမှာဘဲ။ (အဝိဇ္ဇာပစ္စယာသင်္ခါရာ) မူလပဏ္ဏာသပါဠိတော်၊အဝိဇ္ဇာပစ္စည်းကား သင်္ခါရပါဘဲ။ တနည်း၊ သင်္ခါရဆိုတာ အဝိဇ္ဇာပိုင်တဲ့ ပစ္စည်းပါဘဲတဲ့။ဒါဖြင့် ဒါန သီလ သမထ စသော၊ စရဏကုသိုလ် ၁၅-ပါး၊ ၆၇-ပါးတို့ဟာ ဘယ်သူပိုင် ပစ္စည်းလဲဆိုလျှင် အဝိဇ္ဇာပိုင်တဲ့ ပစ္စည်းပါဘဲ။ အဝိဇ္ဇာပိုင်ပစ္စည်းဖြစ်လျှင် မီးတဆဲ့တပါး လောင်ဦးမှာပါဘဲ။ ဝဋ္ဋ ၃-ပါးလယ်အုံးမှာပါဘဲ။ ခွဲ၍ဟောကြပါလေ။

## (၂၂) အဝိဇ္ဇာကွာလျှင် သမ္မာမဂ္ဂင်ပါဘဲ၊ သမ္မာမဂ္ဂင်ဖြစ်လျှင် ဗြဟ္မစရိယပါဘဲ

ကတမံနုခေါ အာဝုသော ဗြဟ္မစရိယံ၊ ကတမံ၊ ဗြဟ္မစရိယ ပရိယောသာနန္တိ၊ အယမေဝခေါ၊ အာဝုသော၊ အရိယောအဋ္ဌင်္ဂိ ကောမဂ္ဂေါ၊ ဗြဟ္မစရိယံ၊ ယောခေါအာဝုသော၊ ရာဂက္ခယော ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံဗြဟ္မစရိယ၊ ပရိယော သာနန္တိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်နှပ်ါတ်-၁၂၊ကြောင်း ရေ-၈၊ဟာမူ။

အိုင်ါ့ရှင် ဗြဟ္မစရိယာဆိုဘာအဘယ်နည်းမေးပုံ။ အိုင်ါ့ရှင်၊ ဗြဟ္မစမြွယဆိုတာ ဖြူစင်သော (ဝါ) မြတ်သောအင်္ဂါ ၈-ပါး ရှိသော မဂ္ဂင်တရားပါဘဲ။ အဲဒီမဂ္ဂင် ၈-ပါးဟာလဲ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ကို မြတ်သောအကျင့် ဗြဟ္မစရိယဟု ခေါ်ပါတယ်။ ။အိုင်ါ့ရှင် ဗြဟ္မစရိယအကျင့်၏ အဆုံးဆိုတာအဘယ်ပါနည်း မေး။ အိုင်ါ့ရှင် ဗြဟ္မစရိယအကင့် ၏အဆုံးဆိုဘာ ခန္ဓာ၌ရှိနေတဲ့ ရာဂမီး၊ ဒေါသမီး၊ မောဟမီး ချုပ်ငြိမ်းသွားတာဟာ ဗြဟ္မစရိယ၏အဆုံး နိဗ္ဗာန်တရားပါဘဲ။ (ဆိုလိုသည်ကား မဂ္ဂင် ၈-ပါးဖြင့် နိဗ္ဗာန် သွားမှ ရောက်နိုင် သည်ဟု တိုတိုတုတ်တုတ်အကျဉ်းချုပ်မှတ်လေ။)

## (၂၃) အဝိဇ္ဇာဘိန္ဒန၊ ဝိဇ္ဇာဉပ္ပဇ္ဇနသုတ်တော်

အဝိဇ္ဇာဖျက်ဆီး၊ ဝိဇ္ဇာဖြစ်စေတဲ့ သုတ်တော် ပြမည်။ ။ ဣဓဘိက္ခဝေဘိက္ခု သမ္မာဒိဋ္ဌိံ ဘာဝေတိ၊ ဝိဝေတနိဿိတံ၊ ဝိရာဂ နိဿိတံ၊ နိရောဓနိဿိတံ၊ ဝေါဿဂ္ဂပရိနာမိ။ (အကျန် ၇-မျိုး၌ ဤနည်း) ဧဝံခေါဘိက္ခဝေ၊ ဘိက္ခု၊ သမ္မာပဏိဟိတာယ၊ ဒိဋ္ဌိ ယာ၊ သမ္မာပဏိဟိတာယ၊ မဂ္ဂဘာဝနာယ၊ အဝိဇ္ဇံ ဘိန္ဒတိ၊ ဝိဇ္ဇံ ဥပ္ပါဒေတိ၊ နိဗ္ဗာနံ၊ သစ္ဆိကရောတိတိ။ မဟာဝဂ္ဂသံယုတ် ပါဠိ တော် နံပါတ် ၈။ ကြောင်းရေ ၂၇။ ဟာံမူ။

ချစ်သားတို့ ဤသာသနာတော်၌ ရဟန်းသည် ဝိဝေကကို မှီသော ဝိရာဂကိုမှီသော နိရောဓကိုမှီသော နိဗ္ဗာန်သို့ညွှတ်သော

သမ္မာဒိဋ္ဌိကို ပွါးများ၍နေ၏။ (သမ္မာသင်္ကပ္ပစသော ၇-ပါး၌ သမ္မာဒိဋ္ဌိအတိုင်းဆိုပါ) ရဟန်းသည် ဝိဝေကကို မှီသော ဝိရာဂကိုမှီသော နိရောဓကိုမှီသော နိဗ္ဗာန်သို့ညွတ်သော သမ္မာသမာဓိကိုပွါးများ၍နေ၏။ အိုချစ်သားတို့ ဤသို့လျှင် ရဟန်းသည် ကောင်းစွာ ဆောက်တည်အပ်သော သမ္မာဒိဋ္ဌိဖြင့် ကောင်းစွာ ဆောက်တည်အပ်သော မဂ္ဂဘာဝနာဖြင့် အဝိဇ္ဇာကိုဖြိုခွဲဖျက်ဆီး၏။ ဝိဇ္ဇာကို ဖြစ်ပေါ်စေ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုတော့၏။ (ဤပါဠိသမ္မာဒိဋ္ဌိဖြင့် အဝိဇ္ဇာသတ်ပုံဝိဇ္ဇာရစေပုံတည်း။)

(၂၄) မိစ္ဆာပဋိပဒါ မိစ္ဆာမဂ္ဂင်ပြုပြီ သတိထားကြပါ

မိစ္ဆာပဋိပဒဉ္စဝေါ ဘိက္ခဝေ၊ ဒေသိဿာမိ၊ သမ္မာပဋိပဒဉ္စ၊ သံသုဏာထ၊ ကတမာစဘိက္ခဝေ၊ မိစ္ဆာပဋိပဒါ၊ သေယျထိဒံ၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပေါ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တော၊ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာဝါယာမော၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိတိ၊ အယံဝုစ္စတိဘိက္ခဝေ၊ မိစ္ဆာပဋိပဒါ။ ။ကတမာစဘိက္ခဝေ၊ သမ္မာပဋိပဒါ၊ သေယျထိဒံ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာအာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိတိ၊ အယံဝုစ္စတိဘိက္ခဝေ၊ သမ္မာပဋိပဒါ။ ။ မဟာဝဂ္ဂ သံယုတ် ပါဠိတော် နံပါတ် ၁၃။ ကြောင်းရေ ၈။ ဟံမူ။

ချစ်သားတို့ သင်တို့အား မိစ္ဆာပဋိပဒါကိုဂင်း၊ သမ္မာပဋိပဒါကိုဂင်း ဟောပြပေအံ့။ ။ထိုမိစ္ဆာပဋိပဒါနှင့် သမ္မာပဋိပဒါကို နာကြားကြကုန်လော့။ မိစ္ဆာပဋိပဒါဆိုတာ အဘယ်နည်း။

ဇရမတ်ကို မတွေ့သေး၍ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာ သမာဓိဖြစ်၏။ ဤကားမှားသောအကျင့် မိစ္ဆာပဋိပဒါတည်း။ ။ သမ္မာပဋိပဒါ မှန်သောအကျင့်ဆိုတာအဘယ်နည်း။ ပရမတ်ကို တွေ့ပြီးရှုပွါးသဖြင့် သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိတည်း။ ဤကားမှန်သောအကျင့် သမ္မာပဋိပဒါတည်း။ (မိစ္ဆာကိုခွါ၊ သမ္မာကိုရှာ၍ကျင့်ကြပါကုန်လော့။)

(၂၅) အရုဏုဂ္ဂမနပုဗ္ဗနိမိတ္တသုတ်တော်

သူရိယဿဘိက္ခဝေ၊ ဥဒယတော၊ ဧတံပုဗ္ဗင်္ဂမံ၊ ဧတံပုဗ္ဗနိမိတ္တံ၊ ယဒိဒံ အာရုဏုဂ္ဂမနံ၊ ဧဝမေဝခေါဘိက္ခဝေ၊ ဘိက္ခုနော၊ အရိယဿ၊ အဋ္ဌင်္ဂိကဿ၊ မဂ္ဂဿ၊ ဥပ္ပါဒါယ၊ ဧတံပုဗ္ဗင်္ဂမံ၊ ပုဗ္ဗနိမိတ္တံ၊ ယဒိဒံ၊ ကလျာဏမိတ္တတာ။ မဟာဝဂ္ဂ သံယုတ် ပါဠိတော် နံပါတ် ၁၉။ ကြောင်းရေ ၂၁။ ဟံမူ။

ချစ်သားတို့ အရှေ့ကျွန်းမှ ပေါ်ထွက်လာသော နေမင်း၏ ရှေ့တော်ပြေး ပုဗ္ဗနိမိတ်ကား အာရုံတက်ခြင်းပင်တည်း။ ဤ ဥပမာအတူပင်လျှင် ရဟန်းအားဖြစ်စင်သော (ဝါ) မြတ်သော အင်္ဂါ ၈-ပါးရှိသော မဂ်တရားဖြစ်လာလတ်သော်။ ရှေ့တော်ပြေးအဖြစ်ဖြင့် ပုဗ္ဗနိမိတ် အဖြစ်ဖြင့် ရုပ်နာမ်တွေ့မြင် ဉာဏ်ရှင် မိတ်ဆွေကောင်းနှင့် ပေါင်းလာတာကို တွေ့ရမည်။ ကလျာဏ မိတ္တာနှင့် ပေါင်းဖေါ်လျှင် မဂ်ရဘို့ ပုဗ္ဗနိမိတ်တည်း။ ရှေ့တော် ပြေးတည်း။

(၂၆) မဂ္ဂင် ၈-ပါးသည် နိဗ္ဗာန်သို့သာကိုင်း၏ရှိုင်း၏

သေယျထာပိဘိက္ခဝေ၊ ဂင်္ဂါနဒီ၊ ပါစီနနိန္နာ၊ ပါစီနပေါဏာ၊ ပါစီနပဗ္ဘာရာ၊ ဧဝမေဝခေါဘိက္ခဝေ၊ ဘိက္ခုအရိယံ၊ အဋ္ဌင်္ဂိကံ၊ မဂ္ဂံ၊ ဘာဝေန္တော၊ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံ၊ ဗဟုလီကရောန္တော၊ နိဗ္ဗာနနိန္နော ဟောတိ၊ နိဗ္ဗာန ပေါဏော၊ နိဗ္ဗာန ပဗ္ဘာရော။ မဟာဝဂ္ဂ သံယုတ်ပါဠိတော် နံပါတ် ၂၅-က ၃၂-ထိ ကောင်းလှ၏။

ချစ်သားတို့ ဂင်္ဂါမြစ်ဟာအရှေ့သမုဒ္ဒရာသို့ညွတ်၏။ အရှေ့သမုဒ္ဒရာသို့ကိုင်း၏။ အရှေ့သမုဒ္ဒရာသို့ရှိုင်း၏။ချစ်သားတို့ ဤဥပမာအတူပင် ရဟန်းသည် ဖြူစင်သောအင်္ဂါ ၈-ပါး ရှိသော မဂ်ကိုပွါး၏။ နေ့စဉ်ပြု၏။ ထိုရဟန်းအားမဂ္ဂင် ၈-ပါးကိုပွါးသည်ရှိသော်၊ နေ့စဉ်ပြုသည်ရှိသော်၊ နိဗ္ဗာန်သို့ ညွတ်တော့၏။ နိဗ္ဗာန်သို့ကိုင်းတော့၏။ နိဗ္ဗာန်သို့ရှိုင်းတော့၏။ ယောဂီ၏မဂ္ဂင် ၈-ပါးဟာလဲ နိဗ္ဗာန်ဘက်သို့ တစက္ကန့်လျှင် ကုဋေတသိန်းစီကြနှင့်ညွတ်နေ့ကိုင်းနေ့ရှိုင်းနေ သွားချေနေတော့၏။

## (၂၇) မှောက်၍ထားသောအိုး၌ရေသည် ထွက်၍နေတော့၏

မဂ္ဂင် ၈-ပါးရှိသူ၌ အကုသိုလ် ကိလေသာ ထွက်၍နေပါသတည်း။ ။သေယျထာပိ ဘိက္ခဝေ။ ကုမ္ဘော၊ နိကုဇ္ဇော၊ ဝမတေဝဥဒကံ၊ နောပစ္စာဝမတိ၊ ဧဝမေဝခေါဘိက္ခဝေ၊ ဘိက္ခုအရိယံ၊ အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဘာဝေန္တော၊ အရိယံအဋ္ဌင်္ဂိကံမဂ္ဂံ၊ဗဟုလီ

ကာရောန္တော၊ ဝမကော၊ ပါပကော၊ အကုသလေမမ္မေါ နေဝဖတ္တာဝမတိ။ ။မဟာဝဂ္ဂသံယုတ်ပါဠိတော်၊နံပါတ်-၃၉ ကြောင်းရေ-၁၀ ဟာမူဒ္ဓ။

ချစ်သားတို့ ဥပမာ မည်သည်ကား၊ မှောက်၍ထားသော အိုးထဲမှရေသည်၊မနေနိုင်အန်၍ထွက်သကဲ့သို့ ရေဟာပြန်၍မဝင်နိုင်ဘိသကဲ့သို့ ထို့အတူ၊ ချစ်သားတို့ ရဟန်းသည် ဖြူစင်သော အင်္ဂါ၈-ပါးရှိသောမဂ္ဂင်ကိုပွါး၍နေ၏။အကြိမ်များစွာပြု၍နေ၏။ ထိုရဟန်းအား အကုသိုလ်ကိလေသာတရားတို့ဟာ မနေနိုင်ဘဲ အန်၍ထွက်ရတော့၏။ ပြန်၍မဝင်နိုင်တော့ပါ။

(၂၈) ကောင်းကင်၌ လေအမျိုးမျိုး လာနေသကဲ့သို့ မဂ္ဂင်ပွါးသောသူအား၊ ဗောဓိပက္ခိယဘရားလာ၍ နေတော့သည်။ ။သေယျထာပိဘိက္ခဝေ၊ အာကာသေ ဝိဝိဓါဝါတာ၊ ဝါယန္တိ၊ ပုရတ္တိမာပိဝါတာ၊ ဝါယန္တိ၊ ပစ္ဆိမာပိဝါတာဝါယန္တိ၊ ဥတ္တရာပိဝါတာဝါယန္တိ၊ ဒက္ခိဏာပိဝါတာဝါယန္တိ၊ သရဇာပိဝါတာဝါယန္တိ၊ အရဇာပိဝါတာဝါယန္တိ၊ သီတာပိဝါတာဝါယန္တိ၊ ဥဏှာပိဝါတာဝါယန္တိ၊ ပရိတ္တာပိဝါတာဝါယန္တိ၊ အဓိမတ္တာပိဝါတာဝါယန္တိ၊ဧဝမေဝခေါဘိက္ခဝေ၊ ဘိက္ခုနော၊အရိယံ၊ အဋ္ဌင်္ဂိကံမဂ္ဂံ၊ဘာဝယတော၊ အရိယံ၊ အဋ္ဌင်္ဂိကံ၊မဂ္ဂံ၊ဗဟုလီကရောတော စတ္တာရောပိ သတိပဋ္ဌာနာ၊ဘာဝနာပါရိပူရိံ၊ဂစ္ဆန္တိ၊စတ္တာရောပိ သမ္မပ္ပဓာနာ၊ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ၊ စတ္တာရောပိဣဒ္ဓိပါဒါ၊ ဘာဝနာပါရိပူရိံ၊ဂစ္ဆန္တိ၊ ပဉ္စိန္ဒြိယာနိဘာဝနာ၊ ပါရိပူရိံ ဂစ္ဆန္တိ

ဗ္ဗလာနိဘာဝနာပါရိပူရိံ၊ ဂစ္ဆန္တိ။ သတ္တဗောဇ္ဈင်္ဂါနိ၊ ဘာဝနာပါရိပူရိံ ဂစ္ဆန္တိ။ ။မဟာဝဂ္ဂ သံယုတ်ပါဠိတော် နံပါတ်-၄၀၊ ကြောင်းရေ-၅၊ ဟံမူ။

ချစ်သားတို့ ဥပမာ မည်သည်ကား ကောင်းကင်၌အထူးထူးသောလေတို့သည်၊ တိုက်၍လာကုန်၏။ အရှေ့အရပ်မှ လေတို့သည် တိုက်ခတ်လာကုန်၏၊ အနောက်အရပ်မှလေတို့သည် တိုက်ခတ်လာကုန်၏။ မြောက်အရပ်မှလေတို့သည် တိုက်ခတ်လာကုန်၏။ တောင်အရပ်မှလေတို့သည် တိုက်ခတ်လာကုန်၏။ မြူနှင့်တကွသောလေတို့သည်၎င်း။ မြူမပါသောလေတို့သည်၎င်း။ လေတို့သည်၎င်း။ လေပူတို့သည်၎င်း။ လေညှင်းတို့သည်၎င်း။ လေမုန်တိုင်းတို့သည်၎င်း။ လာကုန်၏။ ဤဥပမာအတူပင်လျှင် ချစ်သားတို့ဍဟန်းသည် ဖြူစင်သော(ဝါ)မြတ်သောအင်္ဂါ၈-ပါးရှိသော မဂ်ကိုပွါးများသော ကြိမ်ဖန်များစွာ ပွါးများသော သူအား သတိပဋ္ဌာန်၄-ပါးတို့သည်၎င်း။ သမ္မပ္ပဓါန် ၄-ပါးတို့သည်၎င်း။ ဣဒ္ဓိပါဒ် ၄-ပါးတို့သည်၎င်း။ ဣန္ဒြေ ၅-ပါးတို့သည်၎င်း။ ဗိုလ် ၅-ပါးတို့သည်၎င်း။ ဗောဇ္ဈင် ၇-ပါးတို့သည်၎င်း။ ဘာဝနာ ပြည့်စုံ၍လာကြကုန်၏။ အမှန်တရားတခုကိုရှုပွါးလျှင်။ ပရိညာ ၃-ပါး။ လက္ခဏာရေး၃-ပါး။ ဝိသုဒ္ဓိ၇-ပါး။ ဗောဓိပက္ခိယတရား ၃၇-ပါး။ ဉာဏ်စဉ် ၁၆-ပါး။ မဂ် ၄-ပါး။ ဖိုလ် ၄-ပါး၊ နိဗ္ဗာန်တရား။ ဝိနည်း။ သုတ္တန်။ အဘိဓမ္မာတရားသည်၎င်း။ ရောက်လာကုန်၏။ ပဒေသာတပင်ခုလျှင်။ လိုတာကို အကုန် ရတော့၏။ ထန်ခိုးတခုရလို့ အလုံးစုံပြည့်စုံတော့၏။

## (၂၉) မိုးသည်းရွာလျှင် မြူတွေကုန်ခမ်းစေသကဲ့သို့ မဂ္ဂင်ပွါးလျှင် အကုသိုလ်ကိလေသာကုန်ခမ်းရသည်

သေယျထာပိ ဘိက္ခဝေ၊ ဂိမှာနံ၊ ပစ္ဆိမေ မာသေ၊ ဥဟတံ၊ ရဇောဇလ္လံ၊ တမေနံ မဟာအကာလမေဃော၊ ဌာနသော၊ အန္တရ ဓါပေတိ၊ ဝူပသမေတိ။ ဧဝမေဝ ခေါ ဘိက္ခဝေ၊ ဘိက္ခု၊ အရိယံ အဋ္ဌင်္ဂိကံ၊ မဂ္ဂံ၊ ဘာဝေန္တော အရိယံ အဋ္ဌင်္ဂိကံ မဂ္ဂံ။ ဗဟုလီက ရောန္တော၊ ဥပ္ပန္နုပ္ပန္နေ၊ ပါပကေ၊ အကုသလေ ဓမ္မေ၊ ဌာနသော၊ အန္တရဓါပေသိ၊ ဝူပသမေတိ။ မဟာဝဂ္ဂသံယုတ်ပါဠိတော် နံပါတ် ၄၀၊ ကြောင်းရေ-၂၉ ဟံမူ။

ချစ်သားတို့ ဥပမာ မည်သည်ကား၊ နွေလတို့၏နောက်ဆုံး ဖြစ်သော နယုန်လ ဝါဆိုလ၌ မြေမှတက်လတ် လွင့်လတ်ကုန် သောမြူမှုန်တို့သည် ရှိကြကုန်၏။ ထိုမြူမှုန်တို့ကို မဟာအကာလ မိုးကြီးရွာချခဲ့သော်။ မြူမှုန်တို့သည်၊ တခဏခြင်း ချုပ်ပျောက် စေ၏။ ငြိမ်းစေ၏။ ဤဥပမာအတူပင်လျှင် ရဟန်းသည် မြတ် သောအင်္ဂါ ၈-ပါးရှိသော မဂ်ကိုပွါး၍နေ၏။ ကြိမ်ဖန်များစွာ ပွါး၍နေ၏ထိုအခါ ဖြစ်တိုင်းဖြစ်တိုင်းသောအကုသိုလ်ကိလေသာ တို့ကို မဂ္ဂင်တရားက တခဏခြင်း ချုပ်ပျောက်စေတော့၏။ ငြိမ်း စေတော့၏။ အကုသိုလ် ကိလေသာများကုန်ခမ်း ချုပ်ငြိမ်းရတာ ဟာ မဂ္ဂင် ၈-ပါးကြောင့်ပါဘဲ။

(၃၀) လေသည်မိုးသားတွေကို လွင့်ပြစ်သကဲ့သို့ မဂ္ဂင် ၈-ပါးသည်၊ အကုသိုလ် ကိလေသာတို့ကို လွင့်ပြစ်ကင်းဝေးစေ

သည်။ ။သေယျထာပိဋိကစ္စဝေ၊ ဥပ္ပန္နံ မဟာမေဃံ၊တမေနံ၊ မဟာဝါတော အန္တရာယေဝ၊ အန္တရာဓါပေတိ ဝူပသမေတိ၊ ဧဝမေဝခေါဘိက္ခဝေ၊ ဘိက္ခုအရိယံ၊ အဋ္ဌင်္ဂိကံ၊ မဂ္ဂံ၊ ဘာဝေန္တော၊ အရိယံ၊အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဗဟုလီကရောန္တော၊ ဥပ္ပန္နုပ္ပန္နေ ပါပကေ၊ အကုသလေ၊မမ္မေ၊ အန္တရာယေဝ၊ အန္တရဓါပေတိ၊ ဝူပသမေတိ။ မဟာဝဂ္ဂသံယုတ်ပါဠိတော်နံပါတ်-၄၁။ကြောင်းရေ-၁၂ ဟုံမူ။

ချစ်သားတို့ ဥပမာဆည်သည်ကား ကောင်းကင်၌ တိမ်တိုက် မိုဃ်းသားတွေ ပိတ်ဖုံး၍နေသည်။ ထိုမိုဃ်းသား တိမ်တိုက်ကြီး ကို မဟာလေနိုကြမ်း ရောက်လာ၍ ချက်ခြင်းပင် ကွယ်ပျောက် စေ၏။ ငြိမ်းစေ၏။ ဤဥပမာအတိုင်းသာလျှင် ရဟန်းသည် မြတ်သော ဖြူစင်သော အင်္ဂါ ၈-ပါးရှိသော မဂ်ကိုပွါးပေ၏။ ကြိမ်ဖန်များစွာ အားထုတ်ပေ၏။ထိုအခါ ဖြစ်တိုင်း, ဖြစ်တိုင်း သောအကုသိုလ်ကိလေသာတို့ကိုမဂ္ဂင်ကတခဏခြင်းချုပ်ပျောက် စေ၏။ ငြိမ်းစေ၏။အဲဒါလို မဂ္ဂင်က ကိလေသာတို့ကို နှင်ထုတ် ပုံပြသည်။

## (၃၁) အာဂန္တုကကျောင်းသို့ မျိုးစုံရောက်လာရတာလို မဂ္ဂင် ၈-ပါးပွါးလျှင်သစ္စာ ၄-ပါးရောက်၍လာသည်

သေယျထာပိဘိက္ခဝေ၊အာဂန္တုကာဂါရံ၊ တတ္ထပုရတ္တိမာယဒိသာယ အာဂန္တွာဝါသံကပ္ပေန္တိ၊ ပစ္ဆိမာယပိဒိသာယ၊ အာဂန္တွာဝါ ဝါသံကပ္ပေန္တိ၊ ဥတ္တရာယပိ၊ ဒိသာယ၊ အာဂန္တွာဝါ၊ ဝါသံကပ္ပေန္တိ ဒက္ခိဏာယပိ ဒိသာယအာဂန္တွာဝါ၊ ဝါသံကပ္ပေန္တိ၊ ခတ္တိယာပိ၊အာ

ဂန္တွာ၊ဝါသံကပ္ပေန္တိ၊ပုဗ္ဗဏှာပိအာဂန္တွာ၊ဝါသံကပ္ပေန္တိ၊ဝဿာ ပိအာဂန္တွာ၊ ဝါသံကပ္ပေန္တိ သုဒ္ဒါပိ၊ အာဂန္တွာ၊ ဝါသံကပ္ပေန္တိ၊ ဧဝမေဝခေါ ဘိက္ခဝေ၊ဘိက္ခု အရိယံ၊အဋ္ဌင်္ဂိကံ၊ မဂ္ဂံ ဘာဝေန္တော အရိယံ အဋ္ဌင်္ဂိကံ၊ မဂ္ဂံ၊ဗဟုလီကရောန္တော၊ယေဓမ္မာ အဘိညာ၊ ပရိညေယျာ၊တေဓမ္မေ၊အဘိညာ၊ပရိဇာနာတိ၊ယေဓမ္မာအဘိညာ ပဟာတဗ္ဗာ၊ တေဓမ္မေ၊ အဘိညာပဇဟာတိ၊ ယေဓမ္မာအဘိညာ သစ္ဆိကာတဗ္ဗာ၊ တေဓမ္မေ၊ အဘိညာ၊ သစ္ဆိကရောတိ၊ ယေဓမ္မာ အဘိညာ၊ ဘာဝေတဗ္ဗာ၊ တေဓမ္မေ၊ အဘိညာ၊ဘာဝေတိ။မဟာ ဝဂ္ဂသံယုတ်ပါဠိတော် နံပါတ်-၄၂၊ ကြောင်းရေ-၈ ဟုံမူ။

ချစ်သားတို့ ဥပမာ မည်သည်ကား၊ အာဂန္တုက ဧည့်သည် ကည်းခိုးရာအိမ်သည်ရှိ၏။ ထိုအိမ်၌အရှေ့အရပ်မှလာကြကုန်၍ နေခြင်းကိုပြုကြကုန်၏။အနောက်အရပ်မှလာကြကုန်၍ နေခြင်း ကိုပြုကြကုန်၏။ မြောက်အရပ်မှလာကြကုန်၍ နေခြင်းကိုပြုကြ ကုန်၏၊ တောင်အရပ်မှလာကြကုန်၍ နေခြင်းကို ပြုကြကုန်၏။ မင်းစိုးရာဇာတို့သည်း လာကြကုန်၍ နေခြင်းကို ပြုကြကုန်၏။ ပုဏ္ဏားတို့လည်း လာကြကုန်၍နေခြင်းကိုပြုကြကုန်၏၊ကုန်သည် တို့သည်းလာကြကုန်၍ နေခြင်းကိုပြုကြကုန်၏။ ဆင်းရဲသားတို့ လည်း လာကြကုန်၍ နေခြင်းကိုပြုကြကုန်၏။ ဤဥပမာအတူ သာလျှင် ရဟန်းသည် ဖြူစင်သော(ဝါ)မြတ်သောအင်္ဂါ ၈-ပါး ရှိသောမဂ်ကိုပွါး၏။ ကြိမ်ဖန်များစွာအားထုတ်၏။ ဤသို့ပြု၍ နေသော်။ ဒုက္ခသစ္စာတို့ကိုပိုင်းခြား၍သိ၏။ သမုဒယသစ္စာတို့ကို ပယ်သတ်၏။ နိရောဓသစ္စာနိဗ္ဗာန်ကို မျက်မှောက်ပြု၏။မဂ္ဂသစ္စာ

ကိုပွါးများ၍နေ၏။ ဤကားမဂ္ဂင် ၈-ပါးပွါးများခြင်းကြောင့် သစ္စာ ၄-ပါးရပုံ အရိယာဘာဝသို့ရောက်ပုံတည်း။

(၃၂) မြစ်ကို ပြောင်းပြန်ပြု၍ မရတာလို မဂ္ဂင် ၈-ပါးကို လည်း ပြောင်းပြန်ပြု၍ မရတော့ပါ။ ။သေယျထာပိ ဘိက္ခဝေ၊ ဂင်္ဂါနဒီ၊ ပါစီနနိန္နာ၊ ပါစီနပေါဏာ၊ ပါစီနပဗ္ဘာရာ၊ အထ မဟာဇနကာယော၊ အာဂစ္ဆေယျ၊ ကုဒ္ဒါလပိဋကံ၊ အာဒါယ မယံဣမံဂင်္ဂါနဒိံ၊ ပစ္ဆာနိန္နံကရိဿာမ၊ ပစ္ဆာပေါဏံ၊ ပစ္ဆာပဗ္ဘာရန္တိ၊ တံကိံမညထ၊ ဘိက္ခဝေ၊ အပိနုသော မဟာဇနကာယော ဂင်္ဂါနဒိံ၊ ပစ္ဆာနိန္နံကရေယျ၊ ပစ္ဆာပေါဏံ၊ ပစ္ဆာပဗ္ဘာရန္တိ၊ နောဟေတံဘန္တေ၊ တံကိဿဟေတု၊ ဂင်္ဂါဘန္တေနဒီ၊ ပါစီနနိန္နာ ပါစီနပေါဏာ၊ ပါစီနပဗ္ဘာရာ၊ သာနသုကရာ၊ ပစ္ဆာနိန္နာကာတုံ ပစ္ဆာပေါဏံ၊ ပစ္ဆာပဗ္ဘာရံ၊ ယာဝဒေဝပန၊ သောမဟာဇာနကာယော၊ ကိလမထဿ၊ ဝိဃာတဿ၊ဘာဂီအဿာတိ၊ဧဝမေဝခေါ ဘိက္ခု၊ အရိယံ။ အဋ္ဌင်္ဂိကံ၊ မဂ္ဂံ၊ ဘာဝေန္တံ။ အရိယံ၊ အဋ္ဌင်္ဂိကံ မဂ္ဂံ၊ဗဟုလီကရောန္တံ။ရာဇာနောဝါ၊ရာဇမဟာမတ္တာဝါ မိတ္တာဝါ အမစ္စာဝါ၊ညာတိသာလောဟိတာဝါ ဘောဂေဟိ၊အဘိဟဋ္ဌုံ ဝါ ရေယျုံ ဟမ္ဘော ပုရိသ ကိံ တေ ဣမေ ကာသာဝါ အနုဒဟန္တိ၊ ကိံ မုဏ္ဍော၊ကပါလ၊မာနုသ၊စရသိ ဟေ ဟိနာယာဝတ္တိတွာဘောဂေစ ဘုဉ္ဇသု ပုညာနိစ ကရောဟီတိ သောဝတဘိက္ခဝေ၊ဘိက္ခု အရိယံ၊ အဋ္ဌင်္ဂိကံမဂ္ဂံ၊ ဘာဝေန္တော အရိယံ၊ အဋ္ဌင်္ဂိကံ မဂ္ဂံ ဗဟုလီကရောန္တော၊သိက္ခံ၊ပစ္စက္ခာယ ဟိနာယာဝတ္တိဿတီတိ၊နေတံဌာနံဝိဇ္ဇတိ၊ မဟာဝဂ္ဂသံယုတ်ပါဠိတော်နံပါတ် -၄၃ ကြောင်းရေ-၈ဟံမူ။

ချစ်သားတို့ ဥပမာမည်သည်ကား ဂင်္ဂါမြစ်သည်။ အရှေ့သမုဒ္ဒရာညွတ်၏၊ အရှေ့သမုဒ္ဒရာသို့ကိုင်း၏၊ အရှေ့သမုဒ္ဒရာသို့ရှိုင်း၏၊ထိုအခါ၌ များစွာသော လူအပေါင်းတို့သည် လာကြကုန်၍ ပေါက်တူး, ချင်းတောင်းကို ယူကြကုန်၍ ငါတို့သည် ဤဂင်္ဂါမြစ်ကိုအနောက်သို့ညွတ်သည်ကိုပြုကြကုန်အံ့ အနောက်သို့ကိုင်းသည်ကို အနောက်သို့ရှိုင်းသည်ကို ပြုကြကုန်အံ့၊ ဤသို့ကြံစီပြုကြကုန်၏၊ ချစ်သားတို့ ငါဘုရားဆိုလတ္တံ့သော စကားကို အဘယ်သို့ မှတ်ထင်ကြကုန်သနည်း။ ထိုလူများ အပေါင်းသည် ဂင်္ဂါမြစ်ကို အနောက်သို့ညွတ်သည်ကိုပြုခဲ့ရာ၏။အနောက်သို့ကိုင်းသည်ကို အနောက်သို့ ရှိုင်းသည်ကို ပြုခဲ့ရာ၏။ အရှင်ဘုရား ပြောင်းပြန် ပြန်ခြင်းငှါ မတတ်နိုင်ကုန်လတ္တံ့၊ အဘယ့်ကြောင့် နည်းဆိုသော် အရှင်ဘုရား ဂင်္ဂါမြစ်သည် မူလကပင် အရှေ့သို့ညွတ်၍နေပါသည်၊အရှေ့သို့ကိုင်း၍ အရှေ့သို့ရှိုင်း၍ နေပါသည်၊ဂင်္ဂါမြစ်ကို အနောက်သို့ညွတ်စေခြင်းငှါ၊အနောက်သို့ကိုင်းစေခြင်းငှါ၊ အနောက်သို့ရှိုင်းစေခြင်းငှါ မလွယ်လှပါ။ မဖြစ်နိုင်တော့ပါ။ လူများသာလျှင် ကိုယ်ပင်ပန်းကြရာ၏၊ စိတ်ပင်ပန်းကြရာ၏။ ချစ်သားတို့ ဤဥပမာအတူသာကျင် ရဟန်းသည် ဖြူစင်သော(၀ါ)မြတ်သောအင်္ဂါ ၈-ပါးရှိသောမဂ်ကိုပွါးရာ၏။ ကြိမ်ဖန်များစွာပြုရာ၏၊ ရဟန်းတို့၏ မင်းတို့သည်၎င်း၊ မင်းတို့၏ အမတ်ကြီးတို့သည်၎င်း။ မိတ်ဆွေတို့သည်၎င်း၊အမတ်ငယ်တို့သည်၎င်း၊ မိတ်ဆွေ အမျိုးတော်စပ်ကြသော သူတို့သည်၎င်း။ စည်းစိမ်တို့ဖြင့် ရွေးရှုဆောင်၍ ဘိတ်ကြားရာ၏၊

အိုအချင်းယောကျ်ား သင့်အား ဤသင်္ကန်းကို ဝတ်ရုံနေသဖြင့် ဘာအကျိုးရှိမှာလဲ။ ခေါင်းတုံး၍ ခွက်ကိုလက်စွဲ၍ အစဉ်လှည့်လည်သဖြင့် ဘာအကျိုးရှိမှာလဲ လာခဲ့ပါလော့။ လူထွက်၍ စည်းစိမ်တို့ကိုလည်းခံစားပါလေ။ ကောင်းမှုတို့ကိုလည်း ပြုလုပ်ပါလေ။ ဤသို့ဘိတ်ကြားရာ၏။ ချစ်သားတို့ထိုရဟန်းသည်၊ ဖြူစင်သောမြတ်သောအင်္ဂါ ၈-ပါးရှိသောမဂ်ကိုပွါး၍နေ၏။ ကြိမ်ဖန်များစွာအားထုတ်၍နေ၏။ ထိုရဟန်းသည် သိက္ခာချ၍လူထွက်နိုင်မည်လောဟုမေးတော်မူ၏။ ရဟန်းတို့ကအရှင်ဘုရား လူထွက်ခြင်းကိုမပြုနိုင်တော့ပါ။ လူထွက်ဘို့ကိစ္စမရှိတော့ပါဟုလျှောက်ကြကုန်၏။

မဂ္ဂင် ၈-ပါးပွါးများ၍ အောင်မြင်သော ရဟန်းကိုဘာနဲ့ဘဲ ဖြားယောင်း ဖြားယောင်းမရတော့ပြီ။ သိက္ခာလဲ မချတော့ပြီ။ လူလဲမထွက်တော့ပြီ ဤကား မဂ္ဂင်၈-ပါးကို ပွါးများရခြင်း၏အကျိုးပါဘဲ။

# မဂ်ကပယ်သတ်ပုံမျိုးစုံ

## (က) ကိလေသာဆယ်ပါး၌ မဂ်-၄ ပါးပယ်ပုံ

(၁၃၂၈။ သီဆန်း ၂-ရက် နံနက်၉-နာရီစရေးသည်။)

(၁) ဒိဋ္ဌိ,ဝိစိ ပယ်နိုင်ဘိ အရိမဂ်သောတာ။

(၂) ကာ ဗျာ နှစ်ဝ ခေါင်းပါးကြ မှတ်ကြသကဒါဂါမ်ပါ။

(၃) ကာ ဗျာနှစ်ဝ ခဝါချ၊ မှတ်ကြ အနာဂါမ်ပါ။

(၄) သဗ္ဗကိလေ အကုန်ချေ မှတ်လေရဟန္တာ။

သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ၂-ပါးကို ပယ်သည်။

သကဒါဂါမိမဂ်ဖြင့် ကာမရာဂ ဗျာပါဒ ၂-ပါး ခေါင်းပါး စေသည်။

အနာဂါမိ မဂ်ဖြင့် ကာမရာဂ ဗျာပါဒ အကုန်လုံး ပြာကျ စေသည်။

အရဟတ္တ မဂ်ဖြင့် ကျန်ကိလေသာ အားလုံးပြာကျသွား ရသည်။

## (ခ) ဒုစရိုက်ဆယ်ပါး၌ မဂ် ၄-ပါးပယ်ပုံ

(၁) မဂ်သောတာ ပဟာနမှာတော့။ ပါ၊ ဠိန္န၊ ပိ ၊ကာမေ။ (၂) မိဓိ၊ မုသာ၊ ဤပဟာဆကိုကြည့်ရထွေထွေ။ (၃) သမ္မတ် နှင့်အဘိဇ္ဈာကို ရဟန္တပယ်မျှော။ (၄)သရုပ်ကိုရှာ။ ဖရုသ်၊ဗျာ ကာမကကိုလှ။ အနာဂါမ် ခဝါချတယ်။ ကျမ်းပြသဘော။ (၅) သောတာစတ္တိ မဂ်က ပါဏာတိပါတကံ၊ အဒိန္နာဒါနကံ၊

ပီသုဏ္ဏပါစာကံ၊ ကာမေသုမိစ္ဆာစာရကံ၊ မိစ္ဆာဒိဋ္ဌိကံ၊မုသာဝါဒကံ၊ဒုစရိုက် ၆-ပါးကိုသတ်ပါသည်။

သကဒါဂါမိမ်မှ ဖရုသဝါစာ၊ ဗျာပါဒ ခေါင်းပါးရုံမျှပါ။ အနာဂါမိမဂ်က ဖရုသဝါစာ၊ဗျာပါဒကံ ၂-ပါးသတ်ပါသည်။ အရဟတ္တမဂ်က သမ္ဖပ္ပလာပ၊အဘိဇ္ဈာကိုသတ်ပါသည်၊မဂ်၄-ပါး ရရော။ ဒုစရိုက် ဆယ်ပါးလဲပြာကျပါရော။

(ဂ) အကုသိုလ်စိတ် ၁၂-ဥ်၊ မဂ် ၄-ပါးကပယ်ပုံ

သောတာပတ္တိမဂ္ဂေနဟိ၊ စတ္တာရိ ဒိဋ္ဌိ သမ္ပယုတ္တာနိ၊ ဝိစိကိစ္ဆာ၊ သဟဂတန္တိ၊ ပဉ္စစိတ္တာနိပဟီယန္တိ။ (အဋ္ဌသာလိနီတ္ထာ ၂၅၀။) သကဒါဂါမိမဂ္ဂေန၊ စတ္တာရိဒိဋ္ဌိဝိပ္ပယုတ္တာနိ၊ ဒွေဒေါမနဿ၊သဟဂတာနိ၊ ဩဠာရိက ကာမရာဂ၊ ဗျာပါဒဝသေန၊ ဆစိတ္တာနိ ပဟီယန္တိ၊ ဆအနာဂါမိမဂ္ဂေန၊ အနုသဟဂတာ၊ကာမရာဂဗျာပါဒဝသေန၊ တာနိဧဝဆစိတ္တာနိ၊ ပဟီယန္တိ၊ အရဟတ္တမဂ္ဂေန၊ စတ္တာရိ ဒိဋ္ဌိဂတဝိပ္ပယုတ္တာနိ၊ ဥဒ္ဓစ္စသဟဂတဥ္စာတိ၊ ပဉ္စအကုသလစိတ္တာနိ ပဟီယန္တိ။ (အဋ္ဌသာလိနီအဋ္ဌကထာ နံပါတ်-၂၅၀၊ ၂၅၁ ၈ မူ။)

(၁) သောတာပတ္တိမဂ်ဖြင့် ဒိဋ္ဌိဂတသမ္ပယုတ်စိတ်၄-ပါး ဝိစိကိစ္ဆာသဟဂုစိတ် ၁၀-ပါးအားဖြင့် ၅-ပါးသော စိတ်ကို သတ်ဖြတ်ပါသည်။ (၂) သကဒါဂါမိမဂ်ဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ် စိတ် ၄-ပါး၊ဒေါသမူ ၂-ပါးဆိုတဲ့ ယုတ်ရင်းတဲ့ ဝိတက္ကမပရိယုဋ္ဌာန ၆-ပါးသောစိတ်တို့ကိုခေါင်းပါးစေပါသည်။ (၃) အနာဂါမိမဂ်ဖြင့် အနုသယနှင့်တကွဖြစ်သော ကာမရာဂ ဗျာပါဒ ရင်းစိတ် ၆-ပါးကိုပင် ပြာချပြစ်ခဲ့ပါသည်။ (၄) အရဟတ္တမဂ်

ဖြင့် ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ၄-ပါး၊ ဥဒ္ဓစ္စတပါး ယင်း၄ါးပါးသော စိတ်တို့ကို သတ်ဖြတ်ပါသည်။ အကုသိုလ်စိတ် ၁၂-ပါး၊ မဂ်၄-ပါး သတ်ပုံတည်း။

## (ဃ) မဂ် ၄-ပါးက ဒုစရိုက်ဆယ်ပါးပယ်ပုံ

အကုသလကမ္မပထေသု၊ ပါဏာတိပါတော၊ အဒိန္နာဒါနံ၊ မိစ္ဆာစာရော၊ မုသာဝါဒေါ၊ မိစ္ဆာဒိဋ္ဌိတိ၊ ဣမေပထမဉာဏဝဇ္ဈာ၊ ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ ဗျာပါဒေါတိ၊ တယော၊ တတိယဉာဏဝဇ္ဈာ၊ သမ္ဖပ္ပလာပေါ အဘိဇ္ဈာ၊ စတုတ္ထဉာဏ၊ ဝဇ္ဈာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၈။ (၁)သောတာပတ္တိမဂ်ဖြင့် ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေသုမိစ္ဆာစာရ၊ မုသာဝါဒ မိစ္ဆာဒိဋ္ဌိ၊ ၎င်း၅-ပါးကိုသတ်သည်။ (၂)သကဒါဂါမိခေါင်းပါး ရုံနှင့်မထည့်ပြီ။ (၃)အနာဂါမိမဂ်ဖြင့် ပိသုဏာဝါစာ၊ ဖရုသဝါစာ ဗျာပါဒယင်း ၃-ပါးကိုသတ်သည်။ (၄)အရဟတ္တမဂ်ဖြင့် သမ္ဖပ္ပလာပ၊ အဘိဇ္ဈာကိုသတ်သည်။

## (င) မလ ၃-ပါး၊ မဂ် ၄-ပါးကသတ်ဖြတ်ပုံ

မလာတိ၊ တေလဉ္ဇနံ၊ ကလလံဝိယ၊ သယဥ္စအသုဒ္ဓတ္တာ အညေ သဥ္စ၊ အသုဒ္ဓတ္တာ၊ ဘာဝကရဏတော၊ လောဘော ဒေါသော မောဟာ။ (ဝိသုဒ္ဓိမဂ်ကထာ နံပါတ်-၆၀၇။)မလေသုဒေါသမလံ တတိယဉာဏဝဇ္ဈံ၊ ဣတရာနိစ၊ စတုတ္ထဉာဏဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ် ကထာ နံပါတ်-၆၀၈)ဇမှု။ ဒေါသမလကို အနာဂါမိမဂ်ဖြင့် သတ်ဖြတ်သည်။ ဒေါသ၊ လောဘ၊ မောဟ၊ မလကို အရဟတ္တ

မဂ်ဖြင့်သတ်ဖြတ်သည်။ (မလ)ဆိုတာ အညစ် အကြေးတည်း။ ရွှံ့ညွှန်နှင့်တူလှ၏။

### (စ) အနုသယ ၇-ပါး မဂ် ၄-ပါးဖြင့်ပယ်သတ်ပုံ

အနုသယေသု၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာနုသယာ၊ ပထမဉာဏဝဇ္ဈာ၊ ကာမရာဂပဋိဃာနုသယာ၊ တတိယဉာဏဝဇ္ဈာ၊ မာန၊ ဘဝရာဂ ဝိဇ္ဇာနုသယာ၊ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ်ကထာ နံပါတ် -၆၀၈)၌ မှူ။ ဒိဋ္ဌိ ဝိစိကိစ္ဆာအနုသယ ၂-ပါးကိုသောတာပတ္တိမဂ်က သတ်သည်။ ကာမရာဂ၊ ပဋိဃအနုသယ ၂-ပါးကို အနာဂါမိမဂ်က သတ်သည်။ မာန ဘဝရာဂ၊ အဝိဇ္ဇာအနုသယ ၃-ပါးကို အရဟတ္တမဂ်ကသတ်သည်။

### (ဆ) နီဝရဏ ၆-ပါးကိုမဂ် ၄ ပါးကပယ်သတ်ပုံ

နီဝရဏေသု၊ ဝိစိကိစ္ဆာနီဝရဏံ၊ ပထမဉာဏဝဇ္ဈံ၊ ကာမစ္ဆန္ဒဗျာပါဒေါကုက္ကုစ္စနီဝရဏာနိ တတိယဉာဏဝဇ္ဈာနိ ထိန၊မိဒ္ဓုဒ္ဓစ္စာနိ စတုတ္ထဉာဏ ဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ်ကထာ နံပါတ်-၆၀၈။) ၌မှူ။ ဝိစိကိစ္ဆာနီဝရဏကိုသောတာပတ္တိမဂ်က သတ်သည်။ ကာမစ္ဆန္ဒ ဗျာပါဒ၊ကုက္ကုစ္စ၊နီဝရဏ ၃-ပါးကို အနာဂါမိမဂ်ကသတ်သည်။ ထိန၊ မိဒ္ဓ၊ ဥဒ္ဓစ္စ ၃-ပါးကို အရဟတ္တမဂ်ကသတ်သည်။

### (ဇ) အာသဝအဓိပ္ပါယ်နှင့် ၎င်း ၄-ပါးကို မဂ် ၄-ပါးကပယ်ပုံ

အာသဝါတိ၊ အာရမ္မဏဝသေန အာဂေါတြဘုတော၊ အာဘဝဂ္ဂတော စ၊ သဝန္တိ၊ အသံဝုတေဟိ ဝါ၊ ဒွါရေဟိ ဃဋဆိဒ္ဒေဟိ၊ ဥဒကံဝိယ၊ သဝနတော၊ နိပ္ဃရဏဋ္ဌေန၊ သံသာရဒုက္ခဿဝါ၊

သဝနတော၊ ကာမ၊ ရာဂ၊ ဘဝရာဂ၊ မိစ္ဆာဒိဋ္ဌိ၊ အဝိဇ္ဇာနမေတံ အဓိဝစနံ။ (ဝိသုဒ္ဓိမဂ်ကထာ နံပါတ်-၆၀၆။)ဇ`မူ။ ။အာသဝေသု ဒိဋ္ဌာသဝေါ ပထမဉာဏဝဇ္ဈော၊ ကာမာသဝေါ တတိယဉာဏဝဇ္ဈော၊ ဣတရေဒွေ၊ စတုတ္ထဉာဏဝဇ္ဈော။ (သုဒ္ဓိမဂ်ကထာ နံပါတ်-၆၀၆။)ဇ`မူ။ ။ဒိဋ္ဌာသဝကိုသောတာပတ္တိမဂ်ဖြင့်သတ်သည်။ ကာမာသဝကို အနာဂါမိမဂ်ဖြင့်သတ်သည်။ ဘာဝါသဝ အဝိဇ္ဇာသဝနှစ်ပါးကို အရဟတ္တမဂ်ဖြင့်သတ်သည်။

(ဈ) ဩဃ ၄-ပါးကို မဂ် ၄-ပါးဖြင့်သတ်ပုံ

ဩဃါရောဂေသုပိ၊ ဧသေဝနယော။ ။(ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နံပါတ်-၆၀၇။)ဇ`မူ။ ။ဩဃ၄ ပါးသတ်ပုံမှာ။အာသဝ ၄-ပါးနှင့်တူ၍မပြတော့ပြီ။ အာသဝ၌ ပြန်၍ကြည့်ပါ။

(ည) ယောဂ ၄-ပါးကို မဂ် ၄-ပါးဖြင့်သတ်ပုံ

ဩဃါယောဂေသုပိ၊ ဧသေဝနယော။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၇)ဇ`မူ။ ။ယောဂ ၄-ပါးကိုသတ်ပုံမှာ အာသဝ ၄-ပါးအတိုင်းမို့၊ အာသဝသတ်ပုံ၌ပြန်ကြည့်ပါ။

(ဋ) ဂန္ထ ၄-ပါးကို မဂ် ၄ ပါးကပယ်ပုံ

ဂန္ထေသုသီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ၊ ကာယဂန္ထော၊ ပထမဉာဏဝဇ္ဈော၊ ဗျာပါဒကာယဂန္ထော၊တတိယဉာဏဝဇ္ဈော၊ဣတရောစတုတ္ထဉာဏဝဇ္ဈော။ ။(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၇၊ ဇ`မူ။ သီလဗ္ဗတပရာမာသ၊ ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ နှစ်ပါးကို သောတာပတ္တိမဂ်က သတ်ဖြတ်ပါသည်။

ဗျာပါဒကာယဂန္ထကို အနာဂါမိမဂ်က သတ်ဖြတ်ပါသည်။ အဘိဇ္ဈာကာယဂန္ထကို အရဟတ္တမဂ်ကသတ်ပါသည်။

(၄) ဝိပ္ပလ္လာသဆဲ့နှစ်ပါးကိုမဂ် ၄-ပါးကပယ်ပုံ

ဝိပ္ပလ္လာသာတိ၊ အနိစ္စေ, ဒုက္ခေ, အနတ္တနိ, အသုဘေသု ယေဝ၊ ဝတ္ထုသု၊ နိစ္စံ၊ သုခံ၊ အတ္တာ၊ သုဘန္တိ ဧဝံပဝတ္တော သညာဝိပ္ပလ္လာသော၊ စိတ္တဝိပ္ပလ္လာသော၊ ဒိဋ္ဌိဝိပ္ပလ္လာသော၊ တိဣမေတယော။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နံပါတ်-၆၀၆။) ဇံမူ။ ဝိပ္ပလ္လာသေသု၊ အနိစ္စေ နိစ္စန္တိ၊ အနတ္တနိအတ္တာတိ၊ စသည့် စိတ္တဒိဋ္ဌိဝိပ္ပလ္လာသာ ဒုက္ခေ၊ သုခံ၊ အသုဘေသုဘန္တိ၊ ဒိဋ္ဌိဝိပ္ပလ္လာသောစာတိ၊ ဣမေ ပဌမဂ္ဂဉာဏဝဇ္ဈာ၊ အသုဘေသုဘန္တိ၊ သညာစိတ္တဝိပ္ပလ္လာသာ တတိယဉာဏဝဇ္ဈာ၊ ဒုက္ခေသုခန္တိ၊ သညာစိတ္တ ဝိပ္ပလ္လာသာ၊ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နံပါတ်-၆၀၈)ဇံမူ။

နိစ္စသညာ၊နိစ္စစိတ္တ၊နိစ္စဒိဋ္ဌိ ၃-ပါး။ ။အတ္တသညာ၊ အတ္တစိတ္တ အတ္တဒိဋ္ဌိ ၃-ပါး။ သုခဒိဋ္ဌိ၊ သုဘဒိဋ္ဌိ ၂-ပါး။ ဤ ၈-ပါးကို သောတာပတ္တိမဂ်ဖြင့် သတ်ပါသည်။ သုဘသညာ၊ သုဘစိတ္တ ၂-ပါးကို အနာဂါမိမဂ်ဖြင့်သတ်ပါသည်။ သုခသညာ၊ သုခစိတ္တ ၂-ပါးကို အရဟတ္တမဂ်ဖြင့် သတ်ပါသည်။

(၅) ကိလေသာဆယ်ပါးကို မဂ် ၄-ပါးဖြင့်သတ်ပုံ

ကိလေသာတိ၊ သယံသံကိလိဋ္ဌတ္တာ၊သမ္ပယုတ္တဓမ္မာနဉ္စ၊သံကိလေသိကတ္တာ၊ လောဘော၊ ဒေါသော၊မောဟော၊မာနော၊ ဒိဋ္ဌိ ဝိစိကိစ္ဆာ၊ထိနံ၊ဥဒ္ဓစ္စံ၊အဟိရိကံ၊အနောတ္တပ္ပန္တိ၊ ဣမေဒသဓမ္မာ။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နံပါတ်-၆၀၆။) ဇံမူ။ ။ကိလေသေသု

ဒိဋ္ဌိ ဝိစိကိစ္ဆာ ပထမဉာဏဝဇ္ဈာ၊ ဒေါသော၊ တတိယဉာဏဝဇ္ဈာ၊ လောဘ၊ မောဟ၊ မာန၊ ထိန၊ ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပါနိ၊ စတုတ္ထဉာဏဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ် ၆၀၇) ဇံ မူ။ ဒိဋ္ဌိ ဝိစိကိစ္ဆာ ၂ ပါးကို သောတာပတ္တိမဂ်ဖြင့်သတ်သည်။ ဒေါသကို အနာဂါမိမဂ်ဖြင့် သတ်သည်။ လောဘ မောဟ မာန ထိန ဥဒ္ဓစ္စ၊ အဟိရိက၊ အနောတ္တပ္ပ ၇-ပါးကို အရဟတ္တမဂ်ဖြင့်သတ်ပါသည်။

(ဆ) သံယောဇဉ်ဆယ်ပါးကို မဂ် ၄-ပါးဖြင့်သတ်ပုံ

တတ္ထသံယောဇနာနီတိ၊ ခန္ဓေဟိ၊ ခန္ဓာနံ၊ ဖလေန၊ ကမ္မဿ ဒုက္ခါနေဝါ၊သတ္တာနံ၊သံယောဇကတ္တာ ရူပရာဂါဒယော ဒသဓမ္မာ ဝုစ္စန္တိ၊ ယာဝဉ္စတေ၊ တာဝဧတေသံ၊ အနုပရမောတိ၊ တတြာပိ၊ ရူပရာဂေါ၊ အရူပရာဂေါ၊ မာနော၊ ဥဒ္ဓစ္စံ၊ အဝိဇ္ဇာတိ၊ ဣမေပဉ္စ ဥဒ္ဓံ နိဗ္ဗတ္တနကက္ခန္ဓာဒိသံယောဇကတ္တာ၊ဥဒ္ဓံဘာဂိယ၊သံယောဇနာနိနာမ၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသော ကာမရာဂေါ၊ ပဋိဃောတိ၊ ဣမေပဉ္စ၊ အဓောနိဗ္ဗတ္တနကက္ခန္ဓာဒိ သံယောဇကတ္တာ၊ အဓောဘာဂိယ၊ သံယောဇနာနိနာမ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၅) ဇံ မူ။ ။ကထံသံယောဇနေသု တာဝ၊ သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသော၊အပါယဂမနီယာစ၊ကာမရာဂ၊ပဋိဃာတိ၊ဣမေပဉ္စဓမ္မာ၊ပထမဉာဏဝဇ္ဈာ သေသာ၊ ကာမရာဂပဋိဃာ၊ ဩဠာရိကာ၊ ဒုတိယဉာဏဝဇ္ဈာ သုခုမာ တတိယဉာဏဝဇ္ဈာ၊ ရူပရာဂါဒယော ပဉ္စပိ၊ စတုတ္ထဉာဏဝဇ္ဈာ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၇) ဇံ မူ။

(၁) သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ ၃-ပါး ရယ်အစ ါယ်သို့ကျကြောင်းသော ကာမရာဂ ပဋိဃ၊ ငင်းငါးပါး ကို သောတာပတ္တိမဂ်ဖြင့်သတ်ပါသည်။ (၂) ကြမ်းထမ်းတဲ့ကာမ ရာဂ ပဋိဃ ၂-ပါးကို သကဒါဂါမိမဂ်ဖြင့်သတ်ပါသည်။ (၃) သိမ်မွေ့နူးညံ့သော ကာမရာဂ ပဋိဃ ၂ ပါးကို အနာဂါမိမဂ် ဖြင့်သတ်ပါသည်၊ ရူပရာဂ၊ အရူပရာဂ၊ မာန၊ ဥဒ္ဓစ္စ၊ အဝိဇ္ဇာ၊ ငါးပါးတို့ကို အရဟတ္တမဂ်ဖြင့်သတ်ပါသည်။

(ဏ) မိစ္ဆာမဂ္ဂင် ၈-ပါး၊ ဆယ်ပါးကို
မဂ် ၄ ပါးဖြင့်သတ်ပုံ

မိစ္ဆတ္တာတိ၊ မိစ္ဆာပဝတ္တနတော၊ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပေါ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တော၊ မိစ္ဆာအာဇီဝေါ၊ မိစ္ဆာဝါယာမော မိစ္ဆာသတိ၊ မိစ္ဆာသမာဓိတိ၊ ဣမေအဋ္ဌဓမ္မာ၊ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာ ဉာဏေဟိဝါသဒ္ဓိံဒသ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၆။) ၉ မူ။ ။မိစ္ဆတ္တေသု၊ မိစ္ဆာဒိဋ္ဌိ၊ မုသာဝါဒေါ၊ မိစ္ဆာကမ္မန္တော မိစ္ဆာအာဇီဝေါတိ၊ ဣမေပဌမဉာဏဝဇ္ဈာ၊ မိစ္ဆာသင်္ကပ္ပေါ၊ ပိသုနဝါစာ၊ ဖရုသဝါစာတိ၊ ဣမေတတိယဉာဏဝဇ္ဈာ၊ စေတနာ ယေဝေစေတ္ထ၊ ဝါစာတိဝေဒိတဗ္ဗာ၊ သမ္ဖပ္ပလာပ၊ မိစ္ဆာဝါယာမ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဝိမုတ္တိ၊ မိစ္ဆာဉာဏနိ စတုတ္ထဉာဏ ဝဇ္ဈာနိ။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာနံပါတ်-၆၀၇) ၉ မူ။ ။မိစ္ဆာဒိဋ္ဌိ မုသာဝါဒ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ ငါးပါးကိုသောတာပတ္တိ မဂ်ဖြင့်ပယ်သတ်ပါသည်။ မိစ္ဆာသင်္ကပ္ပ၊ ပိသုနဝါစာ၊ ဖရုသဝါစာ ၃-ပါးကို အနာဂါမိမဂ်ဖြင့် သတ်ဖြတ်ပါသည်။ သမ္ဖပ္ပလာပ

မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ၊ မိစ္ဆာဝိမုတ္တိ မိစ္ဆာဉာဏ် ၆-ပါးကိုအရဟတ္တမဂ်ဖြင့်သတ်ပါသည်။

(တ) ပထမ မဂ်ဖြင့် သတ်ထာဝဟာ

အပါယဂမနိယသာတည်း

တတ္ထ၊ ယံယံ၊ ဥပရိဉာဏဝဇ္ဈောတိ ဝဏ္ဏာမ၊ သောသော၊ ဟုရိမ ဉာဏေဟိဟာတာ၊ အပါယဂါမိနိယာဒိ ဘာဝေဝ ဝဟုတ္တာ၊ ဥပရိ ဉာဏဝဇ္ဈော၊ ဟောတီတိ၊ ဝေဒိတဗ္ဗော။ (ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၆၀၇) ဇ မှု။

(ထ) ဘဝအသီ.သီးကို မဂ် ၄-ပါးကသတ်ပုံ

သောတာပတ္တိမဂ္ဂေါစတ္တာ၊ အပါယဘဝတော၊ ဝုဋ္ဌာတိ၊ သကဒါဂါမိမဂ္ဂေါ၊ သုဂတိကာမဘဝေ၊ ကဒေသတော၊ အနာဂါမိမဂ္ဂေါ၊ကာမဘဝတော၊ အရဟတ္တမဂ္ဂေါ၊ရူပါ ရူပဘဝတော သဗ္ဗဘဝေဟိပိဝုဋ္ဌာတိ၊ဝေါတိဝဒန္တိ။ (အဋ္ဌသာလိနီကထာနံပါတ် -၂၅၂။)ဇမှု။ ။သောတာပတ္တိမဂ်ဖြင့် အပါယ်ဘုံကို သတ်၏။ သကဒါဂါမိမဂ်ဖြင့် ကာမဘုံသို့ တကြိမ်လာရန်ရှိ၍၊ ကာမဘုံ တစိတ်ဒေသကိုသတ်၏။ အနာဂါမိမဂ်ဖြင့် ကာမဘုံကိုသတ်၏။ အရဟတ္တမဂ်ဖြင့် ရူပဘုံ အရူပဘုံကိုသတ်ပါသည်။

(ဒ) ရုပ်နာမ် ၂ ပါး အဆင့်ဆင့် နိရောဓဆိုက်အောင်

မဂ် ၄-ပါးကသတ်ပုံ

ဣမဿ၊ ဝနတ္ထာ ဝိဘာဝနတ္ထံ၊ အယံပါဠိ၊ သောတာပတ္တိမဂ္ဂဉာဏေန၊ အဘိသင်္ခါရ ဝိညာဏဿ၊ နိရောဓေန၊ သတ္တဘဝေ ဌပေတွာ၊ အနမတဂ္ဂေ၊ သံသာရဝဋ္ဋေ၊ ယေဥပ္ပဇ္ဇေယျုံ၊ နာမဉ္စ

ရူပဉ္စ၊ ဧတ္ထေတေ၊ နိရုဇ္ဈန္တိ၊ ဝူပသမန္တိ၊ အတ္ထံ ဂစ္ဆန္တိ၊ ပဋိပဿမ္ဘန္တိ
သကဒါဂါမိမဂ္ဂဉာဏေန၊ အဘိသင်္ခါရဝိညာဏဿ၊ နိရောဓေန
ဒွေ ဘဝေ ဌပေတွာ၊ ပဉ္စသု ဘဝေသု၊ ယေ ဥပ္ပဇ္ဇေယျုံ၊ နာမဉ္စ ရူပဉ္စ၊
ဧတ္ထေတေ နိရုဇ္ဈန္တိ၊ ဝူပသမန္တိ၊ အတ္ထံ ဂစ္ဆန္တိ။ ပဋိပဿမ္ဘန္တိ၊ အနာဂါ
မိမဂ္ဂဉာဏေန၊ အဘိသင်္ခါရဝိညာဏဿ နိရောဓေန၊ ဧကံ ဘဝံ၊ ဌပေ
တွာ၊ ကာမဓာတုယာ ဒွီသု ဘဝေသု ယေ ဥပ္ပဇ္ဇေယျုံ နာမဉ္စ ရူပဉ္စ
ဧတ္ထေတေ နိရုဇ္ဈန္တိ။ ဝူပသမန္တိ၊ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ၊ အရ
ဟတ္တမဂ္ဂဉာဏေန၊ အဘိသင်္ခါရဝိညာဏဿ၊ နိရောဓေန၊ ရူပဓာတု
ယာ ဝါ၊ အရူပဓာတုယာ ဝါ၊ ယေ ဥပ္ပဇ္ဇေယျုံ၊ နာမဉ္စ ရူပဉ္စ ဧတ္ထေ
တေ၊ နိရုဇ္ဈန္တိ၊ ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ အရဟတော
အနုပါဒိသေသာယ နိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယန္တဿ၊ စရိမဝိညာ
ဏဿ နိရောဓေန၊ ပညာ စ၊ သတိ စ နာမဉ္စ ရူပဉ္စ၊ ဧတ္ထေတေ နိရုဇ္ဈန္တိ
ဝူပသမန္တိ အတ္ထံ ဂစ္ဆန္တိ ပဋိပဿမ္ဘန္တိ အယံ တာဝ နိမိတ္တေ ဝိနိစ္ဆ
ယော။ (အဋ္ဌသာလိနီ အဋ္ဌကထာ နံပါတ်-၂၅၂)ဇံ မူ။  ။(၁)
သောတာပတ္တိ မဂ်ဉာဏ်ဖြင့် အဘိသင်္ခါရဝိညာဉ်၏ ချုပ်ခြင်း
ကြောင့်ခုနစ်ဘဝသာနေရမည်။ ရှစ်ဘဝက စ၍အနမတဂ္ဂသံသရာ
၌ဖြစ်သင့် ဖြစ်ထိုက်သောရုပ်လဲချုပ် နာမ်လဲချုပ် နိရောဓသစ္စာ
ဖြစ်ရသည်။ ရုပ်နာမ်ချုပ်နိဗ္ဗာန်ဟာဒါပါဘဲဟုအကြမ်းမှတ်ထား
ပါလေ(၂)သကဒါဂါမိမဂ်ဉာဏ်ဖြင့် အဘိသင်္ခါရဝိညာဉ်၏ချုပ်
ခြင်းကြောင့်။ နှစ်ဘဝကိုထား၍သုံးဘဝက စ၍အနမတဂ္ဂသံသရာ
၌ဖြစ်သင့်ဖြစ်ထိုက်သောရုပ်လဲချုပ်။ နာမ်လဲချုပ်၊ နိရောဓသစ္စာ
ဖြစ်ရသည်။ ရုပ်နာမ်ချုပ်ထာ နိဗ္ဗာန်ပါဘဲ။ (၃)အနာဂါမိမဂ်

ဉာဏ်ဖြင့် အဘိသင်္ခါရဝိညာဉ်၏ ချုပ်ခြင်းကြောင့်၊ တဘဝကို ထားၡ်နှစ်ဘဝကစ၍အနမတဂ္ဂ သံသရာ၌ဖြစ်သင့်ဖြစ်ထိုက်သော ရုပ်လဲချုပ် နာမ်လဲချုပ် နိရောဓသစ္စာဖြစ်ရသည်၊ ရုပ်နာမ်ချုပ် ထာနိဗ္ဗာန်ပါဘဲ၊ (၄) အရဟတ္တမဂ်ဉာဏ်ဖြင့် အဘိသင်္ခါရ ဝိညာဉ်၏ချုပ်ခြင်းကြောင့်၊ ရူပဓါတ်၌ရင်း၊ အရူပဓါတ်၌ရင်း ဖြစ်သင့်ဖြစ်ထိုက်ကုန်သော ရုပ်ကိုလဲချုပ် နာမ်တို့လဲချုပ်ရကုန် ၏၊ရုပ်နာမ်များချုပ်ထာ နိရောဓသစ္စာနိဗ္ဗာန်ပါဘဲ၊(၅)ရဟန္တာ ဖြစ်ပြီးတဲ့နောက်၌ အနုပါဒိသေသနိဗ္ဗာန ဓါတ်ဖြင့် ပရိနိဗ္ဗာန် ပြုသော ရဟန်းအားအဆုံးဖြစ်သောဝိညာဉ်၏ချုပ်ခြင်းကြောင့် သညာသတိ နာမ်ရုပ်အားလုံး ချုပ်တော့၏၊ ရုပ်နာမ်ချုပ်ထာ နိရောဓသစ္စာနိဗ္ဗာန်ပါဘဲ၊

## (ဓ) မဂ်တရားသည် အနုသယကိုပယ်၏ နိမိတ်မှထမြောက်၏

မဂ္ဂဿဟိကေမေဝကိစ္စံ အနုသယပ္ပဇဟနံ ဣတိ ယောအနုသယပဇဟန္တော နိမိတ္တာဝုဋ္ဌာတိုနာမ ပဝတ္တာဆိန္ဒတိနာမ နိမိတ္တန္တိ ရူပဝေဒနာသညာသင်္ခါရ ဝိညာဏနိမိတ္တံ ပဝတ္တန္တိ ရူပဝေဒနာ သညာ သင်္ခါရ ဝိညာဏပဝတ္တမေဝ၊ (အဋ္ဌသာလိနီ အဋ္ဌကထာ နံပါတ် ၂၅၀၊)ဇ မှု၊ ၊မဂ်တရားဆိုတာ အနုသယ ကိလေသာတို့ကို သတ်ဖြတ်ခြင်းကိစ္စတခုထဲပင် ရှိပါတယ်၊ အကြောင်း ရင်း သမုဒယဖြစ်တဲ့ အနုသယကိလေသာတို့ကို ပယ်လိုက်ထာနှင့် အကျိုးပါ ပြတ်ဓောက်၍သွားတယ်၊ အဲဒါကြောင့် နိမိတ်မှ ထသည်မည်တယ်၊အကြောင်းနိမိတ်ပြတ်သွားတော့ ရုပ်ဝေဒနာ

သညာ သင်္ခါရ ဝိညာဉ်ဆိုတဲ့ ခန္ဓာငါးပါး အကျိုးပါပြတ်၏။ မဂ်ဟာ ပဝတ္တမှုလဲထမြောက်၏။ မဂ်က အနုသယကိုသတ်တော့ အကြောင်းပြတ်၍ အကျိုးဖြစ်တဲ့ ရုပ်ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်လဲမဖြစ်တော့ ချုပ်ငြိမ်း၏။

## မဂ်ကိုရလျှင် ဒုက္ခအသွယ်သွယ် ချုပ်ငြိမ်းသွားပုံ

(၁၃၂၀၊ သီ၊ ဆန်း-၄၊ ဝေါမြို့၊ကမ္မဋ္ဌာန်းရိပ်သာ၌ရေးသည်။)

နကေဝလဉ္စေသမဂ္ဂေါ လောကုတ္တရော၊ အဘိဓမ္မာမေဝက ရော တိ၊ အပိစခေါအနုမတ္တသံသာရ ဝဋ္ဋဒုက္ခသမုဒ္ဒ သောသေတိ သဗ္ဗအပါယဒွါရာနိပိဒဟတိ သတ္တန္န အရိယဓနာနံ သမ္မုခီဘာဝံ ကရောတိ အဋ္ဌင်္ဂိကံ မိစ္ဆာမဂ္ဂံ ပဇဟတိ သဗ္ဗဝေရဘယာနိ ဝူပသမေတိ သမ္မာသမ္ဗုဒ္ဓဿ ဩရသပုတ္တဘာဝံ ဥပနေတိ အ ညေသဥ္စ အနေကသတာနံ အာနိသံသာနံ ပဋိလာဘာယ သံဝတ္တ တီတိ ဧဝံအနေကာနိသံသဒါယကေန သောတာပတ္တိမဂ္ဂေန သမ္ပယုတ္တံ ဉာဏံ သောတာပတ္တိမဂ္ဂေ ဉာဏန္တိ။ ။(ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နံပါတ်-၂၉၉) ဇမူ။ (အနက်ကား) ကေဝလဥ္စ သက်သက်သော်ကား။ သေ သောတ မဂ္ဂေါ ဤသောတာပတ္တိ မဂ်သည်။ လောကုတ္တရဒိန္နံ လောကအစု အစရှိသည်တို့၏။

နိဗ္ဗာနမေဝ ငြိမ်းဧ ချုပ်ပျောက်ခြင်း ကိုသာလျှင်၊ ကရောတိ
ပြုနိုင်သည်ကား။ န မဟုတ်သေးပါ။ အပိစခေါ် အမှန်ကေန်
စင်စစ်သော်ကား၊ အနမတဂ္ဂကာတ သံသာရဝဋ္ဋဒုက္ခသမုဒ္ဒ အစ
မထင်ခဲ့သော သံသရာ၌၊ သမုဒ္ဒရာမကသော ဝဋ္ဋဒုက္ခကို၊
သောသေတိ ခမ်းခြောက် စေတော့၏။ သဗ္ဗအပါယဒွါရာနိ
အလုံးစုံသော အပါယ်တံခါးများကိုလည်း၊ ပိဓေတိ ပိတ်သွား
စေနိုင်တော့၏။ သတ္တန္နံ ခုနှစ်ပါးကုန်သော၊ အရိယဓနာနံ
အရိယာများ၏ ဥစ္စာဖြစ်ကုန်သော။ သဒ္ဓါသီလ သုတ စာဂ
ဟိရိ ဩတ္တပ္ပ ပညာဆိုတဲ့၊ တကဲ့ရမတ္တ ဥစ္စာ ၇-ပါးတို့၏လည်း။
သမုခီဘာဝ်၊ မျက်မှောက်ပြုရခြင်းအမှုကို၊ ကရေတိ၊ ပြု၍နေတော့
၏၊ အဋ္ဌင်္ဂိကံ၊ အင်္ဂါရှစ်ပါးရှိသော၊ မိစ္ဆာမဂ္ဂံ၊ မိစ္ဆာမဂ္ဂင်ကို၊
(ဝါ)မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ
မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိ မဂ္ဂင်မှားကိုလည်း၊
ပဇဟတိ၊ ပယ်စွန့်နိုင်တော့၏၊ သဗ္ဗဝေရဘယာနိ၊ အလုံးစုံသော
ရန်ဘေးတို့ကိုလည်း။(ဝါ)ပါဏာတိပါတ၊ အဒိန္နာဒါန၊ ကာမေ
သုမိစ္ဆာစာရ၊ မုသာဝါဒ၊ သုရာမေရယမဇ္ဇပ္ပမာဒဋ္ဌာန၊ ဆိုတဲ့ ရန်
ဘေးကြီးငါးပါးကိုလည်း၊ ဝူပသမတိ၊ ငြိမ်းစေ၏၊ သမ္မာ
သမ္ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏၊ ဩရသပုတ္တဘာဝံ၊ ရင်ခွင်ဘော်နှစ်
သားဘော်၏အဖြစ်သို့လည်း။ ဥပနေတိ။ ပို့ဆောင် ရောက်စေ
ဘော့၏။ အညေသဥ္စ၊ ပြောခဲ့ပြီးသည်မှ တပါးလည်း ဖြစ်ကုန်
သော၊ အနေကသဘာနံ၊ တရာထက်ပိုလွန်ကုန်သော၊ အာနိသံ
သာနံ၊ အကျိုးထက်တို့ကို၊ လာဘာယ၊ တသံသရာလုံး ရရှိစေ

ခြင်းငှါ။ သံဝတ္တတိ၊ ဖြစ်စေတော့၏။ ငေါ၊ ဤပြဆိုခဲ့ပြီးသည့် အတိုင်း၊ အနေကာနိသံသဒါယကေန၊ များစွာသော အကျိုးအာနိသင်ကိုပေးတတ်သော။သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်နှင့်။ သမ္ပယုတ္တ ၊ယှဉ်သော။ဉာဏံ၊ဉာဏ်ကို။သောတာပတ္တိမဂ္ဂဉာဏန္တိ၊ သောတာပတ္တိမဂ်ဉာဏ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါသတည်း။

သောတာပတ္တိမဂ်ဉာဏ်ဆိုတာ (၁) လောဘအစု၊ ဒေါသအစု၊ မောဟအစုကို ငြိမ်းစေခြင်း။(၂)သမုဒ္ဒရာမျှသောက်သောအနမတဂ္ဂသံသရာဝဋ်ဒုက္ခကို ခမ်းခြောက်စေခြင်း။ (၃)အပါယ်တံခါးအားလုံးကိုပိတ်ထား စေခြင်း။ (၄)သဒ္ဓါသီလ သုတစာဂဟိရိဩတ္တပ္ပ ပညာဆိုတဲ့ အရိယာဥစ္စာနှင့် နေစေခြင်း။ (၅) မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာသင်္ကပ္ပ၊ မိစ္ဆာဝါစာ၊ မိစ္ဆာကမ္မန္တ၊ မိစ္ဆာအာဇီဝ၊ မိစ္ဆာဝါယမ၊ မိစ္ဆာသတိ၊ မိစ္ဆာသမာဓိဆိုတဲ့ မိစ္ဆာမဂ္ဂင်ကိုပယ်သတ်ခြင်း။(၆)ငါးပါးသီလအမြဲတမ်းတည်ခြင်း။ (၇)ဘုရား၏ရင်နှစ်သားတော်အဖြစ်၌ထားရှိခြင်း။ (၈) ထိုမှတပါးသောအရာမကသောအာနိသင်အကျိုးကိုရစေခြင်း။ပြခဲ့သောအတိုင်း အကျိုးပေးများစွာသောအစွမ်းရှိသောသောတာပတ္တိမဂ်နှင့်တွဲယှဉ်၍နေသောဉာဏ်ကို သောတာပတ္တိမဂ်ဟူ၍ ခေါ်ဆိုကြပါသည်။ အဲဒါသောတာပတ္တိမဂ်ကို ရခြင်း၏အကျိုးပေးပုံ ပါဘဲဗျား။

## ကိုယ်တွေ့မဂ္ဂင် ၈-ပါးပေါ်လာပုံ

သတိထားတော့၊ သမာဓိတည်ပါသည်။ သမာဓိရရှိတော့

ပေါ်၍သိလာပါသည်။ (၁)တောကိုသိတာက သမ္မာဒိဋ္ဌိဉာဏ်ပါဘဲ။ (၂)တောကရုပ်၊ သိတာကနာမ်ဟုသိခြင်း ကြံစီခြင်းကတော့ သမ္မာသင်္ကပ္ပပါဘဲ။ (၃)တောကိုသိသိနေတော့၊ ဝစီကံ ၄-ပါးလုံဘယ်။ သမ္မာဝါစာပါဘဲ။ (၄)တောကိုသိသိနေတော့ ကာယကံ၃ ပါးလုံတယ်၊ သမ္မာကမ္မန္တပါဘဲ။ (၅)တောကိုသိသိနေတော့ သမ္မာအာဇီဝလုံခြုံတယ်။ သမ္မာအာဇီဝပါဘဲ။ (၆)တောကိုသိနဲ့ဘဲအားထုတ်နေတယ် သမ္မာဝါယမပါဘဲ၊ (၇)ပေါ်သိနှင့်နေတာကို သတိထားတယ် သမ္မာသတိပါဘဲ။ (၈) တောပေါ်သိသိနေတော့ တအာရုံထဲ၌ စိတ်တည်ကြည်နေတယ်။ သမ္မာသမာဓိပါဘဲ။ အဲဒါခန္ဓာမှ မဂ္ဂင် ၈-ပါးပေါ်လာပုံတည်း။

ဂင်းမဂ္ဂင် ၈-ပါး၌ ဝိဇ္ဇာစရဏပါလာပုံမှာ--။

| | |
|---|---|
| သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပ ၂ | ဝါစာကမ္မံ၊ အာဇီ၊ ဝါယမ |
| မဂ္ဂင်ဝိဇ္ဇာ ၂-ပါး | သတိ၊ သမာဓိ ၆-ပါး |
| | မဂ္ဂင်စရဏ ၆-ပါး။ |

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ ၂-ပါးကမဂ္ဂင်ဝိဇ္ဇာပါဘဲ။ကျန်သော သမ္မာဝါစာ၊သမ္မာကမ္မန္တ သမ္မာအာဇီဝ၊သမ္မာဝါယမ၊သမ္မာသတိ သမ္မာသမာဓိ ၆-ပါးကတော့ မဂ္ဂင်စရဏပါဘဲ။ [သာဓကကား သောခေါ်ပနေသမဂ္ဂေါ၊ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပါနံ၊ ဝိဇ္ဇာယ၊ သေသာနံ စရဏေန၊ သင်္ဂဟိတတ္တာ၊ ဝိဇ္ဇာစေဝ၊ စရဏဉ္စ။] ဝိဘင်းအဋ္ဌကထာ၊စာမျက်နှာ-၁၀၅ ဇမ္ဗူ။

## ၎င်းမဂ္ဂင် ၈-ပါး၌ ဝိပဿနာနှင့်သမထပါဝင်ပုံ

| | |
|---|---|
| သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပ ၂-ပါး | ဝါစာ၊ကံမ်၊အာဇီဝ၊ဝါယ |
| မဂ္ဂင်ဝိပဿနာ ၂-ပါး | သတိ၊ သမာဓိ ၆-ပါး |
| | မဂ္ဂင် သမထ ၆-ပါး |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၂-ပါးက မဂ္ဂင်ဝိပဿနာပါတဲ့၊ ကျန်သောသမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊သမ္မာသမာဓိ ၆-ပါးက မဂ္ဂင်သမထပါတဲ့၊ [သာဓကကား X တထာဝေသံဒွိန္နံ ဝိပဿနာယာနေန ဣတရေသံ၊ သမထယာနေန၊ သင်္ဂဟိတတ္တာ။ သမထောစဝိပဿနာစ။] ဝိဘင်းအဋ္ဌကထာ စာမျက်နှာ-၁၀၅၊ ၆မူ။

၎င်းမဂ္ဂင်၈-ပါး၌ပညာက္ခန္ဓ၊သီလက္ခန္ဓ၊သမာဓိက္ခန္ဓပါလာပုံ။
မဂ္ဂင်၈-ပါး၌ သီလ သမာဓိ ပညာ၊ သိက္ခာ ၃-ပါးတွဲပါပုံ။

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ<br>သင်္ကပ္ပ | ဝါစာ၊ကမ္မ၊အာဇီ | ဝါယ၊သတိ၊သမာဓိ |
| အဓိပညာသိက္ခာ-၂<br>မဂ္ဂင် | အဓိသီလသိက္ခာ-၃<br>မဂ္ဂင် | အဓိစိတ္တသိက္ခာ-၃<br>မဂ္ဂင် |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ ၂-ပါးက၊ အဓိပညာ သိက္ခာတဲ့၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ ၃-ပါးက အဓိသီလသိက္ခာတဲ့၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ၃-ပါးက အဓိစိတ္တသိက္ခာတဲ့။ [သာဓကကား X တေသံဝါဒွိန္နံ ပညာက္ခန္ဓေန

တဒနုဿရာနံ၊ တိဏ္ဏံ၊ သီလက္ခန္ဓေန၊ အဝသေသာနံ၊ သမာဓိက္ခန္ဓေန အဓိပညာ၊ အဓိသီလ၊ အဓိစိတ္တသိက္ခာသိ၊ သင်္ဂဟိတတ္တာ၊ ခန္ဓတ္တယဋ္ဌေဝ၊ သိက္ခတ္တယဋ္ဌ၊ ဟောတိ။] ဝိဘင်းအဋ္ဌကထာ စာမျက်နှာ ၁၀၅-၆မှ။

## ၎င်းမဂ္ဂင် ၈-ပါး၌ အဓိသီလ အဓိစိတ္တ အဓိပညာ သာသနာပါပုံ

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ သင်္ကပ္ပ-၂ | ဝါစာ ကမ္မံ၊ အာဇီဝ-၃ | ဝါယာ သတိ၊ သမာဓိ-၃ |
| အဓိပညာသာသနာ | အဓိသီလသာသနာ | အဓိစိတ္တသာသနာ |
| မဂ္ဂင် | မဂ္ဂင် | မဂ္ဂင် |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမဂ္ဂင် ၂-ပါးက အဓိပညာသာသနာ ပါတဲ့။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မဂ္ဂင် ၃-ပါးက အဓိသီလသာသနာပါတဲ့။ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင် ၃ ပါးက အဓိစိတ္တသာသနာပါတဲ့။ [သာဓကကားXတေ သံဝါဒိန္နံ၊ ပညာက္ခန္ဓေန၊ တဒနုဿရာနံတိဏ္ဏံ၊ သီလက္ခန္ဓေန၊ အဝသေသာနံ၊ သမာဓိက္ခန္ဓေန၊ အဓိပညာ၊ အဓိသီလ၊ အဓိစိတ္တ သာသာဓနေဟိစ၊ သင်္ဂဟိတတ္တာ၊ ခန္ဓတ္တယဋ္ဌေဝ၊ သာသနတ္တယဋ္ဌ ဟောတိ။] ဝိဘင်းအဋ္ဌကထာ စာမျက်နှာ ၁၀၅-၆မှ။

## ၎င်းမဂ္ဂင် ၈-ပါး၌ မျက်စိ ၂-လုံး ခြေထောက် ၆-မျိုးပါဝင်ပုံ

| | |
|---|---|
| သမ္မာဒိဋ္ဌိသင်္ကပ္ပ-၂ | ဝါစာ၊ ကမ္မ၊ အာဇီဝ၊ ဝါယာ၊ သတိ၊ သမာဓိ-၆ |
| မျက်စိ ၂-လုံးပါပုံ | ခြေထောက်-၆ ချောင်းပါဝင်ပုံ။ |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပမဂ္ဂင် ၂-ပါးက အရိယာလမ်းမ၌သွား

စဉ် မျက်စိပါလာပုံ အမှန်မြင်ပုံတည်း။ ကျန်သော သမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိမဂ္ဂင် ၆-ပါးက အရိယာမဂ်လမ်း၌ သွားနေစဉ်ဝယ် ခြေထောက် ၆-မျိုးပါရှိလာပုံတည်း။ [သာဓကကား× ယေန သမ္မာဒဿနေန၊ အရိယာသာဝကော ဒဿနသမ္ပန္နောတိ၊ စက္ခုမာတိ ဂမ္ဘီရသမ္ပန္နောတိ၊ ပါဒေတိ၊ သမ္မာဂတော၊ အဒ္ဓိဂတော၊ ဝိဇ္ဇာစရဏသမ္ပန္နောတိ ဝုတ္တော။] ဝိဘင်းအဋ္ဌကထာ စာမျက်နှာ ၁၀၅-ဇမ္ဗူ။

## ရှင်းမဂ္ဂင် ၈-ပါး၌ အယုတ် ၂-ပါးကို ဝိ၊ ထ ဖြင့်သတ်ပုံ

| | |
|---|---|
| သမ္မာဒိဋ္ဌိသင်္ကပ္ပ-၂ | ဝါစာ၊ကမ္မ၊အာဇီ၊ဝါယာ၊သတိ၊သမာဓိ-၆ |
| ဝိပဿနာယာဉ်-၂ | သမထယာဉ် ၆-ပါးဖြင့် |
| ကာမသုခလ္လိကာ | အတ္တကိလမထာနုယောဂ |
| နုယောဂအယုတ်သေ | အယုတ်သေ။ |

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊မဂ္ဂင်၊ ဝိပဿနာယာဉ်ဖြင့်ကာမသုခလ္လိကာနုယောဂ၊အယုတ်တရားသေရ၏။ကျန်သောသမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာ သမာဓိ၊ မဂ္ဂင် ၆-ပါး သမထယာဉ်ဖြင့်။ အတ္တကိလမထာနု ယောဂ၊ အယုတ်တရား သေကြရသည်။ [သာဓကကား× ဝိပဿနာယာနေန၊ ကာမသုခလ္လိကာနုယောဂံ၊ သမထယာနေန

အတ္တကိလမထာ နုယောဂန္တိ၊ အနန္တဒ္ဒယံပရိဝဇ္ဇေတွာ၊ ဇတ္တိမပဋိပဒံ ပဋိပန္နော။] ဝိဘင်းအဋ္ဌကထာ စာမျက်နှာ ၁၀၅-ဇံမူ၊

## ရှင်းမဂ္ဂင် ၈-ပါးဖြင့်လောဘစု၊ ဒေါသစု၊ မောဟစုသတ်ပုံ

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပ-၂ | ဝါစာ၊ ကမ္မံ၊ အာဇီဝ ၃ | ဝါယာ၊ သတိ၊ သမာ ၃ |
| အဓိပညာ | အဓိသီလ | အဓိစိတ္တ |
| မောဟအစုသေ၏ | ဒေါသအစုသေ၏ | လောဘအစုသေ၏။ |

သမ္မာဒိဋ္ဌိ၊ သမာသင်္ကပ္ပ၊ အဓိပညာမဂ္ဂင် ၂-ပါးကြောင့် မောဟအစုသေရသည်။ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မဂ္ဂင်အဓိသီလကြောင့်။ ဒေါသအစုသေရသည်။ သမ္မာဝါယမ သမ္မာသတိ၊ သမ္မာသမာဓိမဂ္ဂင်အဓိစိတ္တ ၃-ပါးကြောင့်၊ လောဘ အစုသေရသည်။ [သာဓကကား× ပညာက္ခန္ဓေန မောဟက္ခန္ဓံ၊ သီလက္ခန္ဓေန၊ ဒေါသက္ခန္ဓံ၊ သမာဓိက္ခန္ဓေန၊ လောဘက္ခန္ဓံ၊ ပဒါလေန္တော။] ပိဘင်းအဋ္ဌကထာ နံပါတ်-၁၀၅ ဇံမူ။

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ၊ သင်္ကပ္ပ ၂ | ဝါစာ၊ ကမ္မံ၊ အာဇီဝ ၃ | ဝါယာ၊ သတိ၊ သမာ ၃ |
| အဓိပညာ | အဓိသီလ | အဓိစိတ္တ |
| ပညာပြည့်စုံ၏ | သီလပြည့်စုံ၏ | သမာဓိပြည့်စုံ၏။ |

အဓိသီလ ပညာသိက္ခာဖြင့် ပညာပြည့်စုံသည်။ အဓိသီလ သိက္ခာဖြင့် သီလပြည့်စုံသည်။ အဓိစိတ္တသိက္ခာဖြင့် သမာဓိပြည့် စုံသည်။ [သာဓကကား× အဓိပညာသိက္ခာယ၊ ပညာသမ္ပဒံ အဓိသီလသိက္ခာယ၊ သီလသမ္ပဒံ၊ အဓိစိတ္တသိက္ခာယ၊ သမာဓိ

သမ္မဒန္တိ တိုဿော သမ္ပတ္တိယောပတ္တာ။] ဝိဘင်းအဋ္ဌကထာ နံပါတ်၁၀၅-ဇံမူ။

## ၎င်းမဂ္ဂင် ၈-ပါးရတော့ ရှစ်ပုံစံအရကောင်းခြင်း ၃-ပါးစုံ၍နိဗ္ဗာန်မြင်ပုံ

| | | |
|---|---|---|
| သမ္မာဒိဋ္ဌိ | ဝါစာ၊ကမ္မံ | |
| သင်္ကပ္ပ ၂ | အာဇီ ၃ | ဝါယာ၊သတိ၊သမာ ၃ |
| အဓိပညာ ၂ | အဓိသီလ | အဓိစိတ္တ ၃ |
| ပရိယောသာ | အာဒိ | |
| နကလျာဏ | ကလျာဏ | မဇ္ဈေကလျာဏ |

အဓိသီလဖြင့် အာဒိကလျာဏယူပါ။ အဓိစိတ္တဖြင့် မဇ္ဈေကလျာဏယူပါ။ အဓိပညာဖြင့် ပရိယောသန ကလျာဏယူပါ။ ကောင်းခြင်း ၃-ပါးရပါ၏။ [သာဓကကား×ယမတံ၊ နိဗ္ဗာနံ သစ္ဆိကရောတိ၊ အာဒိ၊ မဇ္ဈ၊ ပရိယောသာနကလျာဏံ။] ဝိဘင်း အဋ္ဌကထာ နံပါတ်-၁၀၅ ဇံမူ။

## ၎င်းမဂ္ဂင် ၈-ပါး၌ ဗောဓိပက္ခိယ ၃၇-ပါးပါလာပုံ

| သမ္မာဒိဋ္ဌိ | သင်္ကပ္ပ | ဝါစာ | ကမ္မန္တ | အာဇီဝ | ဝါယာမ | သတိ | သမာဓိ |
|---|---|---|---|---|---|---|---|
| ၅-မျိုး | ၁ | ၁ | ၁ | ၁ | ၉ | ၈ | ၄ |

[သာဓကကား× သတ္တတိံ သမ္ဗောဓိပက္ခိယာ၊ မဂ္ဂရတနံ၊ ဝိစိတ္တံ ၊ သမ္ပတ္တနိယာမ၊ သင်္ခါတံ၊ အရိယစတုမဂ္ဂ၊ ဩက္ကန္တေဝ၊ ဟောတီတိ] ဝိဘင်းအဋ္ဌကထာ နံပါတ် ၁၀၅။ ဇံမူ။

သမ္မာဒိဋ္ဌိ၊ ဝီမံသိဒ္ဓိပါဒ်၊ ပညာဗိုလ်၊ ပညိန္ဒြေ၊ ဓမ္မဝိစယ သမ္မာဒိဋ္ဌိ၌ ၅-မျိုးရ၏။ သမ္မာသင်္ကပ္ပ၌ ဝိတက်တခုသာ။ သမ္မာဝါစာ၌ သမ္မာဝါစာတခုသာ။ သမ္မာကမ္မန္တ၌ သမ္မာကမ္မန္တတခုသာ။ သမ္မာအာဇီဝ၌ သမ္မာအာဇီဝတခုသာ။ သမ္မာဝါယာမ၌ သမ္မာဝါယာမတခု၊ သမ္မပ္ပဓာန် ၄-ခု၊ ဝီရိယိဒ္ဓိပါဒ်တခု။ ဝီရိယဗိုလ်တခု၊ ဝီရိယိန္ဒြေတခု၊ ဝီရိယသမ္ဗောဇ္ဈင်တခုအားဖြင့် ၈-မျိုး ရသည်၊ သမ္မာသတိ၌ သမ္မာသတိတခု၊ သတိပဋ္ဌာန် ၄-ခု၊ သတိဗိုလ်တခု၊ သတိန္ဒြေတခု။ သတိသမ္ဗောဇ္ဈင် တခုအားဖြင့် ရှစ်မျိုး ရသည်။ သမ္မာသမာဓိ၌ သမာဓိတခု၊ သမာဓိဗိုလ်၊ သမ္မာ သမာဓိန္ဒြေ၊ သမာဓိ သမ္ဗောဇ္ဈင်အားဖြင့် ၄-မျိုး ရပါသည်။

## မဂ္ဂင် ၈-ပါး၌အစုံအလင်ပါဝင်နေပုံ

ဝိဇ္ဇာစရဏပါ၊သမထဝိပဿနာပါ၊အဓိပညာပါ၊ဗောဓိပက္ခိယပါပုံ
၁။ ၂။ ၃။ ၄

ဧသေဝလောကုတ္တရော၊ အရိယော၊ အဋ္ဌင်္ဂိကော၊ မဂ္ဂေါယော သဟ၊ လောကိယေန၊ မဂ္ဂေန၊ ဒုက္ခနိရောဓဂါမိနိ၊ ပဋိပဒါတိ သင်္ချံ ဂတော၊ သောခေါပနေသ၊ မဂ္ဂေါ၊ သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပါနံ၊ ဝိဇ္ဇာယ၊ သေသသမ္မာနံ၊ စရဏေန၊ သင်္ဂဟိတတ္တာ၊ ဝိဇ္ဇာစေဝစရဏဉ္စ၊ တထာတေသံဒွိန္နံ၊ ဝိပဿနာယာနေန၊ ဣတရေသံ၊ သမထယာနေန၊ သင်္ဂဟိတတ္တာ၊ သမထောစ၊ ဝိပဿနာစ၊

တေသံဝါဒ္ဒိန္နံ၊ ပညက္ခန္ဓေန၊ တဒနန္တရာနံ၊ တိဏ္ဏံ၊ သီလက္ခန္ဓေန၊ အဝသေသာနံ၊ သမာဓိက္ခန္ဓေန၊ အဓိပညာ၊ အဓိသီလ၊ အဓိသိက္ခာ စိတ္တသိက္ခာဟိစ၊ သင်္ဂဟိတတ္တာ၊ ခန္ဓတ္တယဉ္စ၊ သိက္ခတ္တယဥ္စ၊ ဟောတိ၊ ယေနသမ္ဗန္ဓာဂတော၊ အရိယသာဝကော၊ ဒဿနသမတ္တေဟိ၊ စက္ခုံဟိဂမန သမတ္တေဟိစ၊ ပါဒေဟိ၊ သမ္ဗန္ဓာဂတော၊ အဒ္ဒိကောဂိယ၊ ဝိဇ္ဇာစရဏ သမ္ပန္နောဟုတွာ၊ ဝိပဿနာယာနေန၊ ကာမသုခလ္လိကာ နုယောဂံ၊ သမထယာနေန အတ္တကိလမထ နုယောဂ်တ္တိ၊ အန္တဒ္ဒယံ၊ ပရိဝဇ္ဇေတွာ၊ မဇ္ဈိမပဋိပဒံ၊ ပဋိပန္နော၊ ပညက္ခန္ဓေန၊ မောဟက္ခန္ဓံ၊ သီလက္ခန္ဓေန၊ ဒေါသက္ခန္ဓံ၊ သမာဓိက္ခန္ဓေန၊ လောဘက္ခန္ဓံ၊ ပဒါလေန္တော။ အဓိပညာသိက္ခာယ၊ ပညာသမ္ပဒံ၊ အဓိသီလသိက္ခာယ၊ သီလသမ္ပဒံ၊ အဓိစိတ္တသိက္ခာယ၊ သမာဓိသမ္ပဒန္တိ၊ တိဿော သမ္ပတ္တိယော၊ ပတွာ၊ အမတံနိဗ္ဗာနံ၊ သစ္ဆိကရောတိ၊ အာဒိမဇ္ဈ ပရိယောသနကလျာဏံ သတ္တတိံသ၊ ဗောဓိပက္ခိယ၊ ဓမ္မရတနပဝိစိတ္တံ။ သမတ္တနိယာမသင်္ခါတံ။ အရိယဘူမိံ။ ဩက္ကန္တော။ ဟောတိတိ။ ။ဝိဘင်းအဋ္ဌကထာ နံပါတ် ၁၀၅။ ၉ မူ။ မဂ္ဂင် ၈-ပါး၌ပါဝင်တာ (၁) ဝိဇ္ဇာစရဏ။ (၂) ဝိပဿနာသမထ။ (၃) အဓိပညာ။ အဓိသီလ။ အဓိစိတ္တသိက္ခာ။ (၄) ရင်းသာသနာ ၃-ရပ်။ (၅) မျက်စိ ခြေထောက်။ (၆) အယုတ် ၂-ပါး ပယ်ပုံ။ (၇) မီးစု ၃-ပါးသေရ။ (၈) ၃-ပါး ပြည့်စုံရ။ (၉) ကောင်းခြင်း ၃-ဖြာရ။ (၁၀) ဗောဓိပက္ခိယ ၃၇-ပါးဝါ အခံရပုံ။ ပါဠိတပုဒ်ထဲနှင့်အကုန်ရပုံတည်း။